
www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

## ရွှန်းရမိမိုး ထွက်ပြီးစာအုပ်များ

၁။ လကဗျာအရောင်ရင့်ပါမှ
၂။ ကွန်းခိုရာမဲ့
၃။ မေတ္တာလှည့်ခန်း
၄။ ယုန်ကလေးနဲ့ ဒိုင်ယာရီ
၅။ ခမ္မးစားသမီးပုံပြင်
၆။ သံယောဇဉ်ဦး......ဆူး
၇။ အချစ်၏ ရိုက်ခတ်မှုအချိန်၏ ပဲ့တင်သံ
၈။ အငိုဆုံး...... ရွှဲ
၉။ လေးပင်လိမ်
၁၀။ အချစ်စစ်တို့၏ ဝိညာဉ်ကကြိုး
၁၁။ မေတ္တာရေတိမ်နစ်မှာစိုး
၁၂။ ဆက်ထုံးပြေသောနေ့
၁၃။ အသည်းကွဲခရီးသည်
၁၄။ ရင်စည်းရိုးနှင့် အချစ်လေပြည်
၁၅။ အက်ဆစ်အတ္တ
၁၆။ ရင်ပျိုးမြစ်
၁၇။ ကြည်နူးခြင်းလက်ဆောင်
၁၈။ သစ္စာတော်ဩဘွဲ့ညို
၁၉။ လ အချိုး ကြယ်
၂၀။ ချယ်ရီရောင်သတို့သမီး ဆာကူရာချစ်သူ
၂၁။ ပစ္စုပ္ပန်၏ နောက်ကွယ်
၂၂။ ကာရံလွဲဗျူဟာမှသည် အချစ်လမ်းလွှဲဆီသို့
၂၃။ ဆူးလှေကား
၂၄။ ဘဝအထာနှင့် နှလုံးသားကဗျာ
၂၅။ သံယောဇဉ်ကို ဖွင့်မပြရက်ခဲ့ပါ
၂၆။ ရင်ကွဲမိုး
၂၇။ မယောင်းတိုင်
၂၈။ မညီမျှခြင်း၏ တစ်ဖက်စီမှာ
၂၉။ အမိပွယ်မဲ့ မျှော်လင့်ချက်
၃၀။ သံယောဇဉ်မြေမ်း (ပုလဲရတုအထိမ်းအမှတ်)
၃၁။ ကြယ်ကြွေခြင်းနဲ့ လမင်းလက်ဘ်
၃၂။ မူပိုင်နှလုံးသား
၃၃။ သက်တံရောင်ခြယ် နှလုံးသားစုတ်ချက်များ
၃၄။ အချစ်ဖြင့် ပြီးပြည့်စုံသော
၃၅။ အတူတူမသက်ဆိုင်ခဲ့ရင်
၃၆။ နားလည်းကြေး
၃၇။ မြားနတ်မောင်၏ နှစ်ဆယ့်တစ်ရာစုလက်နက်
၃၈။ ဏ္ဍာနြေကို တောင်ပံခတ်မိတဲ့အခါ
၃၉။ ရာဇဝင်မလှတဲ့ကဗျာ
၄၀။ နှလုံးသား ကံစမ်းမဲ
၄၁။ ချစ်သူသူရဲကောင်း
၄၂။ မချစ်ဘဲ လက်ထပ်ရဲတယ်
၄၃။ လူပျိုကြီးရဲ့ဖူးစာ
၄၄။ အစွန်းရောက်ပန်းပုများ
၄၅။ အချစ်၏ ခြေရင်းဝပ်စင်းရသောအမုန်း
၄၆။ ရပ်ကွက်ထဲက မင်္ဂလာပွဲ (လပ်ကီးဆဲဗင်းဗီဒီယိုမှ ဝယ်ယူပြီ)
၄၇။ သန်းခေါင်ယံတိုင်း တစ်ရေးနိုးတတ်ခဲ့တယ်
၄၈။ နှလုံးသားကို ဆင်ဆာမဖြတ်ပါနဲ့
၄၉။ အချစ်က ခါးသည်
၅၀။ မန္တရတုဒ္ဒိဟ
၅၁။ အသည်းတစ်ခြမ်းမှာ မိုးရွာနေတယ်
၅၂။ ချစ်တယ်ဆိုရင် မျက်စိမှိတ်
၅၃။ အချစ်ရပ်ဝန်းနှင့် မကင်းသူများ

<u>ယခုလ</u>

၅၄။ တော်ဝင်ယောက်ျား

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

"ဘာ ... ဘာပြောတယ်"

"ဖြည်းဖြည်းအော် ... အဲ ဖြည်းဖြည်းပြောပါ အေးစိန်မရယ်"

"မဖြည်းနိုင်ဘူး၊ ကျုပ်က ဈေးထဲ ကုန်စိမ်းရောင်းနေတာ။ ဒီလောက်တော့ ရှိမှာပဲ။ နေစမ်းပါဦး။ ရှင်က ကျုပ်ကိုလည်း ချစ်ပါတယ် ကြိုက်ပါတယ် ကညော့တယ်။ ဘဲဥသည် ကုလားမကိုလည်း ချစ်သေး။ အသုပ်ရောင်းတဲ့ ပုချိုကိုလည်း ငုံထားချင်သတဲ့ ... ဟုတ်လား။ ဗွီ ... ရွံစရာကောင်းလိုက်တာ။ ဒါ ဘာအမျိုးလဲဟင်၊ ဘာအမျိုးလဲ။ လူကြည့်တော့ ဆိုက်ကားနင်းရလွန်းလို့ ခါးချိုနေပြီ။ ရည်းစားသုံးယောက်ထားပြီး အမြွတ်ထုတ်ချင်သေးတယ်ပေါ့ ... ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး အေးစိန်မရယ်။ ဘုရားစူးရပါစေရဲ့။ ငါ ရည်းစားသုံးယောက် မထားချင်ပါဘူးဟာ"

"ဘာ ... လာပြန်ပြီလား၊ ဒီလောက် လက်ပူးလက်ကြပ် မိထားတာ ရှင် ဘာငြင်းချင်သေးလဲ။ ပုချိုရော ကုလားမ ကိုပါ ကျုပ်မေးပြီးပြီ။ ရန်တောင် ဖြစ်ခဲ့ရသေးတယ်။ သူ တို့က ရှင်နဲ့ သူတို့ ကြိုက်နေတာကို ဝန်ခံလိုက်တယ်။ ရှင် ဘာငြင်းချင်သေးလဲ"

"မငြင်းချင်ပါဘူး။ ငါ သူတို့နဲ့ ကြိုက်နေတာ ဟုတ်တယ်"

"ဘာ"

"နေပါဦး အေးစိန်မရယ်၊ ငါ ရှင်းပြတာ ဆုံးအောင်နား ထောင်။ ပြီးမှ နင်ကြိုက်သလို ဆုံးဖြတ်"

"အေးပါ ... ပြောစမ်းပါ။ ပြောပါ ... နားထောင်ကြည့်ရ သေးတာပေါ့။ ရှင် ဘာပြောမလဲ ... ပြောစမ်း၊ ပြောပြီးရင် တော့ ရှင့်အသက် 'ဖက်နဲ့သာ လုံလုံထုပ်ထား ... ဟင်း"





"ဒီလိုပါဟာ၊ ငါ ... ငါက ... ငါ့လို ဆိုက်ကား သမားမျက်နှာ မွဲကို နင်တို့တွေ ပြန်မကြိုက်မှာစိုးလို့ တစ်ယောက်မဟုတ် တစ်ယောက်တော့ ရကောင်းရဲ့ဆိုပြီး လိုက်တာ၊ ဖြစ်ချင် တော့ နင်တို့သုံးယောက်က တစ်ပြိုင်တည်း အဖြေပြန်ပေး တော့ ငါလည်း ဘာလုပ်ရမှန်း မသိတာနဲ့ သုံးယောက်လုံး နဲ့ တွဲဖြစ်သွားတာပါဟာ"

"ဩော် ... ဘာလုပ်ရမှန်းတောင် မသိဘူး ဖြစ်သွားတယ် ပေါ့ ... ဟုတ်လား"

"အေး ... ဒါတောင် ငါလိုက်တာ ငါးယောက်၊ နှစ်ယောက် က ပြန်မကြိုက်လို့ တော်သေးတယ်"

"အမယ်လေး ... ကြားလို့မှ ကောင်းသေးရဲ့လား အရပ် ကတို့ရေ၊ ဆိုက်ကားသမား ကွက်ကြီးကိုမှ ကျုပ်တို့သုံး ယောက်က ဝိုင်းကြိုက်နေမိတာတော့။ ဒီမှာ ကွက်ကြီး၊ ငါ နင့်ခေါင်းမွေးကုန်အောင် မနုတ်ရသရွေ့ မကျေနပ်ဘူး၊ လာစမ်း"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ ... အေးစိန်မ၊ မဟုတ်တာဟာ။ နင်ကလည်း၊ ငါ နင့်ကို တကယ်ချစ်တာပါဟာ"

"တော် ... နင် လျှာရှိုးမရှိတိုင်း လျှောက်ပြောမနေနဲ့၊ အေးစိန်မတဲ့၊ တစ်မပဲ ရှိတယ်၊ ဈေးထဲမှာတောင် အကျော် မခံရဘူး၊ ဆိုက်ကားသမားနဲ့ကျမှ အကျော်ရော အချက်ပါ ခံရတာ၊ နင် သေပြီသာမှတ်၊ ကန်စွန်းရွက်သင်သလို နင့် ကို တစ်ဆစ်ခြင်း ဖြုတ်ပစ်ရမယ်၊ လာခဲ့"

ကြွက်ကြီး ဆိုက်ကားနောက်မှာ တပ်ထားသော လက်ဝါးရုပ်ကလေးက ယမ်းကာ ယမ်းကာ တာ့တာပြနေတော့ အေးစိန်မ ပိုပြီး ဒေါသတွေ ထွက်လာသည်။

"မသာ ကြွက်ကြီး။ သေနာကောင် ကြွက်ကြီး၊ ဆိုက်ကား မှောက်ခဲ့ပါစေ။ ဆိုက်ကားနဲ့ ကားတိုက်ပါစေတော်"

✧ ❤ ✧



BURMESE CLASSIC



နန်းတော်ကြီးလား၊ ဂေဟာကြီးလား။

စံအိမ်လို့ပဲ ပြောရမလား။

ရဲတိုက်ကြီးလည်း မဟုတ်ဘူး။

ဘယ်လိုတင်စားရမလဲ မသိအောင် ခန့်ညားထည်ဝါစွာလှပနေသော တိုက်ကြီး။ အပြင်ကနေ လှမ်းကြည့်ရင်တောင် ခြံစည်းရိုးကအစ ခံ့ညားလွန်းလှသည်။ တစ်ခြံလုံး ထည်ဝါလွန်းလှသည်။ ဟာကွက်မရှိအောင် ပြည့်စုံလွန်းလှသည်။

ခြံထဲမှာ ...

ပန်းပင်တွေ၊ မြက်ခင်းတွေ၊ သစ်ခွရုံတွေ သူ့နေရာနဲ့သူ အသားတကျ။ ရေကူးကန်နဲ့ တင်းနစ်ကွင်းဆိုတာလည်း အလှထားတာမဟုတ်။ ခြံကြီးသခင်တို့က တကယ်ကို အားကစား



www.burmeseclassic.com

www.burmeseclassic.com



လိုက်စားကြတာ။ ခြံထဲမှာ ကားလမ်းကသပ်သပ်။ ကျောက်စရစ်တွေ ခင်းထားတဲ့ လူသွားလမ်းလေးကသပ်သပ်။ တစ်ခြံလုံးကို စပါယ်ရှယ်ပြုပြင်ဖန်တီးထားတာပါ။ ပြီးတော့ အိမ်ကြီးကိုကြည့်လိုက်ဦး။ ရင်သပ်ရှုမောဖွယ်။ ကမ္ဘာ့နာမည်ကြီး အာခီတစ်ယောက်ဆွဲထားတဲ့ ဒီဇိုင်းဆိုပဲ။ တိုက်ရိုက်သွားအပ်တာတော့ မဖြစ်နိုင်။ ကော်ပီကူးထားတာပဲ ဖြစ်ရမယ်။ ခေတ်က ကော်ပီခေတ်ဖြစ်နေတာကိုး။

မြန်မာတွေက ကော်ပီမှ အားပေးချင်ကြတဲ့ခေတ်ကိုး။

ဒီတော့ ကော်ပီအောက်မှာ ကိုယ်ပိုင်ဖန်တီးမှုတွေ တဖြည်းဖြည်း ပပျောက်လာခဲ့တာပေါ့။

တစ်ခြံလုံး ဖန်တီးပြုပြင်ထားတာတွေချည်းပဲမို့ ကလေးတွေကားတဲ့ အရုပ်ခြံကလေးလိုလို၊ ပန်းချီဆရာတွေရဲ့ လက်ရာကောင်း ပန်းချီကားတစ်ချပ်လိုလို လှပလွန်းလှသည်။ ခြံထဲဝင်လိုက်တာနဲ့ တခြားကမ္ဘာတစ်ခုကို ရောက်သွားသလိုကို ခံစားရသည်။





အိမ်ကြီးကရော ခမ်းနားလိုက်သမှ။ ထည်ဝါလိုက်သမှ။ အိမ်တံခါးမကြီးမှ ဝင်ဝင်ချင်း အခန်းက ဖိနပ်ချွတ်ခန်းလို့ ပြောရမလား။ ဖိနပ်လဲခန်းလို့ ပြောရမလား။ ဖိနပ်တွေထားတဲ့ အခန်းလို့ ပြောရမလား။ ဘယ်လိုပြောရမှန်းတောင် မသိ။ အခန်းပတ်လည်မှာ နံရံကပ်မှန်ဗီရိုတွေအပြည့်။ ထိုမှန်ဗီရိုတွေထဲမှာ ဖိနပ်တွေအပြည့်။ အရောင်စုံ၊ ပုံစံဒီဇိုင်းအစုံ၊ အနိမ့်အမြင့်အစုံ။ စလစ်ပါမှ လည်ရှည်အထိ အစုံ။ မွေးပွကော်ဇောပေါ် ရွှရွှကလေးနင်းရသော အမွေးပွအဝတ်ဖိနပ်ကလေးတွေရောင်စုံ။ ဖိနပ်ဆိုင်မှာတောင် ဒီလောက်မစုံနိုင်။ နာမည်ကြီး Brand တွေချည်းပဲမို့ သပ်ရပ်လှပမှုကလည်း ပြောစရာမလိုအောင်ပင်။ အိမ်ကိုလာတဲ့ ဧည့်သည်တွေဟာ ခြံထဲက အပြင်အဆင်ကို ဘဝင်ခိုက်ပြီး ဝင်အလာ လှပလွန်းတဲ့ ဖိနပ်အဖိုးတန်တွေကို တွေ့လိုက်ရသဖြင့် ခံစားချက် တစ်ခုခုတော့ ဖြစ်တဲ့သူချည်းပဲ။

အိမ်ထဲစဝင်တာနဲ့ ခြေထောက်ပါ နစ်မြုပ်သွားမတတ် အိစက်နေသော နိုင်ငံခြားဖြစ် အကောင်းစား မွေးပွကော်ဇောတွေ



www.burmeseclassic.com

www.burmeseclassic.com



ကို နင်းရမှာပါ။ အတွေ့အထိက နူးညံ့လွန်းလို့ ခြေဖဝါးတွေတောင် ပြန်မရုပ်ချင်လောက်အောင် သဘောကျ နစ်သက်သွားကြမှာပါ။

အဲဒီကအဝင် ဧည့်ခန်းရဲ့ထည်ဝါမှုဆိုတာကတော့ မပြောပါနဲ့တော့။ ဧည့်ခန်းမှာခင်းထားတဲ့ ဆိုဖာဆက်တီတွေဟာ ထိုင်လိုက်ရင် လူပါနစ်ဝင်သွားမတတ် အိစက်လွန်းလှပါသည်။ ကျွန်းကနုတ်တွေ ခတ်ထားသော မှန်စားပွဲကြီးကလည်း လက်လက်တောက်နေသည်။ ဧည့်ခန်းပတ်ပတ်လည်မှာ အပွင့်အဆင်မပါသော ပိုးလိုက်ကာတွေကို ခပ်စိပ်စိပ် ကာရံထားသဖြင့်နံရံကိုမမြင်ရ။

မျက်နှာကြက်မှာတော့ လှပဆန်းပြားသော မီးဆိုင်းကြီးကတောက်ပလို့။ ပန်းချီကားတွေကို နံရံမှာမချိတ်ဘဲ Strand နဲ့ ထောင်ထားတာ။ လူတစ်ရပ်စာမကတဲ့ ပန်းပုရုပ်တွေကိုလည်း ဧည့်ခန်းထောင့်တိုင်းမှာ ချထားသေးသည်။ ဒါပေမဲ့ ဧည့်ခန်းမှာ တီဗီမရှိ၊ အဲဒါကလည်း ကမ္ဘာကျော်ဒီဇိုင်းရဲ့အထာ ထင်ပါရဲ့။





နောက်ပြီး ဧည့်ခန်းမှာ တီဗီထားတာ မြန်မာလူမျိုးတွေရဲ့အကြိုက်လည်း ဖြစ်ပါသည်။ များသောအားဖြင့် တီဗီကြည့်တဲ့အခန်းကို ဧည့်ခန်းလုပ်တတ်ကြသည်လေ။

ဧည့်ခန်းမှာ ပန်းပုရုပ်လေးရုပ်၊ ပန်းချီကားသုံးချပ်၊ ဆက်တီတစ်စုံကလွဲ၍ ဘာမှမရှိ။ Air-cond ကတော့ အေးစိမ့်နေအောင် လွှတ်ထားကာ မှန်စားပွဲပေါ်မှာ နှင်းဆီရောင်စုံတွေကို လှပစွာ ထိုးစိုက်ထားသော ပန်းအိုးတစ်အိုးရှိ၏။ ထိုပန်းအိုးမှာ ပန်းတစ်ပွင့် မညှိုးစေရ။ ပန်းရွက်တစ်ရွက် မနွမ်းစေရ။ ထိုသို့ ညှိုးနွမ်းတာကို အိမ်ကြီးရှင်တို့ တွေ့သွားရင် အလုပ်သမားတွေ ကောင်းကောင်းဒဏ်ခတ်ခံရသည်။ အလုပ်သမားတွေဆိုတာက ပန်းအလှဆင်တဲ့ အလုပ်သမားနှစ်ယောက်ကို ပြောတာပါ။ floral service တစ်ခုကနေ စိတ်ကြိုက်လစာပေးပြီး ခေါ်ထားတာပါ။ ထိုနှစ်ယောက်ဟာ တစ်အိမ်လုံးရဲ့ ပန်းအိုးတွေကို ဂရုစိုက်ရ၏။ အဓိကထိုးတာကတော့ မွှေးလည်းမွှေး လှလည်းလှတဲ့ ပန်းတွေထိုးပေးရသည်။ ရာသီမရွေးရတာကတော့ နှင်းဆီတွေပေါ့လေ။ တစ်



www.burmeseclassic.com

www.burmeseclassic.com



အိမ်လုံးမှာ သဘာဝပန်းအစစ်တို့မှ ရနံ့လေးတွေပဲ လွှမ်းခြုံစေတာလည်း အိမ်ကြီးရှင်ရဲ့သဘောထား။ ပန်းဖိုးတင် တစ်နေ့ တစ်နေ့ မနည်းကုန်သည်။ ပန်းကို ပန်းခြံတွေကနေ တိုက်ရိုက်လာပို့ပေးသည်။

ကျန်တဲ့အိပ်ခန်းတွေ၊ မီးဖိုခန်း၊ ဘုရားခန်း၊ ရေချိုးခန်း စသည့်အခန်းတွေဆိုတာလည်း တကယ့် အကောင်းဆုံးပစ္စည်းတွေချည်း သုံးထားသည်။ စာဖတ်ခန်း၊ မိသားစုတီဗီကြည့်တဲ့အခန်းရှိသလို ကိုယ့်အိပ်ခန်းထဲမှာလည်း မီနီစာအုပ်စင်ကလေးနဲ့ တီဗီ၊ ဒီဗီဒီစက်တွေလည်းရှိသည်။

လေးထပ်တိုက်ရဲ့ အပေါ်ဆုံး ခေါင်မိုးပေါ်မှာလည်း ပန်းခြံကလေးနဲ့ ကျောက်စားပွဲတွေ ချထားသော Home Garden လေးက လသာညတွေမှာ သာယာလွန်းလှသည်။

တကယ့်ကို ပြည့်စုံသော အိမ်ကြီးသခင်မိသားစုက သုံးယောက်တည်း။ ဦးပြည့်ဝချမ်းသာနဲ့ ဒေါ်ငွေငွေကြွယ်။ သူတို့ရဲ့တစ်ဦးတည်းသော သမီးလေးက ကေရီစိန်ပွင့်။





ကေရီစိန်ပွင့် ...။

နာမည်နဲ့လူ အင်မတန်လိုက်ဖက်ညီလှသော မိန်းမပျိုလေးပါ။

✧ ❤ ✧



www.burmeseclassic.com

www.burmeseclassic.com



ကေရီစိန်ပွင့် ...။

ဝင်းမွတ်ဖြူစင်ကာ နုညက်နေအောင် လှရက်နိုင်လွန်းသူပါ။ ဆံနွယ်တွေက နက်မှောင်စိုလဲ့ကာ ပိုးပဝါကြီးဖြန့်ချထားသလို အိစက်နွဲ့နှောင်းနေ၏။ က,ကြီးပုံ မဟာနဖူးပိုင်ရှင်သူမရဲ့ဥပမိရုပ်ရည်သွင်ပြင်ကိုက တော်ဝင်ဆန်လွန်းလှသည်။ ဘဝအကျိုးပေး ကောင်းလွန်းလှသူပါ။

ကေရီစိန်ပွင့်ရဲ့ သွားလေးတွေက ပုလဲလုံးတွေလိုဖြူဖွေးနေပြီး နှုတ်ခမ်းသားတွေကလည်း ဆေးကူစရာမလိုဘဲ ရဲရဲစိုနေသည်။ ဖူးဖူးလုံးလုံးလေးနဲ့ နီရဲစိုအိနေသည့် နှုတ်ခမ်းသားအလှကို ဘယ်ပန်းချီဆရာမှ မီအောင်လိုက်ရေးနိုင်မှာမဟုတ်။





မျက်ခုံးတွေက စိမ်းညို့ကာ ပုံသွင်းစရာမလိုဘဲ တိကျသပ်ရပ် လှပနေသည်။ မျက်ဝန်းလှလှလေးတွေကလည်း တစ်ခါကြည့်လိုက်တာနဲ့ တစ်သက်စွဲငြိစရာ ဆိုသလိုပဲ။ အကြည့်တစ်ချက်နဲ့ Heart ထိသွားနိုင်သည်။

အထူးခြားဆုံး လှပမှုကတော့ နားရွက်တွေပဲ။ တချို့က မျက်နှာကလေးတော့ လှပါရဲ့။ နားရွက်မလှကြ။ တချို့ကျတော့လည်း လှကသာ ပုံဆိုးပန်းဆိုး။ နားရွက်ကလေးကျတော့ တော်တော်လှသည်။ နားထူ၊ နားကုပ်၊ နားရွက်ကောက်ကောက်ကြီးတွေ၊ နားရွက်ကားကားကြီးတွေ၊ နားရွက်ဝိုင်းဝိုင်း၊ နားရွက်သေးသေးလေးတွေ စသဖြင့် အများစုဟာ တစ်မျိုးမဟုတ်တစ်မျိုး ကြည့်ရဆိုးကြသည်။

ကေရီစိန်ပွင့်က နားရွက်လည်း လှသည်။ နားပါးပါးလေးက ပြန့်ပြန့်လေးနဲ့ အောက်ဘက်ကို သွယ်စင်းသွားသည်။ ကားလည်း မကား။ ကပ်လည်း မကပ်ဘဲ တကယ်ကို လှပနေသည်။



www.burmeseclassic.com

www.burmeseclassic.com



လက်ချောင်းကလေးတွေဆိုလည်း မကြီးမသေး။ သွယ်သွယ်လုံးလုံးလေးတွေ။

အသံကလည်း သာပါသည်။ မတိုးမကျယ်၊ မချွဲမပြစ်၊ မစူး မသြ မမာဘဲ ချိုသာပါသည်။ တချို့ဆို ပဲအများလွန်ပြီး အီချွဲပျစ်ကာ နှာခေါင်းသံဖြင့် ပြောတတ်တာမျိုး၊ စတိုင်လ်ထုတ်ပြီး တိုးတိုး တိုးတိုး ပြောတာမျိုးတွေလည်းမရှိ။ ပုံမှန်အေးအေးဆေးဆေး ပြောတဲ့ အသံလေးက ချိုသာလှသည်။

အရပ်ခပ်မြင့်မြင့်၊ ခန္ဓာကိုယ်က သွယ်လျသဖြင့် ဘာပဲဝတ်ဝတ် ချပ်ချပ်ရပ်ရပ်နှင့် လှနိုင်သူပါ။ ဝတ်သမျှ ရယ်ဒီမိတ်ဆိုရင်လည်း ကမ္ဘာ့အဆင့် Brand တွေမှ ဝတ်သလို ချုပ်ဝတ်တာ ဆိုရင်လည်း တကယ့်နာမည်ကြီး ဒီဇိုင်နာတွေနဲ့ အပ်တာဆိုတော့ အဝတ်အစားရဲ့တိကျသေသပ်မှုကတော့ ပြောဖွယ်ရာမရှိပါ။ ဖိနပ်ခန်းမှာဆိုရင်လည်း ကေရီစိန်ပွင့်ရဲ့ဖိနပ်က ပိုများသည်။ ဖိနပ်တစ်ရန်ကို သိန်းဆယ်ဂဏန်း မကျော်ဘဲနဲ့ မစီးပါ။ ကေရီရဲ့အဝတ်လဲခန်းမှာဆိုရင်လည်း အိတ်က အိတ်တစ်ကန့်။





ခါးပတ်ချည်းပဲတစ်ကန့်၊ ဦးထုပ်အမျိုးမျိုး။ အားကစားဝတ်စုံ။ ညအိပ်ဝတ်စုံ၊ အိမ်နေရင်းဝတ်စုံ၊ ပွဲတက်ဝတ်စုံ၊ ရှော့ပင်ဝတ်စုံ၊ ဘုရားသွားတဲ့ဝတ်စုံ စသဖြင့် သူ့အကန့်လိုက် အကန့်လိုက်တွေက ပြည့်နေ၏။

ဒါတောင် နာရီနဲ့လက်ဝတ်ရတနာတွေကို အိပ်ခန်းထဲမှာပဲထားလို့။ ထသွား ထလာအပြင် ပေါ့ပေါ့ပါးပါးဝတ်သွားဖို့လောက်ပဲ ယူထားတာပါ။ ပွဲတက်လက်ဝတ်ရတနာတွေကိုတော့ ဒေါ်ဌေးဌေးကြွယ်ကပဲ သိမ်းပေးတာပါ။ နာရီတွေဆိုလည်း နာမည်ကြီး တံဆိပ်တွေချည်းပဲ။ ကေရီစိန်ပွင့်က ဖန်စီလုံးဝမဝတ်ပါ။

သူမပုံစံက ရိုးရှင်းပြီး အမြဲ Elegant ဖြစ်နေသောပုံစံမျိုး။ Brand တွေကိုတော့ အရမ်းမက်သည်။ ဈေးဘယ်လောက်ကြီးကြီး ပစ္စည်းကောင်းမှ သုံးချင်သူပါ။ သုံးလည်းသုံးနိုင်တာကိုး။ ရေမွှေးဆိုလည်း မျိုးစုံရှိသည်။ ရေမွှေးကို ရနံ့သင်းသင်းနဲ့ ဖျော့ဖျော့လေးတွေမှ ကြိုက်သည်။ ရေမွှေးအနံ့ ပြင်းရှ စူးရှရင်



www.burmeseclassic.com

www.burmeseclassic.com



သူမ လုံးဝမနှစ်သက်။ ကိုယ်တိုင်သုံးရတာ မနှစ်သက်သလို သူများသုံးလာရင်လည်း အနံ့မခံနိုင်ပါ။ Sexy ကျသည့် ရနံ့မျိုးတွေကိုလည်း လုံးဝမနှစ်သက်။

ရုပ်ပိုင်းဆိုင်ရာတင်မက ပညာရေးပိုင်းမှာလည်း ထူးချွန်သူပါ။ အမေရိကားမှာ ကျောင်းသွားတက်ပြီး ပြန်လာတာ မကြာသေးပါ။

စီမံခန့်ခွဲမှုလုပ်တဲ့နေရာမှာ ဖြတ်ထိုးဉာဏ်ကောင်းသူက တပန်းသာတာပဲလေ။ ကေရီစိန့်ပွင့်တို့က လှစ်နေအောင်ပါးသလို ဖြတ်ထိုးဉာဏ်ကလည်း အပြည့်။

ထို့ကြောင့်လည်း သူမမိဘတွေရဲ့ များပြားလှသော စီးပွားရေးလုပ်ငန်းတွေထဲက တချို့အလုပ်တွေကို သူမ ကူညီလုပ်ကိုင်ပေးနေတာပါ။

ဒါပေမဲ့ ကေရီက ဉာဏ်သုံးရတဲ့ကိစ္စတွေပဲ အာရုံစိုက်။ အလုပ်ကိုပဲ အာရုံစိုက်တတ်ကာ သူမ တစ်ကိုယ်ရေကိစ္စတွေတောင် သူမရဲ့အပါးတော်မြဲ မချိုက အကုန် အစစအရာရာ





လုပ်ပေးရ၏။ ခြေသည်း လက်သည်း ဆံပင်အလှပြုပြင်ရေးတောင် နာမည်ကြီး ဖြူတီပါလာကလူကို အိမ်ခေါ်ပြီးပြင်တာပါ။ မနက်မိုးလင်းတာနဲ့ ခေါင်းဖြီးပေးမယ့်သူ အဆင်သင့်။ အပြင်သွားမယ်ဆို ဖိနပ်ချပေးတဲ့သူ အဆင်သင့်။

✧ ❤ ✧



www.burmeseclassic.com

www.burmeseclassic.com



ကေရီစိန်ပွင့်က နေ့စဉ်ဝတ်စားဆင်ယင်မှုအတွက်လည်း အုံးစားစရာ မလိုပါ။ မချိုက သူမရဲ့အတွင်းရေးမှူးဆိုလည်းဟုတ်။ တောက်တိုမယ်ရဆိုလည်းမှန်။ သူမရဲ့နေ့စဉ်ဝတ်စားဆင်ယင်မှုအတွက် Stylist ဆိုလည်း ဟုတ်သည်။

ကေရီစိန်ပွင့် အပြင်သွားမယ်ဆို ဝတ်ဖို့အတွက် မချိုက အဆင်သင့် ပြင်ပေးထားပြီးသား။ ဖိနပ်၊ နာရီ၊ လက်ဝတ်လက်စား အားလုံး စီစဉ်ပေးထားသည်။ ကေရီစိန်ပွင့် ရွေးချယ်ရတာက နှုတ်ခမ်းနီအရောင်နဲ့ ရေမွှေးလောက်ပဲ။

ကေရီစိန်ပွင့် အခုတလော ပိုပြီးအလုပ်ရှုပ်နေပါသည်။ သူမကိုယ်ပိုင် ဖိနပ်စက်ရုံထောင်ဖို့အတွက်ပါ။ သူမကိုယ်တိုင် Brand ထုတ်ပြီး ဖိနပ်ဈေးကွက်မှာ ထိုးဖောက်မှာပါ။





ဒါပေမဲ့ သူမက နိုင်ငံခြားက သိန်းဆယ်ဂဏန်းအထက် ဖိနပ်တွေကိုလည်း တင်သွင်းပါသည်။ တိုသို့တင်သွင်းတာကတော့ လူကုန်ထံ လူနည်းစုတစ်စုအတွက်ပဲ ရည်ရွယ်ပါသည်။

သူမရဲ့ဖိနပ်တံဆိပ်အတွက် အများကြီး လေ့လာထားသလို နိုင်ငံခြားက အတတ်ပညာရှင်တွေကိုခေါ်ပြီး အကျိုးတူပူးပေါင်းဆောင်ရွက်မှာပါ။ ဖိနပ်ဒီဇိုင်းတွေကို ကေရီစိန်ပွင့်ကိုယ်တိုင် ရေးဆွဲမှာဖြစ်ပြီး နိုင်ငံခြားဈေးကွက်ကိုပါ ပြန်ပြီးထိုးဖောက်ဖို့ ရည်ရွယ်ထားပါ၏။

ထို့အတွက် ကေရီ အရမ်းအလုပ်ရှုပ်နေပါ၏။ ဖိနပ်တံဆိပ်ကို Princess Diamond လို့ အမည်ပေးထား၏။ (စာရေးသူ၏စိတ်ကူးမျှသာ။ ကုန်အမှတ်တံဆိပ် တိုက်ဆိုင်မှုရှိခဲ့လျှင် တိုက်ဆိုင်မှုသက်သက်ဟုသာ မှတ်ယူပေးပါရန်)။

Princess Diamond အတွက် ကေရီ အရမ်းကြိုးစားနေသည်။ ကေရီအောင်မြင်ချင်သည်။ ကေရီ အလုပ်လုပ်တာငွေအတွက် မဟုတ်တော့ပါ။ ကေရီတို့မိသားစုအတွက် နောက်



www.burmeseclassic.com

www.burmeseclassic.com



မျိုးဆက်သုံးလေးငါးဆက်အထိ စားမကုန်၊ သုံးမကုန်အောင် ပိုင်ဆိုင်မှုတွေက ပြည့်လျှံနေပါပြီ။ ဧကရီတို့ အလုပ်လုပ်တာ အောင်မြင်ချင်လို့ လုပ်တာပါ။ ငွေအမြတ်ကျန်ဖို့အတွက် အောင်မြင်ဖို့ အရေးကြီးသည်။ ဧကရီ့မိဘဘွေက ကျောက်တွင်းတွေ ပိုင်သလို ကျောက်မျက်ရတနာရောင်းဝယ်ရေး၊ ရွှေတွင်းတွေနဲ့ရွှေတူးဖော်သည့်လုပ်ငန်းတွေ၊ ရွှေကုန်သည်လည်း လုပ်သည်။ သစ်လုပ်ငန်းနဲ့ ပရိဘောဂတွေ နိုင်ငံခြားတင်ပို့သော လုပ်ငန်းတွေ၊ ကြိမ်ထည်လုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း စသည့် လုပ်ငန်းတွေအပြင် လေကြောင်းလိုင်းတစ်ခုလည်း ပိုင်ဆိုင်ကာ စင်းလုံးငှားလေယာဉ်ဝန်ဆောင်မှုလည်းရှိ၏။

ထိုသို့ များပြားစွာသော လုပ်ငန်းတွေမှ ဝင်ငွေတွေက မနည်းပါ။ ထိုငွေတွေကို ထပ်ပြီးကစားလို့ရအောင် ဘဏ်လုပ်ငန်းပါ ဆက်ပြီးလုပ်ကိုင်သေးသည်။

ဒီလောက်ထိ များပြားတဲ့ လုပ်ငန်းတွေ ရှိနေတာတောင် ဧကရီစိန်ပွင့်က ဖိနပ်စက်ရုံထောင်ပြီး ကိုယ်တိုင်ဒီဇိုင်းဆွဲ





သော ဖိနပ်တွေကို ဖန်တီးချင်တာဟာ ငွေကြောင့် လုံးဝလုံးဝကို မဟုတ်ဘဲ အောင်မြင်ကျော်ကြားလိုမှု သက်သက်သာ ဖြစ်ပါသည်။

ဒီကြားထဲ ဧကရီ့အဖေ ခရိုနီကြီးက စက်သုံးဆီအရောင်းဆိုင်နဲ့ ဟိုတယ်လုပ်ငန်းတွေကို ဆက်လက်ချဲ့ထွင်နေသေးသည်။ ဝင်ငွေကောင်းတဲ့ စီးပွားရေးလုပ်ငန်း မှန်သမျှကို လက်ဝါးကြီးအုပ်ကာ မောင်ပိုင်စီးတတ်မှုလည်း ခုလို မဟုတ်မဟာ သူဌေးကြီးဖြစ်မှာ မဟုတ်လား။

လုပ်ငန်းတွေကလည်း များပြားပြီး အားလုံးလုပ်ငန်းကြီးတွေချည်းပဲဆိုတော့ စာရင်းစစ်တွေ အကြိုက်ခန့်ကာ စာရင်းစစ်တွေကို လူယုံပြန်မွေးပြီး လုပ်ငန်းကို ထိန်းကျောင်းနေရသည်။ လုပ်ငန်းတစ်ခုတိုင်းရဲ့ မန်နေဂျာတွေကိုလည်း လက်သပ်မွေးထားရသည်။

ချမ်းသာကြွယ်ဝလွန်းတဲ့ သူတို့မိသားစုမှာ မျက်နှာချင်းဆိုင် စကားပြောဖို့ကို တော်တော်အချိန်ယူရသည်။ ထမင်းလက်ဆုံစားဖို့ကိုလည်း တကူးတက ချိန်းရသေးသည်။ ချမ်းသာ



www.burmeseclassic.com

www.burmeseclassic.com



လွန်းတဲ့ ဒုက္ခလို့ပဲ ပြောရမှာပေါ့။ ဒါပေမဲ့ သူမတို့မိသားစုက အိမ်က ထမင်းဟင်းကိုပဲ စားသည်။ အိမ်မှာက အစားအစာမျိုးစုံ ချက်တတ်သော နာမည်ကြီးစားဖိုမှူးတွေချည်းပဲ သုံးယောက်။ သူတို့လက်ထောက်တွေနဲ့ဆို ဆယ်ယောက်လောက်ရှိသည်။ ဘာ စားချင်တယ်လို့ ပြောလိုက်ရုံသာ။ မရမရှိစေရ။ အရသာကောင်း သလို မီးဖိုချောင်သုံးပစ္စည်းတွေ၊ စားစရာတွေကိုလည်း အကောင်း ဆုံးပဲ သုံးစေသည်။ အလုပ်သမားတွေ ခိုလို့ လျှော့လို့မရ။ ချက် ပြီးရင် အိမ်ကြီးသခင်သုံးယောက် သွားတဲ့နောက် ထမင်းချိုင့် လိုက်ပို့ရ၏။

အိမ်ထမင်းဟင်းကိုသာ အသန့်ဆုံးဟု ထင်ကြသူ တွေပါ။

ကားကိုလည်း အဝတ်အစားနဲ့ လိုက်ဖက်အောင် အမျိုးမျိုးပြောင်းပြီးစီးသည်။ ကားသစ်တစ်စီး သိန်းတစ်ရာဝန်း ကျင်နဲ့ စီးလို့ရပြီး ကားတွေပေါများနေချိန်မှာ သူမတို့မိသားစုက သိန်းထောင်ဂဏန်းရှိတဲ့ ကားတွေကို ထည်လဲစီးကြသည်။ စီးနိုင်





တာပေါ့။ သူမတို့က ကားအရောင်းပြခန်းလည်း ဖွင့်ထားတာကိုး။ စီးပွားရေးလုပ်ငန်းကြီးမှန်သမျှ သူတို့လက်ကမလွတ်အောင်အမိ အရ ဆုပ်ကိုင်ထားသည်။

ထို့အပြင် နိုင်ငံခြားမှာလည်း ရင်းနှီးမြှုပ်နှံမှုတွေ ရှိသေးသည်။

ဒီနိုင်ငံမှာတော့ ကေရီစိန်ပွင့်နဲ့ လည်ပယ်တန်းတူ လိုက်ပေါင်းနိုင်တဲ့ သူငယ်ချင်းတောင် ခပ်ရှားရှားပါ။ ကေရီ့ သူငယ်ချင်းတွေက စင်ကာပူတို့၊ ဩစတြေးလျတို့မှာ အနေများ ကြသည်။

သူငယ်ချင်းတွေနဲ့လည်း Online ပေါ်မှာလောက်ပဲ အဆက်အသွယ် ရှိပါသည်။ အပြင်မှာကတော့ တစ်နှစ်နေမှ တစ်ခါလောက်ပဲ ဆုံဖြစ်ပါသည်။

ကေရီ သူငယ်ချင်းတွေဆိုတာကလည်း ကေရီတို့လို စီးပွားရေးသမားတွေပဲမို့ သိပ်မအားကြပါ။ တစ်နှစ်တစ်ခါ ဆုံဖို့ အောင် မနည်းအချိန်ညှိကာ တွေ့ရတာပါ။



www.burmeseclassic.com

www.burmeseclassic.com



ကေရီတို့လို လူမျိုးတွေဟာ အချိန်ကို ရွှေလိုတန်ဖိုးထားတတ်ကြသည်။ တစ်ချိန်လုံး ဘဝအောင်မြင်ရေး ဆိုတာကိုပဲ လုပ်ဆောင်နေကြကာ သံသရာမှာ အောင်မြင်ရေးကိုတော့ မေ့လျော့နေတတ်ကြသည်။ လူ့ဖို့ဒါန်းဖို့အတွက် အချိန်မပေးနိုင်ဖြစ်နေကြပါသည်။ တစ်ခါတလေကျတော့လည်း အလုပ်ရှုပ်လွန်းသော သူဌေးတွေရဲ့ဘဝဟာ သနားဖို့တောင် ကောင်းပါသည်။

✧ ❤ ✧





သူဌေးကြီးဦးပြည့်ဝချမ်းသာ တစ်ဖြစ်လဲ ခရိုနီကြီးဦးပြည့်ဝချမ်းသာမှာ မထင်မရှား အပျော်မယားတွေလည်း အများကြီးပါ။ ဦးပြည့်ဝချမ်းသာနား ကပ်နိုင်ရင် တိုက်ခန်းတစ်ခန်း၊ ကားတစ်စီးတော့ အနည်းဆုံး ရသည်ဟုလည်း နာမည်ကြီးပါသည်။

စပွန်ဆာခေတ်မှာ ဦးပြည့်ဝချမ်းသာတို့ ရှာစရာမလိုအောင် အချောအလှမျိုးစုံတို့က လိုက်ကပ်တွယ်နေကြပါသည်။

ထို့အတွက် ဒေါ်ဌေးဌေးကြွယ် တစ်ယောက် စိတ်သစ်ရသည်။ ဘယ်လိုပဲ မိမိက မိဖုရားခေါင်ကြီး ဖြစ်နေပါစေ။ နောက်လူရှိတာကိုတော့ ဘယ်အိမ်ရှင်မကမှ ကြိုက်မှာမဟုတ်ပါ။

သမီးဖြစ်သူ ကေရီစိန်ပွင့်ကလည်း သိပါ၏။ ဒေါ်ဌေးဌေးကြွယ်တို့ သားအမိက ဦးပြည့်ဝ ချမ်းသာကို လုံးဝ



www.burmeseclassic.com

www.burmeseclassic.com



အလစ်မပေးဘဲ စောင့်ကြည့်ပါသည်။ ဒါပေမဲ့ အလုပ်များသူတွေဆိုတော့ ဘယ်တော့မှမမိ။ မိပြီဆိုရင်လည်း အဲဒီမိန်းကလေးဘဝမသက်သာပါ။ ဒါပေမဲ့ အဲဒီကြားထဲကပဲ ဦးပြည့်ဝချမ်းသာတို့က လှုပ်ရှားနေတာပဲ။

နိုင်ငံခြားကို တစ်ယောက်တည်း သွားလို့ကတော့ အငယ်လေးတစ်ယောက်ကတော့ ပါပြီးသားပဲ။ ဒေါ်ဋ္ဌေးဋ္ဌေးကြွယ်မှာ ထိုတစ်ခုအတွက်တော့ တော်တော်လေးကို စိတ်ဆင်းရဲရပါသည်။

ဓကေရီစိန်ပွင့်လည်း စိတ်ညစ်သည်။ ယောက်ျားဖြစ်သူ ဖောက်ပြန်တာကို ဘယ်ဇနီးမယားကမှ နားလည်မပေးနိုင်ပလို ဖခင်ဖြစ်သူ ဖောက်ပြန်နေတာကို ဘယ်သမီးမိန်းကလေးကသဘောကျမှာလဲ။ သားယောက်ျားလေးတွေဆိုရင်တောင် ယောက်ျားချင်း နားလည်ပေးဦးမည်လေ။

ပိုက်ဆံမတတ်နိုင်တဲ့ ယောက်ျားတွေက မတတ်နိုင်လို့သာ ငြိမ်နေကြတာ။ ပိုက်ဆံများရှိလို့ကတော့ ယောက်ျားတွေ





ဆိုတာလေ ချိုတပ်ပေးထားသလား အောက်မေ့ရသည်။ ကိုယ်ကျင့်တရားနဲ့ ပြည့်စုံတဲ့ယောက်ျားတွေ မရှိတော့ဘူးလားဆိုတော့ ရှိပါသေးသည်။ ဒါပေမဲ့ တော်တော်ကို ရှားမည်ထင်ပါ၏။

တချို့ယောက်ျားတွေဆိုရင် ကိုယ်ကျင့်တရားဖောက်ပြားတာကို "ယောက်ျားကောင်းတော့ မောင်းမတစ်ထောင်" ဟုတလွဲဆံပင်ကောင်းကြသေးသည်။ တချို့များ ပြောတတ်သေး။ ကိုယ့်ဘာသာ လုပ်ကျွေးနိုင်လို့ယူတာ။ ဘယ်နယောက်ယူယူဆိုပဲ။

ထိုသို့သော ယောက်ျားတွေ နောက်ဘဝမှာ မိန်းမပြန်ဖြစ်မှာ သေချာပါသည်။ မိန်းမတောင်မှ မယားကြီးပဲ ဖြစ်ကြမှာပါ။ ထိုသဘောတရားသာ မှန်မည်ဆိုရင် ခုဘဝမှာ ဒုက္ခခံစားနေရသော မယားကြီးတို့သည် အရင်ဘဝက ငွေရှုပ်ခဲ့သော အိမ်ထောင်သည် ယောက်ျားဘဝ မဖြစ်ခဲ့ဘူးလို့ ဘယ်သူငြင်းနိုင်မှာလဲ။ ကိုယ်ရဲ့ အပြုအမူတိုင်းမှာ တန်ပြန်သက်ရောက်မှုဆိုတာ ရှိနေမှာပဲ။ အဲဒါကို ဗုဒ္ဓအယူဝါဒမှာ ဝဋ်လည်တယ်လို့ ခေါ်ကြတယ်လေ။



www.burmeseclassic.com

www.burmeseclassic.com



လောကတရားရဲ့ အနှစ်ချုပ်က ဒါပါဘဲ။ ကောင်းတာလုပ်မှ ကောင်းတာဖြစ်မယ်။ မကောင်းတာလုပ်ရင် မကောင်းတာဖြစ်မှာပဲ။

ဖခင်ကိုကြည့်ပြီး ကေရီစိန်ပွင့်တစ်ယောက် အိမ်ထောင်ပြုရမှာကို ကြောက်နေခဲ့သည်။ ဘယ်ရာမှ ပြီးပြည့်စုံတယ်ဆိုတာ မရှိဘူးတဲ့၊ ကေရီ့ဘဝမှာ ခုချိန်ထိ အရာရာပြီးပြည့်စုံနေခဲ့သည်။ ဖခင်ဖောက်ပြန်တာကလွဲရင်ပေါ့။ ဒါပေမဲ့ အိမ်ထောင်ပြုလိုက်လို့ အိမ်ထောင်ဖက်က သူ့မဖခင်လို ဖြစ်နေခဲ့ရင်ဆိုတဲ့ အတွေးကို ဖျောက်လို့မရ။

ခရိုနီကြီး ဦးပြည့်ဝချမ်းသာရဲ့သမီး ကေရီလုပ်ငန်းစုရဲ့ တစ်ဦးတည်းသော အမွေဆက်ခံမည့် ကေရီစိန်ပွင့်ကို လိုချင်သော မဟာပုရိသတွေ ဝိုင်းဝိုင်းလည်နေသည်။ ကွန်ပျူတာခေတ်ကြီးထဲမှာ ကေရီစိန်ပွင့်က 100% ပြည့်စုံနေသည်လေ။

ခေါင်းခေါက်ခံချင်လို့ ထိုးပေးထားတဲ့ ခေါင်းတွေထဲမှာ အညတရမပါ။ တကယ့်နာမည်ကြီးတွေချည်းပဲ။ ကေရီနဲ့





လည်ပယ်တန်းတူ မဟုတ်ရင်တောင် လျော့လှနည်းနည်းပဲ။ ကြီးကြီးမားစတာသားတွေချည်းပဲ။ ဒါပေမဲ့ ကေရီက တစ်ယောက်မှ ရင်မခုန်ခဲ့။ နာမည်ကြီး အကယ်ဒမီမင်းသား၊ နာမည်ကြီးအဆိုတော် စသဖြင့် အနုပညာအသိုင်းအသိုင်းမှ အမျိုးသားတို့ကလည်း ကေရီစိန်ပွင့်နားကို ရွှေ့လျားချင်ကြသည်။

ပြည်တွင်း၌သာမက ပြည်ပက သတို့သားလောင်းတွေကပါ ကေရီနားကို ချဉ်းကပ်ချင်နေကြသည်။ ဒါပေမဲ့ ကေရီတို့က လှည့်တောင်မကြည့်ခဲ့။ အိမ်ထောင်ဖက်အဖြစ် လှည့်မကြည့်ပေမယ့် မိတ်ဆွေအပေါင်းအသင်းလိုတော့ ဆက်ဆံပါသည်။

ကေရီ့မွေးနေ့ဆို ခြံဝမှာ ပန်းစည်းတွေ၊ ကတ်တွေ ဆောင်ပုံယာပုံ။ ဗာလင်တိုင်းဒေးဆို ပိုဆိုးသေး။ မွေးနေ့ဆိုတိုင်း ချစ်သူများနေ့ဆိုတိုင်း အချစ်ဆိုတာ ပေါပေါက်တတ်ပါသလား။ အချစ်ဆိုတာ အစိုးမရတဲ့ အစိုးရမီးလို ဖြုန်းခနဲလာပြီး ဖျတ်ခနဲ ပျက်ပြယ်သွားတတ်တယ်ဆိုတာ ...။

✧ ❤ ✧



www.burmeseclassic.com

www.burmeseclassic.com



လှပသော ပန်းပွင့်တိုင်းမှာ လိပ်ပြာမနားပါ။ ချိုမြိ သော ပန်းပွင့်တို့ထံ၌သာ လိပ်ပြာတို့သည် ရစ်ဝဲကုန်၏။ ပိတုန်း ဟူကား ဝတ်ရည်စုပ်ရုံသာမက ကိုက်ဖျက် ဖျက်ဆီးတတ်သော သဘောရှိ၏။ ထို့ကြောင့် လေယူရာအရှောင်အတိမ်း လှနိုင်ပါမှ ပန်းဘဝ အန္တရာယ်ကင်းမှာပါ။

ချို၍လှသောပန်းနားမှာ ပျား၊ ပိတုန်းနဲ့ လိပ်ပြာ ရောင်စုံတို့ ဝဲလည်နေတတ်တာ သဘာဝပါ။

ကေရီစိန်ပွင့်ကလည်း ချို၍လှသော ပန်းကလေး တစ်ပွင့်ပါပဲ။ ကေရီစိန်ပွင့်နားမှာ ပျားပိတုန်းလို ဝတ်ရည်စုပ် ချင်သူတွေ၊ လိပ်ပြာလို ဝတ်မှုန်ကူးချင်သူတွေ ဝဲလည်နေပါ သည်။





သေချာတာကတော့ ဘယ်ပျားပိတုန်း လိပ်ပြာကမှ သူမကို ဖန်ကလပ်ပေါ်တင်ပြီး အလှကြည့်နေမှာ မဟုတ်။

ထိုသဘောတရားကို နားလည်နေတဲ့ ကေရီစိန်ပွင့် က ယောက်ျားတွေကို စိတ်မဝင်စားတာပေါ့။ ချစ်လှပါချည်ရဲ့ဆို ပြီး ယူထားကြတဲ့ သူမရဲ့မိဘတွေကိုပဲကြည့်။

အချစ်ဆိုတာ အချိန်ကာလအတိုင်းတာ တစ်ခုတွင်း မှာ ပေါ်ပေါက်လွယ်ပြီး ပျက်စီးလွယ်သည်ဟု ယုံကြည်ထားသူ ပါ။

ကေရီ့မိခင်ကတော့ ခုချိန်ထိ ခင်ပွန်းဖြစ်သူကို ချစ်ရှာမှာပါ။ ဒါပေမဲ့ ဖခင်ဖြစ်သူကတော့ ဒေါ်ငွေငွေကြွယ်က လွဲရင် မိန်းမတိုင်း ချစ်စရာကောင်းနေတတ်ခဲ့ပြီ။ အဲဒီတော့ ကေရီ့အချစ်ကို မယုံကြည်တာ ဆန်းသလား။ တစ်နည်းအားဖြင့် အချစ်ကို ကြောက်ရွံ့နေသူပါ။

ချစ်တယ်ဆိုပြီး ဒူးထောက်ကြသော ပုရိသတွေကို ကေရီ ဘယ်လိုမှကို ရင်ခုန်လို့မရပါ။ မအားပါဘူးဆိုမှ တစ်ချိန်



www.burmeseclassic.com

www.burmeseclassic.com



လုံး ဖုန်းဆက်နေကြသဖြင့် ကေရီ ဖုန်းတောင်မကိုင်ပါ။ ကေရီ့ ဖုန်းကို မချို ကိုင်သည်။ ကေရီ ဖုန်းပြောစရာရှိရင် မချိုဆီကယူ ပြောသည်။

မကြာခဏ အကြောင်းအမျိုးမျိုးပြပြီး ဖိတ်ကြားတတ်သော ပွဲမျိုးစုံကိုလည်း သွားသင့်မှ သွားပါသည်။

အရှောင်အတိမ်းကောင်းသော ဒေါင်းပျိုမလေး ကေရီကို ညိမ်းပိုက်ချင်သူ ပုရိသတွေ အခွင့်အရေး မသာကြပါ။

တချို့က ကေရီ့ကို မာနကြီးသည်။ မာန်တက်သည်ဟု စွပ်စွဲအပုပ်ချကြသည်။ ကိုယ့်အလိုမပြည့်ရင် မကောင်းမြင်တတ်တာ လူ့သဘာဝ ထင်ပါရဲ့လေ။ ကေရီကတော့ ဘာပဲပြောပြော ဂရုမစိုက်ပါ။ ပြောတိုင်းသာ ဂရုစိုက်နေရရင် ဆောင်ကျဉ်းရုံပဲရှိသည်။

ကေရီ့နား ဝဲလည်နေသော။ ကေရီကို ချစ်လှပါချည်ရဲ့ဆိုသော ပုရိသတွေတဲမှာ ဘနဖူး သိုက်တူးချင်သည့် ယောကျာ်းမျိုး မပါဘူးလို့ ဘယ်သူပြောနိုင်မှာလဲ။





ကေရီလှလို့ ချစ်ကြတာပါ။ ကေရီ ချမ်းသာလို့ ချစ်ကြတာပါ။ အဓိက ကေရီ ချမ်းသာလို့ပါ။ ဘယ်လောက်ပဲ လှလှ လမ်းဘေးမှာ အကြော်ရောင်းနေတဲ့ မိန်းမတစ်ယောက်ကို ဘယ်အကောင်းစား ပုရိသကမှ တန်ဖိုးမထားပါ။ အကြော်သည်ကို တန်ဖိုးထားမယ့် ယောကျာ်းသားဟာလည်း အကြော်သည် ထက်သာရင် နည်းနည်းပေါ့။ များများသာတဲ့ ယောကျာ်းတွေက တော့ ဒုက္ခပေးဖို့ပဲ လှည့်ကြည့်မယ်။ တန်ဖိုးတော့ ထားမှာမဟုတ်ဘူး။

ထို့ကြောင့် ကေရီ့အဒေါ် အပျိုကြီးတစ်ယောက်က ပြောတာ၊ မိန်းမတွေ သိပ်တော် သိပ်တတ်လာရင် အပျိုကြီးဖြစ်တတ်တယ်တဲ့။

မိန်းကလေးတွေ ယောကျာ်းယူတာ အားကိုးရာချင်လို့ ယူတာတဲ့။

အရမ်းထက်မြက်တဲ့ မိန်းမတွေက ယောကျာ်းတွေကို အားမကိုးတတ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



အရမ်းထက်မြက်တဲ့ မိန်းမတွေ ယောကျ်ားယူရင် ဈေးတွက်,တွက်ပြီး၊ ကွန်ပျူတာတွက်,တွက်ပြီး ယူရင်ယူ၊ မဟုတ်ရင်တော့ တကယ်ချစ်မိသွားလို့ ယူတာတဲ့။

ကေရီအတွက် ကွန်ပျူတာတွက်, တွက်စရာမလိုပါဘူး။ အချစ်ကိုလည်း အယုံအကြည်မရှိ။ ဒီတော့ ကေရီ အပျိုကြီးဖြစ်ဖို့ များနေပြီ။

လောလောဆယ် ကေရီ့ခေါင်းထဲရှိနေတာက ဖိနပ်ဒီဇိုင်းတွေ။ ကေရီ့ဖိနပ်တွေကို မြန်မာ့ဈေးကွက်မှာသာမက အရှေ့တောင်အာရှဈေးကွက်မှာပါ ထိုးဖောက်ဖို့။ ပြီးရင် အာရှတစ်ခွင်အောင်မြင်ဖို့။ အာရှမှာ အောင်မြင်ရင် အနောက်နိုင်ငံတွေအထိ တင်ပို့နိုင်ဖို့။ ထိုးဖောက်နိုင်ဖို့။ ကေရီစိန်ပွင့် ဆိုတဲ့နာမည် ကမ္ဘာကျော်ဖို့။

လောလောဆယ် ကေရီ စိတ်ဝင်စားဆုံး အရာက ကေရီလိုချင်တဲ့ သားရေကုန်ကြမ်းတွေရဖို့။





ဦးပြည့်ဝချမ်းသာရော ဒေါ်ငွေငွေကြွယ်ပါ ကေရီထက်မြက်တာကို သဘောကျကြ၏။ သမီးမွေးထားပေမယ့် သားမွေးထားတဲ့သူတွေထက် သာနေသည်ကိုး။ ဒါပေမဲ့ ကေရီ့မိဘတွေက ကေရီ့ကို အိမ်ထောင်ပြုဖို့တော့ မတိုက်တွန်းကြပါ။

✧ ❤ ✧



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်ရေးရဲ့ အနှစ်သာရတွေကို ကောင်းကောင်းကြီး သိနေသဖြင့် ဦးပြည့်ဝချမ်းသာရော ဒေါ်ငွေငွေကြွယ်ပါ သမီးကို အိမ်ထောင်မပြုစေချင်ကြ။ သမီးဖြစ်သူက မဖြစ်မနေ အိမ်ထောင်ပြုမယ်ဆိုမှသာ ခွင့်ပြုမှာ။ မိဘတွေအနေနဲ့ စပ်ဟပ်ပေးစားဖို့တော့ စိတ်မကူးပါ။

ဒေါ်ငွေငွေကြွယ်က သမီးကို မိမိလို လင်ပူမမီစေချင်လို့ အိမ်ထောင်မပြုစေချင်တာပါ။ ဦးပြည့်ဝချမ်းသာကတော့ သူ့ဝဋ်တွေ သမီးလေးမှာ သွားလည်မှာစိုးလို့ အိမ်ထောင်မပြုစေချင်တာ။

သမီးရဲ့အိမ်ထောင်ဖက်ဟာ သမီးအပေါ် သစ္စာမရှိသောသူ ဖြစ်မှာကို စိုးရိမ်နေကြတာပါ။





ဆွေမျိုးတွေကတော့ ပြောကြသည်။ မျိုးဆက်ပြတ်သွားမှာစိုး၍ ကေရီကို အိမ်ထောင်ချပေးသင့်သတဲ့။ ဒါပေမဲ့ ကိုယ်ချစ်ခင်စုံမက်လို့ ယူထားတာတောင် အိမ်ထောင်ရေးသစ္စာအမဲ့ခံနေရတာ၊ မိဘပေးစားတာဆို ပိုဆိုးမှာပေါ့။ မျိုးဆက်ဆိုတာလည်း စိတ်မဝင်စားပါ။ မျိုးဆက်ချန်တယ်ဆိုတာ လူ့ဘဝသံသာကို ဆွဲဆန့်သလိုတောင် ဖြစ်နေသေး၏။ ထို့ကြောင့် ကေရီ အချစ်နဲ့အိမ်ထောင်ရေးကို စိတ်မဝင်စားဘဲ အလုပ်တွေကို အေးအေးဆေးဆေး လုပ်နေခဲ့ပါသည်။

ဒါပေမဲ့ ... ဒါပေမဲ့ပေါ့လေ၊ နှလုံးသားဆိုတာကြီးက အသက်ရှင်သန်မှုရဲ့ အဓိကသွေးကြော ဗဟိုချက်ကြီး ဖြစ်နေမှတော့ လူဆိုတာ အချစ်နဲ့ ဘယ်ကင်းပါတော့မလဲ။

ကေရီစိန်ပွင့်ရဲ့ သူငယ်ချင်းတစ်ယောက် ဖြစ်တဲ့ ဩစတြေးလျသူ တစ်ယောက် ကေရီ့ဆီ လာလည်သည်။ သူမက အရှေ့တောင်အာရှ သမိုင်းဆရာမတစ်ယောက်ဖြစ်ပြီး မြန်မာစကားကိုလည်း ကျွမ်းကျွမ်းကျင်ကျင် ပြောတတ်၏။ သူမက



www.burmeseclassic.com

www.burmeseclassic.com



ဩစတြေးလျသူ ဖြစ်သော်လည်း သူမမှာ မြန်မာနာမည်ရှိသည်။ သူမကိုယ်တိုင် ပေးထားသော သူမရဲ့ မြန်မာနာမည်က ခင်သီရိ တဲ့။

ခင်သီရိက ပုဂံကို လေ့လာရေးလာတာပါ။ သူမက ညောင်ဦးမှာရှိတဲ့ ကေရီတို့ဟိုတယ်မှာတည်းပြီး ပုဂံဘုရားတွေနဲ့ ပုဂံသမိုင်းကို လေ့လာမှာ။ ရန်ကုန်ရောက်တော့လည်း ရန်ကုန်မှာရှိတဲ့ ကေရီတို့ဟိုတယ်မှာ တည်းသည်။ အိမ်မှာတည်းခိုင်းတာမရ။ ဟိုတယ်မှာပဲ လွတ်လွတ်လပ်လပ် နေချင်သတဲ့။ ခင်သီရိက အားမနာတတ်။ အားနာပါးနာနဲ့ လိုက်မတည်းပါ။

အဲဒါ မြန်မာလူမျိုးနဲ့ တိုင်းတစ်ပါးသားတို့ရဲ့ကွာခြားချက်ပဲ ဖြစ်မည်ထင်သည်။ နိုင်ငံခြားသားတွေမှာ အားနာပြီး လိုက်လျောတာမျိုးမရှိ။

ပုဂံကို ကေရီ ကိုယ်တိုင်လိုက်ပို့သည်။ မြန်မာ့ရှုခင်းတွေ ကြည့်ချင်သည်ဆို၍ ကေရီတို့ ရန်ကုန်–မန္တလေးလမ်းဟောင်းကနေ ကားနဲ့သွားဖြစ်ကြသည်။ အချိန်ကုန်ပေမယ့် ကိုယ့်နိုင်ငံကို





စိတ်ဝင်တစား လာရောက်လေ့လာတာမို့ ကေရီက ညှို့ဝတ်ကျေပါသည်။ ခင်သီရိ ဖြစ်ချင်တာအားလုံးကို အဆင်ပြေအောင်စီစဉ်ပေးသည်။

ပုဂံရောက်တော့ ကေရီဘို့ဟိုတယ်ရဲ့ အကောင်းဆုံးတစ်ခန်းကို စီစဉ်ပေးထား၏။ River View အခန်းမို့ ခင်သီရိကလည်း တော်တော်သဘောကျသည်။

ရောဝတီမြစ်တဲ စုန်ဆန်သွားလာနေသော သင်္ဘောတွေကိုကြည့်ကာ သဘောကျနေသည်။ စဥ့်အိုးတွေတင်တဲ့ သင်္ဘောတွေ၊ သစ်တင်သင်္ဘောတွေကို ကြည့်ကာ သဘောကျပြီး ဓာတ်ပုံတွေ ရိုက်သည်။ ပြီးတော့ ... "ဗမာပြည်မှာ ဘာလို့ သစ်တွေအဲဒီလောက် ခုတ်တာလဲ"တဲ့။ ကေရီ ဘယ်လိုရှင်းပြရမလဲ။

ခင်သီရိအတွက် ပုဂံမှာ လည်ပတ်ဖို့ Guide စီစဉ်ပေးထားသည်။ ပုဂံဘုရားသမိုင်းတွေကို နှံ့စပ်ကျွမ်းကျင်စွာရှင်းပြဖို့ပါ။ ပြီးတော့ ကားတစ်စီးနဲ့ ဒရိုင်ဘာတစ်ယောက်လည်း စီစဉ်ပေးထားသည်။



www.burmeseclassic.com

www.burmeseclassic.com



Guide ကိုတော့ သူမ အဖော်ရအောင် မိန်းကလေးပဲ စီစဉ်ပေးထားသည်။ ကားနဲ့ ဒရိုင်ဘာကတော့ ဟိုတယ်မှာ လာရောက်တည်းခိုသော နိုင်ငံခြားသား ဧည့်သည်တွေအတွက် အထူးစီစဉ်ထားခြင်းဖြစ်ပြီး ဒရိုင်ဘာက မြန်မာဆန်ဆန်ချောမော သန့်ပြန့်ကာ ဘာသာစကား ငါးမျိုးလောက်တတ်သည်။ Guide လည်း လုပ်နိုင်ပါသည်။ ဒါပေမဲ့ ခင်သီရိ အဖော်ရအောင် အမျိုးသမီး Guide ထပ်ထည့်ပေးထားတာပါ။

ခင်သီရိက ဗုဒ္ဓဘာသာ ကိုးကွယ်သူမို့ ပုဂံသမိုင်းကို စိတ်ဝင်စားရုံတင် မကဘဲ ပုဂံဘုရားတွေကိုလည်း လွန်စွာကြည်ညိုနေပါသည်။

ကေရီကတော့ ပထမတစ်ရက်လောက်ပဲ အတူလိုက်ပေးနိုင်ပါမည်။ ရန်ကုန်မှာ အလုပ်တွေ ရှိသေးသည်ကိုး။

✧ ❤ ✧





ဒရိုင်ဘာနာမည်က အပျံစားပဲ။ ဘုန်းထွဋ်ခေါင်မြတ်တဲ့လေ။ Guide မလေး နာမည်ကတော့ ရိုးရှင်းပါသည်။ နွယ်နွယ်ထွန်းတဲ့။ ပုဂံသူမို့ မြန်မာဆန်ဆန်လေးပါပဲ။ မြန်မာဝတ်စုံလေးနဲ့ မြန်မာမိန်းကလေးတို့ရဲ့ အရပ်အမောင်းကတော့ ငါးပေသုံးလက်မလောက်ပေါ့။ ခင်သီရိကတော့ အရပ်ခြောက်ပေခန့်ရှိသော ထောင်ထောင်မောင်းမောင်း နိုင်ငံခြားသူပါ။ ဘုန်းထွဋ်ခေါင်မြတ်နဲ့ဆို အရပ်ချင်း မတိမ်းမယိမ်းပါပဲ။ တကယ်လို့များ သူမ ဒေါက်မြင့်ဖိနပ် စီးလိုက်ရင် ဘုန်းထွဋ်ခေါင်မြတ်ကို ကျော်သွားနိုင်ပါ၏။

ကေရီကတော့ ဒရိုင်ဘာနဲ့ Guide ကို သိပ်စိတ်ခေါင်စားပါ။



www.burmeseclassic.com

www.burmeseclassic.com



ပထမဆုံးနေ့မှာပဲ ဗွယ်တော်လေးဆူကို စပြီးဖူးဖြစ်ကြသည်။ မြစ်တစ်ဖက်ကူးရမည့် တန့်ကြည်တောင်ကို အရင်သွားဖို့ စီစဉ်ထားပေမယ့် မိုးရွာတာနဲ့ အစီအစဉ်ဖျက်လိုက်ကာ အနီးဆုံးဖြစ်တဲ့ ရွှေစည်းခုံစေတီတော်မြတ်ကြီးကို အရင်ဦးဆုံးဖူးမြော်ဦးခိုက် ဖြစ်ကြသည်။

တန့်ကြည်တောင်ဘက်ခြမ်းမှာ တောင်တက် တောင်ဆင်းလမ်းက မိုးအရမ်းရွာရင် အဆင်မပြေပါ။ တချို့ အနိမ့်ပိုင်းနေရာတွေမှာ ချောင်းရေကျော်သဖြင့် တောင်တက်ကားတွေ မရန်းနိုင်ဘဲ နွံနစ်တာမျိုးရှိသဖြင့် မိုးရွာရင် သွားရေးလာရေး မကောင်း။ မြစ်ကူးရတာက မိုးရွာပေမယ့်လည်း ဘာမှမဖြစ်နိုင်ပါ။

ထို့ကြောင့် ရာသီဥတုကိုစောင့်ကာ ရွှေစည်းခုံဗွယ်တော် မြတ်စေတီတော်ကြီးကိုပဲ အရင်စဖူးလိုက်ကြသည်။

မိုးရွာသဖြင့် ရွှေစည်းခုံရင်ပြင်တော်ပေါ်မှာ ရေတွေဘောင်းလန်နေသည်။ တချို့ဘုရားဖူးတွေဆို ထီးမပါသဖြင့် မိုးရွာထဲမှာ မိုးစိုခံပြီး ဘုရားကို လက်ယာရစ်ပတ်နေကြသည်။ ထီး





မပါပေမယ့် မိုးရေစိုခံပြီး ဘုရားဖူးနေကြသည်။ ဗုဒ္ဓဘာသာဝင်တို့၏ ကြည်ညိုသဒ္ဓါတရားနဲ့ ယုံကြည်သက်ဝင်မှုက အံ့မခန်းစရာပင်။ ဘုရားဖူးရင်း မိုးရေစိုပေမယ့် ဘုရားတန်ခိုးကြောင့် ဖျားနာခြင်း မဖြစ်နိုင်ဟု ယုံကြည်တတ်ကြသည်။

ခင်သီရိကလည်း သဘောကျနေသည်။ Guide မလေး နွယ်က ဗွယ်တော်လေးဆူအကြောင်း ရှင်းပြနေသည်။ ဗွယ်တော်လေးဆူကို နေ့မကူးဘဲ တစ်နေ့တည်း စုံအောင်ဖူးရကြောင်း။ လှူဒါန်းမှုလည်း တူညီရကြောင်း။ ထိုသို့တူညီစွာလှူဒါန်းပြီး ဆုတောင်းကိုလည်း တူညီစွာ ဆုတောင်းရကြောင်း။ ထိုသို့ပြုလုပ်ရင် ဆုတောင်းပြည့်ကြောင်း ရှင်းပြနေသည်။

ရွှေစည်းခုံစေတီတော်ကြီး အကြောင်းကိုလည်း သေသေချာချာ ရှင်းပြနေသည်။

ဘုရားစောင်းတန်းမှာ ရောင်းချနေသော ညောင်ဦး မှ ထွက် လက်ဆောင်ပစ္စည်းဆိုင်တွေကိုလည်း ခင်သီရိက သဘောကျသည်။ ရွှေချည်ထိုးအိတ်ကလေးတွေ၊ ယွန်းထည်တွေ၊ ယွန်း



www.burmeseclassic.com

www.burmeseclassic.com



လက်ကောက်ကလေးတွေ၊ ကြိမ်နဲ့ပြုလုပ်ထားသော ကြိမ်ဖိနပ်တွေကိုလည်း သဘောကျနေသည်။

"မင်းတို့မြန်မာပြည်မှာ ပုဂံဒေသဟာ ဂုဏ်ယူစရာပဲ"

"ရွှေတိဂုံစေတီတော်မြတ်ကြီးကလည်း ဂုဏ်ယူစရာပါပဲ။ မခင်သီရိ ရောက်ပြီးပြီလား"

"ရောက်ပြီးပြီ၊ ရွှေတိဂုံစေတီကလည်း ကမ္ဘာ့အံ့ဖွယ်တစ်ပါးပါပဲ။ မင်းတို့ မြန်မာပြည်ကြီးက ဘာသာ သာသနာနဲ့ပတ်သက်ရင် တကယ်ကို ကြီးမြတ်ဂုဏ်ယူစရာပါပဲ"

နိုင်ငံခြားသူက မြန်မာစကားလုံး အသုံးအနှုန်းကို ကျွမ်းကျွမ်းကျင်ကျင် ရှိလွန်းလှ၏။

"တစ်နေ့တည်း စွယ်တော်လေးဆူပြည့်အောင် အရင်ဖူးလိုက်ရအောင်နော်။ မခင်သီရိ ရွှေစည်းခုံစေတီတော်ကြီးကို အသေးစိတ် လေ့လာချင်ရင် နောက်နေ့မှ ထပ်လေ့လာပေါ့"

"အင်း ... မင်းကောင်းသလို စီစဉ်ပါ နွယ်"





ရွှေစည်းခုံမှ တုရင်တောင်စွယ်တော်ရှင်မြတ်ဆီသို့။

တုရင်တောင်ခြေမှ တောင်ပေါ်တက်တဲ့ ကားလေးဂိတ်ရှိသည်။ ကားကြီးတွေက တောင်ပေါ်တက်လို့မရ။ စူပါကပ်စတန်လောက်ပဲ တောင်ပေါ်တက်လို့ရသည်။

ဘုရားဖူးကားကြီးတွေဆို တောင်ခြေမှာကားရပ်ပြီး ကားလေးတွေငှားကာ ဘုရားဖူးသည့်သည်တွေကို ကားလေးတွေနဲ့ပြောင်းကာ တက်ခိုင်းရသည်။

မိုးတိတ်သွားပေမယ့် ဝန်းကျင်တစ်ခုလုံး မိုးသားတွေ အုံ့ဆိုင်းကာ မှိုင်းညို့နေသည်။ တုရင်တောင်ထိပ်ကို မော့ဖူးမိတော့ မြူတွေဆိုင်း ဖုံးလွှမ်းခြုံနေသည်။ လွင့်မြောနေတဲ့ မြူခိုးတွေဟာ ဘာကိုလွှမ်းလို့ လွှမ်းရမှန်းမသိအောင်ပါပဲ။

✧ ❤ ✧



www.burmeseclassic.com

www.burmeseclassic.com



အမျိုးအကွေ့တွေနဲ့ တုရင်တောင်တက်လမ်းကနေ မြကန်ကို လှမ်းမြင်ရပါသည်။ လမ်းတစ်ဝက် တောင်ခါးပန်းကနေ စီရရီစိုက်ထားသော ထန်းပင်တွေကို မြင်ရတာ အရသာတစ်မျိုးပါပဲ။

အညာဒေသဆိုပေမယ့် ဝန်းကျင်တစ်ခုလုံး စိမ်းစိမ်းစိုကာ တကယ့် အိုအေစစ်ပါပဲ။ ဘယ်နေရာကြည့်ကြည့် မန်ကျည်းပင်၊ ဆီးပင်၊ ရေဆူးပုပ်ပင်တွေကို မြင်ရပါသည်။

တုရင်တောင်ပေါ်ရောက်တော့ စေတီတော်ကြီးကိုပါ မြူတွေ ရစ်သိုင်းလွှမ်းခြုံထား၏။ တစ်ယောက်နဲ့တစ်ယောက် လှမ်းကြည့်ရင် တောင်မြူတွေက ပဝါပါးလို ခြားထားသေး၏။ အညာမိုးနဲ့ အညာမြူဟာ ချစ်စရာကောင်းနေပါ၏။





တုရင်တောင်ပေါ်ကနေ ဘယ်နေရာကိုကြည့်ကြည့် စိုပြည်စိမ်းလန်းနေသည်။

နွယ်က တုရင်တောင်စွယ်တော်မြတ်အကြောင်း ရှင်းပြနေသည်။ စွယ်တော်လေးဆူကို ဆွမ်းကပ်ချင်သူတွေကတော့ ဆယ့်နှစ်နာရီမကျော်ခင် လေးဆူလုံး ဆွမ်းကပ်နိုင်အောင် ကြိုးစားကြတာကိုလည်း တွေ့ရသည်။

ပုဂံလာသူတိုင်း စွယ်တော်လေးဆူကိုတော့ မဖြစ်မနေ ဖူးမြော်ကြပါသည်။

ကေရီစိန်ပွင့်ကတော့ ခင်သီရိကို တစ်ရက်အဖော်လိုက်ပေးတာပါ။ ခင်သီရိနဲ့ နွယ်တို့ သွားလာရ အဆင်ပြေအောင် လိုက်လာပေးတာပါ။ သူမတို့ အဆင်ပြေရင် ကေရီက မနက်ဖြန်ပြန်မှာပါ။

ကေရီသည် လောကီဘဝမှာတော့ အရာအားလုံးပြည့်စုံနေပါ၏။ ထို့ကြောင့် နိဗ္ဗာန်ရောက်ကြောင်းပဲ ဆုတောင်းမိသည်။ လောကီနဲ့ပတ်သက်တဲ့ ဆုတောင်းက ပြည့်ပြီးသားလေ။ လောကုတ္တရာအတွက်ပဲ ဆုတောင်းရမည်။



www.burmeseclassic.com

www.burmeseclassic.com



တုရင်တောင်ပေါ်က ပြန်ဆင်းတော့လည်း မိုးက ညို့နေတုန်း။ အညာမိုးက မရွာရင်လည်းမရွာ။ ရွာပြီဆိုရင်လည်း အငြိုးလေးနဲ့ ဆိုသလိုပဲ။

တုရင်တောင်ကနေ လောကနန္ဒာစွယ်တော်မြတ် စေတီကို ရောက်တော့ မိုးဖွဲလေးတွေပါ ကျလာသည်။ ဒီပုံအတိုင်း ဆို တန့်ကြည့်တောင်ကို ကူးနိုင်ပါ့မလားမသိ။

ဒရိုင်ဘာက ...

"ကျွန်တော် စက်လှေကို လှမ်းမေးထားတယ်၊ အဲဒီဘက် မှာတော့ မိုးတိတ်သွားပြီတဲ့။ ဟိုဘက်ကမ်းမှာလည်း ကား တက်လို့ရတယ် ပြောတယ်"

"ဒီမှာတောင် မိုးရွာနေတာ ဖြစ်ပါ့မလား"

"ဖြစ်ပါတယ် မမကေရီ။ မဖြစ်ရင် သူတို့လည်း မပို့ရဲပါ ဘူး"

"အေးလေ။ သေချာရင် ပြီးတာပဲ။ foreigner မို့လို့ပြော တာ။ ဒါ ကို့ရဲ့ Special guest နော်။ ဂရုစိုက်ပါ"





"ဟုတ်ကဲ့"

နွယ်က ပုဂံသူ။ ဘုန်းထွဋ်ခေါင်မြတ်ကတော့ ရန်ကုန် သားပါ။ လစာကောင်းလို့ လာလုပ်နေတာ။ သူ့ရဲ့အထူးသီးသန့် ဘာဝန်က နိုင်ငံခြားသား ဧည့်သည်တွေအတွက် လိုအပ်တဲ့ဝန် ဆောင်မှု ပေးဖို့ပဲ။

ဒရိုင်ဘာဆိုလည်း ဟုတ်၊ Guide ဆိုလည်း မမှား ပါ။

ကေရီတို့ဟိုတယ်က မြစ်ကူးဖို့ စက်လှေကိုလည်း ကိုယ်ပိုင်စီစဉ်ထားသလို တောင်ပေါ်တက်ဖို့ ကားတွေကိုလည်း အခ်ဖက်ကမ်းမှာ စီစဉ်ထားပြီးသား။

တောင်တက်ကားက ပါဂျဲရိုးတွေ စီစဉ်ထားသည်။ -con နဲ့။ ဒါပေမဲ့ တောင်တက်လမ်းကတော့ သိတဲ့အတိုင်း။ ပါဂျဲရိုးနဲ့တက်တာတောင် ဆန်ကောထဲ ဆီးဖြူသီးထည့်လှိမ့်ခံ ရသလိုပဲ။ မူးတတ် မော်တတ်တဲ့သူဆို ကျိန်းသေကို ထိုးအန်တတ် သည်။



www.burmeseclassic.com

www.burmeseclassic.com



လောကနန္ဒာစေတီတော်မြတ်က ရောဝတီမြစ်ကမ်းနံဘေးမှာ တည်ရှိပါ၏။ လောကနန္ဒာစေတီနဲ့ ရောဝတီပန်းရလှပါသည်။ စေတီတော်ရဲ့အုတ်လှေကားထစ်တွေကနေ ရောဝတီကိုခံစားရတာ အရသာတစ်မျိုးပါ။

စေတီခြေရင်းမှာ ငါးကြော်၊ ပုစွန်ကြော်တွေရောင်းပါသည်။ လတ်ဆတ်လို့လားမသိ။ စားကောင်းက ချိုမြိန်လှပါသည်။ အကြော်ပူပူ ကြွပ်ကြွပ်ရွှရွှကို နွယ်က ခင်သီရိကို ဝယ်ကျွေးသည်။

"မကျွေးနဲ့လေ။ သန့်လား မသန့်လား မသိဘူး။ ဗိုက်နာဦးမယ်"

ကေရီက နွယ့်ကိုဟန့်တော့ နွယ့်ခမျာ မျက်နှာငယ်လေးနှင့်။

မခင်သီရိက ...

"ရပါတယ် စားကြည့်မယ်"

နွယ့်လက်ထဲက အကြော်တွေကို ယူစားလိုက်သည်။





"ကောင်းသားပဲ။ လတ်ဆတ်တယ်။ ဒါပေမဲ့ ဆီတော့သိပ်မသန့်ဘူး ထင်တယ်"

ကေရီက နွယ့်ကို ခပ်စူးစူးကြည့်လိုက်သဖြင့် နွယ်လန့်သွားသည်။

"နောက်ဆို သတိထားပါ။ ဧည့်သည်တွေကို အစစအရာရာ ဂရုစိုက်ရမှာလေ။ ဧည့်သည်တွေအတွက် ဟိုတယ်မှာ အလတ်ဆတ်ဆုံး အသန့်ရှင်းဆုံး အစားအစာတွေ စီစဉ်ပေးပြီးသား။ သူတို့ ပုစွန်ကြော်စားချင်တာပဲဖြစ်ဖြစ်၊ ငါးကြော်စားချင်တာပဲဖြစ်ဖြစ် ဟိုတယ်မှာ စီစဉ်ပေးလို့ရတယ်။ ငါပြောတာ နားလည်လား"

"ဟုတ်ကဲ့ မမ"

ထိုစကားတွေကို ခင်သီရိ ဘုရားရှိခိုးနေတုန်းပြောတာပါ။ နွယ်နွယ် နည်းနည်းတွန့်သွားသည်။ သူဌေးရဲ့ဧည့်သည်မို့ စလိုက်လာကတည်းက နွယ်နွယ်ရော ကိုဘုန်းပါ ခေါင်းကျိန်းနေကြတာပါ။ သတိထားနေသည့်ကြားက မှားသေးသည်။ ပုဂံ



www.burmeseclassic.com

www.burmeseclassic.com



သူဆိုတော့လည်း စေတနာဖြူမိပါသည်။ စားစေချင်တဲ့ စေတနာ နဲ့ပါ။

လောကနန္ဒာစေတီမှာ ဆုတောင်းပြည့်ဘုရားငါးဆူ ဖြစ်သော ပြည့်ငါးပြည့်ထဲမှ တစ်ဆူစံပယ်ပါသည်။ လောကနန္ဒာ စေတီတော်၏ အရှေ့ဘက်တန်ဆောင်းအတွင်း၌ ကိန်းဝပ်၏။

နွယ်က ပြည့်ငါးပြည့်အကြောင်း ရှင်းပြပြီး လောက နန္ဒာရှိ ဆုတောင်းပြည့်ဘုရားကို ခင်သီရိကို ဖူးမြော်စေသည်။

✧ ❤ ✧





လောကနန္ဒာက ပြန်ထွက်လာတော့ မိုးက လုံးဝ တိတ်သွားပြီ၊ မိုးသားရိပ်တွေတော့ ရှိနေသေးပေမယ့် ပါးသွားပြီ။

တန့်ကြည့်တောင်ကို ဖူးဘုရားနားက စက်လှေဂိတ် ကနေ ကူးရသည်။

ဖူးဘုရားသည် ပုဂံမြို့ဟောင်း၏ အနောက်ဘက် ဧရာဝတီမြစ်ကမ်းနဖူးတွင် တည်ရှိသည်။ ၁၉၇၅ ခုနှစ် ပုဂံငလျင် ဒဏ်ကြောင့် လုံးဝပျက်စီးသွားသဖြင့် အသစ်ပြန်လည်တည်ထား သော ဘုရားဖြစ်သည်။

စေတီ၏ကိုယ်လုံးတော်သဏ္ဌာန်မှာ အဆင်တန်ဆာ ရှိသော ဘုရားတစ်ဆူပုံစံ ဖြစ်ခဲ့သော်လည်း ပြန်လည် ပြုပြင်ထား သော ပုံစံမှာ ရှေးလက်ရာနှင့် မတူတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



ဖူးဘုရားသည် ရောဝတီမြစ်ကမ်းပါးတွင် တည်ရှိသဖြင့် ရောဝတီနှင့် အနောက်ဘက် တန့်ကြည်တောင် ရှုခင်းများကို သာယာလှပစွာ မြင်ရသည်။ ဘုရားဖူးလာသူများ နားနားနေနေ နေရန် အကောင်းဆုံးဖြစ်၍လည်း စည်ကားသည်။

ဖူးဘုရားရောက်တော့ နေရောင်လေး လက်လာသည်။ ကေရီစိန်ပွင့်က စက်လှေရှိ ဝန်ထမ်းကို ...

"ဟိုဘက်မှာ သွားလို့လာလို့ရတာ သေချာတယ်နော်"

"သေချာပါတယ် မမကေရီ။ လမ်းက အဆင်ပြေသွားပါပြီ"

"ဒါဆို သွားမယ်"

စက်လှေဂိတ်ဆင်းရာမှာ တံတားမရှိပါ။ နွံအမာတွေပေါ်ကနေ တက်ရတာ။ အခန့်မသင့်လို့ မာတယ်ထင်ပြီး နင်းလိုက်မှ ပျော့ကျသွားကာ နွံနစ်တာမျိုးလည်းရှိသည်။

စက်လှေသမားမှာ ကြောက်ကြောက်နဲ့ လမ်းပြရသည်။ မြန်မာပြည်မှာ အလုပ်အကိုင် ရှားပါးတော့ သူ့ခြေနှံ့





ဝန်ထမ်းကြားမှာ ရှိသေးလေးစားမှုထက်ပိုတဲ့ ကြောက်ရွံ့မှုမျိုးရှိနေသည်။

တစ်ခုခု အဆင်မပြေရင် အလုပ်ဖြုတ်ခံရမှာ ကြောက်တဲ့ ခံစားမှုက ဝန်ထမ်းအများစုမှာ ဖြစ်ပေါ်နေပါသည်။ အလုပ်ပြုတ်သွားရင် နောက်ထပ်အဆင်ပြေတဲ့အလုပ် ပြန်ရဖို့က မလွယ်ဘူးလေ။

စက်လှေပေါ်ရောက်ပြီး ကမ်းကခွာကာစမှာပဲ လှိုင်းတစ်ချက် ပုတ်လိုက်သဖြင့် လှေက ဘယ်ညာယိမ်းသွားသည်။

"ဟဲ့ ... သေချာလုပ်ပါဟယ်"

"ဟုတ် ... ဟုတ်ကဲ့ လှိုင်းပုတ်သွားလို့ပါ မကေရီ။ ဘာမှ မဖြစ်ပါဘူး"

"ဟင်း ... လေယာဉ်နဲ့သွားလို့ရရင်တောင် သွားချင်တယ်တကယ်။ ရဟတ်ယာဉ်ရပ်ဖို့နေရာ မရှိလို့"

လှေသမားက သူမ မမြင်အောင် မဲ့သည်။ နွယ်နွယ်ထွန်းကလည်း စိတ်ထဲကနေ မဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ခင်သီရိက လှမ်းမြင်နေရတဲ့ သစ်တင်တဲ့သင်္ဘောတွေ၊ စဥ့်အိုးကြီးတွေ တင်ထားတဲ့ ရွက်သင်္ဘောကြီးတွေကို ခာတ်ပုံတွေ တဖျပ်ဖျပ်ရိုက်။ မြစ်ကမ်းဘက်တွေကို ခာတ်ပုံတွေ ရိုက်နဲ့ သဘောကျနေသည်။

နွယ်နွယ်ကတော့ တစ်ဖက်ကမ်းမှာ အဆင်ပြေဖို့ပဲ ဆုတောင်းမိသည်။ သူ့ရွှေးမကိုယ်တိုင် ပါလာတဲ့ ခရီးစဥ်မို့ တကယ်ခေါင်းကျိန်းပါသည်။

တစ်ဖက်ကမ်းရောက်တော့ လေ့ပေါ်အတက်ကို သေချာစွဲတင်ရသေးသည်။ ခင်သီရိက ကမ်းနားမှာ ရေချိုးနေကြသော မိသားစုကို သဘောကျနေသေးသည်။

သူမတို့စက်လှေ လာတာမြင်တာနဲ့ ဟိုတယ်က ပါဂျဲရိုးက အဆင်သင့် ထိုးစိုက်ပေးထားသည်။ air-con ပါအဆင်သင့် ဖွင့်ထားပေးပြီးသား။ ကားပေါ်တက်တာနဲ့ အေးနေအောင်လို့လေ။ ကေရီစိန်ပွင့် ပါလာတာမို့ ပိုသတိထားနေရသည်။ ပုံမှန်ဆိုရင်လည်း ဧည့်သည်တွေကို သေသေချာချာ ဂရုစိုက်ပါသည်။





ဒါပေမဲ့ သူ့ရွှေးမပါလာတာ ကြောက်စိတ်ကြီးတွေနဲ့ သတိထားနေကြတာ။

တောင်ပေါ်တက်တက်ချင်း ကုန်းအတက်မှာ ကားက နွံတစ်ချက် နစ်သွားသေးသည်။ ရိုးရိုးဂီယာနဲ့ရုန်းတာ မရသဖြင့် ဂီယာချိန်းပြီး မနည်းရုန်းထွက်ရသည်။

"ဆက်တက်လို့ ရပါ့မလား"

"ရပါတယ် မမကေရီ။ ရှေ့တောက်လျှောက်က လမ်းကောင်းသွားပါပြီ"

တန့်ကြည့်တောင်ကြောတစ်လျှောက်မှာ သဘာဝ ခာတ်ငွေ့တူးဖော်သည့် လုပ်ငန်းတွေ တွေ့ရသည်။ တချို့နေရာ တွေမှာ ဆေးလိပ်မသောက်ရဟု တားမြစ်ထားသော သတိပေး ဆိုင်းဘုတ်တွေတောင် တွေ့ရသည်။ ကားလမ်းက အတက်မတ် ပြီး အချိုးအကွေ့ ကြမ်းလွန်းသည်။ အရှိန်နဲ့ တက်ရတာမို့ ကား က ယိမ်းထိုးနေသည်။ ကားလမ်းဘေး တောင်စောင်းတစ်လျှောက် မှာ ရှားစောင်းလက်ပတ်ပင်တွေကို အလေ့ကျပေါက်နေတာ တွေ့



www.burmeseclassic.com

www.burmeseclassic.com



ရ၏။ လှမ်းကြည့်လိုက်ရင် နီးနီးလေးလိုလို ရောက်တော့မလိုလိုနဲ့ တော်တော်တက်ရသည်။

စေတီတော်ခြေရင်း ကားပါ့ခ်ကနေ ရင်ပြင်တော်ပေါ်သို့ စောင်းတန်းတွေကတစ်ဆင့် ခြေလျင်ထပ်တက်ရသေးသည်။

စက်လှေတစ်တန်၊ ကားတစ်တန်နဲ့ တက်ခဲ့ရသမျှ ရင်ပြင်တော်ပေါ်ရောက်ရုံနဲ့ အမောပြေသွား၏။

တန့်ကြည့်တောင်စွယ်တော်ရှင်မြတ်ကို ဖူးမြော်နေစဉ်မှာပဲ နေခြည်နွေးတို့က လင်းလက်စွာ။

ရင်ပြင်ပေါ်က လှမ်းမြင်ရတဲ့ ဧရာဝတီရှုခင်းကလည်း မက်လောက်စရာ။

ဖူးဘုရားဘက်မှ ပုဂံနေဝင်ချိန်ကိုကြည့်ရင် နေလုံးကြီးသည် တန့်ကြည်တောင်အောက်သို့ ငုပ်လျှိုးသွားသည်ဖြစ်ရာ ပုဂံ(Sun Set)ရှုခင်းတွင် ကမ္ဘာလှည့်ခရီးသွားတို့ အကြိုက်ဆုံးဖြစ်သည်။





တန့်ကြည့်တောင်သည် ပခုက္ကူမြို့နယ်ထဲတွင်ပါဝင်သည်။ တန့်ကြည့်တောင်ပေါ်တွင် မြတ်စွာဘုရားရှင် ဒေသစာရီကြွချီတော်မူလာစဉ် မြစ်တစ်ဖက်ကမ်းရှိ လှမ်းမြင်ရသော နေရာသည် နောင်တစ်ချိန် ပေါက္ကံရွှေပြည် ပေါ်ထွန်းလိမ့်မည်ဟု ဗျာဒိတ်ထားတော်မူသည်။ တောင်ပေါ်မှ တန့်ကြည့်၍ ဗျာဒိတ်ပေးတော်မူသော ထိုတောင်အား တန့်ကြည့်တောင်ဟုတွင်သည်။

ခင်သီရိကတော့ အရမ်းကို သဘောကျနေသည်။

ဧရာဝတီကလည်း နေရောင်အောက်မှာ လက်လက်တောက်နေပြီ။

✧ ❤ ✧



www.burmeseclassic.com

www.burmeseclassic.com



ဟိုတယ်ကို ပြန်ရောက်တာနဲ့ ခင်သီရိက နွယ့်ကို မနက်ဖြန်မှ တွေ့မည်ဟု ပြောကာ သူမအခန်းထဲ ဝင်နားသွားသည်။ ကေရီစိန်ပွင့်က သူမကိုယ်ပိုင်ရဟတ်ယာဉ်နဲ့ ရန်ကုန်ကို ပြန်သွားပြီ။

နွယ်လည်း ခုမှ သက်ပြင်းချနိုင်တော့သည်။ အိမ် ပြန်ပို့ပေးဖို့ ဖယ်ရီကား စောင့်နေပြီ။

ကိုဘုန်းကတော့ အဆင်သင့် စောင့်နေရဦးမည်။ ခင်သီရိ အပြင်ထွက်ချင်ရင် ကိုဘုန်းရှိမှ ဖြစ်မှာလေ။ ထွက်ချင်မှ ထွက်မှာပါ။ ဒါပေမဲ့ ထွက်မယ်ဆိုရင် သူ အဆင်သင့်ရှိမှပေါ့။

"ကိုဘုန်း ... နွယ်ပြန်ပြီ"

"အင်း ... အင်း ... ကိုကို ညကျရင် ဖုန်းဆက်လိုက်မယ်"





တကယ်တော့ ဘုန်းထွဋ်ခေါင်မြတ်နဲ့ နွယ်နွယ်တို့ ချစ်သူတွေပါ။ ရန်ကုန်သား ကိုဘုန်းက ပုဂံသူညိုချောလေး နွယ့်ကို အမြတ်တနိုး ချစ်ရှာသည်။ ဖြူစင်ရိုးသား ပွင့်လင်းတဲ့ သနပ်ခါးပို့ဖြူလေးက အေးချမ်းစွာ လှတာမို့ ကိုဘုန်းက စွဲမက်ရတာပါ။

နွယ်က ကိုဘုန်းပဲ ခေါ်ပေမယ့် ဘုန်းထွဋ်ခေါင်မြတ်ကတော့ ကိုကိုက တစ်ပြားသားမှ မလျှော့။

ထိုညက ခင်သီရိက အပြင်မထွက်တော့။ ဒင်နာဆောင် အပြင်မှာထွက်မစား။ အခန်းထဲ ပို့ပေးရသည်။ ဘုန်းထွဋ်က ကုမ္ပဏီကပေးထားသော အဆောင်မှာ နေတာပါ။ အဆောင်ရောက်တာနဲ့ နွယ့်ဆီ ဖုန်းဆက်ရသည်။

"နွယ်လေး"

"ကိုဘုန်းရယ် ... ဒီနေ့ လူမပင်ပန်းဘူး၊ စိတ်ပင်ပန်းလို့ သေမှာ သိလား"

"အဆင်ပြေတယ်မို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ပြေပါတယ်၊ ဒါပေမဲ့ ညည့်သည်ကို အကြော်ဝယ်ကျွေးမိလို့ ဘောစိမက ဆူသွားတယ်။ ကြောက်လိုက်တာ"

"နွယ်လေးကလည်းကွာ။ ဘာမှ ကြောက်စရာမရှိဘူး။ လူလူချင်း ဘာလို့ ဒီလောက်ကြောက်နေတာလဲ။ ကိုယ်က သူ့လခစား။ သူ့အလုပ်ကို တာဝန်ကျေအောင်လုပ်ပေးရင် ပြီးတာပဲ။ ဘာမှ အလကားနေရင်း ကြောက်စရာမလိုဘူး"

"ကိုဘုန်းက သတ္တိကောင်းတယ်နော်။ နွယ်က အဲဒါကြောင့် အားကိုးတာ"

"ဟုတ်တယ်လေ၊ ကိုယ့်အလုပ်ကို တာဝန်ကျေဖို့ပဲလိုတာ။ တာဝန်ကျေရင် ပြီးတာပဲ။ အလကားနေရင်း ကြောက်နေစရာ မလိုပါဘူး။ သူ့အလုပ်မှာ အဆင်မပြေရင် နောက်အလုပ် ပြောင်းလုပ်ရုံပေါ့ကွာ"

"ဟုတ်တော့ ဟုတ်ပါတယ်။ ဒါပေမဲ့ ဘာလို့မှန်းမသိဘူး။ ကြောက်နေတာ"





"နွယ်လေးကို သနားပြီး ပိုပိုချစ်နေရတာ။ ဘာမဆိုကြောက်နေတာပဲ။ ကိုကိုရှိတယ်။ နွယ်လေး အလုပ်မလုပ်လည်း ကိုကို ရှာကျွေးနိုင်တယ်၊ ပူမနေနဲ့"

"နွယ်လည်း အားကိုးပါတယ်။ ဒါပေမဲ့ အလုပ်မလုပ်ဘဲတော့ မနေနိုင်ဘူး။ အထူးသဖြင့် ပုဂံသမိုင်းကို သိထားတဲ့ ပုဂံသူဆိုတော့ ညည့်သည်မြင်တိုင်း ရှင်းပြချင်နေတာ။ ပုဂံဆိုတာ ဘယ်လောက် ကြီးကျယ်မြင့်မြတ်တဲ့ မဟာပုဂံဆိုတာကို ကမ္ဘာက သိစေချင်တာ။ အဲဒါကြောင့် နိုင်ငံခြားသားတွေကို သေချာရှင်းပြချင်တာ"

"ကိုကို သိပါတယ် ပုဂံသူရယ်"

"ဒီနေ့ သူဌေးမပါလာတော့ တကယ် စိတ်ဖိစီးမှုများတယ် သိလား"

"ထားလိုက်ပါကွာ။ ကိုယ်အမှားမလုပ်ရင် ဘာမှကြောက်စရာ မလိုဘူး။ အမှားရှိရင်တောင် ဖြေရှင်းလို့ရတာပဲ"

"ဒါတောင် ကိုဘုန်းပါလို့ အားရှိတာ။ တခြားဒရိုင်ဘာနဲ့ဆို ပိုအားငယ်မှာ"



www.burmeseclassic.com

www.burmeseclassic.com



"ပုဂံသူဆိုတာ သွေးမကြောင်ရဘူးလေကွာ"

"ပြောတော့ ကိုဘုန်းရေ"

"ချစ်နှယ်"

"ရှင်"

"ကိုကိုတော့ ပုဂံသူကိုရော ပုန်းရည်ကြီးကိုပါ စွဲနေပြီ"

"မနက်ဖြန် သုပ်ခဲ့မယ်လေ"

"အင်း ... များများသုပ်ခဲ့"

"အရမ်းလည်း မစားနဲ့။ ဗိုက်ပွပြီး လေထနေဦးမယ်"

"ဒီညေ့သည် ပြန်သွားမှ အေးဆေးတွေ့ရမယ် ထင်တယ် နော် ချစ်"

"သူက တစ်လတောင်နေမှာ။ ဒါပေမဲ့ ကားပေါ်မှာတွေ့နေရတာပဲ ကိုဘုန်းရယ်"

"air-con ကားပေါ်မှာ ချစ်ချစ်ရဲ့သနပ်ခါးနံ့လေးက လာကလိတယ်ကွာ"

"ဟွန့် ... ကိုဘုန်းနော်"





"ပြောရင်းနဲ့ လွမ်းလာပြီကွာ။ လာနမ်းပစ်ချင်လိုက်တာ နော်"

"ကိုဘုန်းနော်"

"သနပ်ခါးကို ပြောတာပါကွာ ... ဟီး ဟီး"

"နေဦး ... နှယ်လိမ်းတဲ့ သနပ်ခါးတုံးကြီး ကိုဘုန်းကို ပေးထားမယ် ... ခိ ခိ"

သြော် ချစ်သူတို့ဘာဝ ကြည်နူးစရာလေးတွေပေါ့လေ။

✧ ❤ ✧



www.burmeseclassic.com

www.burmeseclassic.com



သူဌေးမ ပြန်သွားတော့ ဘုန်းထွဋ်ရော နွယ်ပါ အလုပ်လုပ်ရတာ စိတ်ဖိစီးမှု တော်တော်လျော့သွားသည်။ အလုပ်တိုင်းမှာ စိတ်ဖိစီးမှု မရှိဘူးလား ဆိုရင်တော့ ရှိတာပါပဲ။ ဒါပေမဲ့ ရှိသင့်တာထက် ပိုရင်တော့ မကောင်းဘူးပေါ့။

ဘုန်းထွဋ်က ကားမောင်းပို့ရုံတင်။ နွယ်က Guide ဆိုတော့ ပိုပင်ပန်းသည်။ ပြီးတော့ ခင်သီရိက အလည်သက်သက် လာတဲ့ ဧည့်သည်မဟုတ်။ သေသေချာချာ စူးစမ်းလေ့လာဖို့ အတွက်လာတဲ့ အရှေ့တောင်အာရှသမိုင်းဆရာမ။ စစ်စစ်ပေါက် ပေါက် ရှာရှာဖွေဖွေလည်း မေးတတ်သည်။

နွယ်တောင် တစ်နေ့ တစ်နေ့ အိမ်ပြန်ရောက်ရင် စာတွေ ပြန်ဖတ်ရသည်။





ဒါတောင် နွယ်တစ်ယောက် ပုဂံမှာမွေးပြီး ပုဂံနဲ့ တစ်သားတည်းကျနေတဲ့ ပုဂံသူမို့လို့။ တခြား Guide သာဆိုရင် မလွယ်ပါ။

ခင်သီရိက ဇွဲကောင်းသည်။ အချိန်ကို နည်းနည်းမှ အလဟဿ အဖြစ်မခံ။ တစ်ချိန်လုံး စေ့စေ့စပ်စပ် လေ့လာသည်။ မေးမြန်းသည်။

နေ့စဉ်ရက်ဆက် ကြာလာတော့ ခင်သီရိက ဘာမှ မဖြစ်။

နွယ် ဒေါင်းတော့သည်။

နွယ် ဖျားပြီး လုံးဝမထူချင်ပေမယ့် ဆေးသောက်ပြီး အလုပ်လုပ်ဖို့ ကြိုးစားသည်။

"မင်း တော်တော်နေမကောင်း ဖြစ်နေတာပဲ နွယ်၊ နားလိုက်ပါလား၊ တော်ကြာ မင်းရဲ့နမိုးနီးယားက တို့ကိုပါ ကူးဦးမယ်။ ဘုန်းထွဋ်ခေါင်မြတ်ကလည်း Guide လုပ်နိုင်တယ်မို့လား။ တို့ သူနဲ့ပဲ သွားလိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



နှယ် စောဒကတက်လို့ မရ။ ခင်သီရိက နှယ့်ဆီက အဖျားကူးမှာ ကြောက်နေတာကိုး။

ဘုန်းထွဋ်နဲ့ပဲ သွားသည်။ နှယ်ကလည်း ပြန်ကွေး ရလို့ ကျေးဇူးတောင် တင်ပါသေးသည်။

ကိုဘုန်းကလည်း အရမ်း တော်တဲ့ ပုဂ္ဂလိက ပါယ်ရှယ် လစ် Guide တစ်ယောက်ပဲလေ။ အဆင် ပြေမှာပါ။ တကယ်ဆို ခင်သီရိနဲ့ မိန်းမသားချင်း အဖော်ရအောင်လို့သာ သူ့ဒွေးက နှယ့် ကို ထည့်ခိုင်းတာ။ ကိုဘုန်းနဲ့ပဲသွားလည်း အဆင်ပြေပါသည်။

နှယ် အိမ်ပြန်ပြီး ဆေးသောက်ကာ အိပ်ပစ်လိုက် သည်။

ဘုန်းထွဋ်နဲ့ ခင်သီရိလည်း အဆင်ပြေပါသည်။ ခင်သီရိမေးသမျှ ဘုန်းထွဋ်က အကုန်ရှင်းပြသည်။

ဘုန်းထွဋ်ရဲ့အားသာချက်က စကားပြောရာတွင် စိတ်ဝင်စားစရာကောင်းအောင် ပြောတတ်၏။

စကားလုံးအထား အသိလှသည်။





ပြီးတော့ ပြောတဲ့အက်ရှင်က မှ(ဒ်)ပါသည်။

ရုပ်ရည်ကလည်း ဆွဲဆောင်မှုရှိတော့ ခင်သီရိက ဘုန်းထွဋ်ကိုသဘော ကျနေသည်။

✧ ❤ ✧

ဝေဖန်စာ၊ အကြံပြုစာနှင့် မိတ်ဆက်စာများ ပေးပို့ပါလျှင်
အမှတ်-၉/၁၁၊ ၈-လွှာ(ဂ)၊ ဇေယျဝတီလမ်း(ဗဟိုလမ်း)၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့သို့
ပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



နွယ် သုံးရက်လောက် နားလိုက်ရသည်။ နွယ်ပြန်ကောင်းလို့ အလုပ်ပြန်ဆင်းတော့လည်း နွယ်နဲ့အတူ ကိုဘုန်းကိုပါ ခင်သီရိက Guide ခေါ်သည်။ အရင်လို ဒရိုင်ဘာသက်သက် မဟုတ်တော့ဘဲ ဘုရားတွေရောက်ရင် အတူလိုက်ရှင်းပြခိုင်းသည်။ တစ်ခါတလေ နွယ်တောင် ဘေးရောက်ကာ အပိုသက်သက်ကြီး ဖြစ်နေသည်။

ခင်သီရိက ကိုဘုန်းကို ပိုသဘောကျသည်။ နွယ်ကတော့ စိတ်ထဲမထားပါ။ နွယ် သက်သာသဖြင့် သဘောတောင်ကျသေး။ ပြီးတော့ အရင်က ကိုဘုန်းက ကားပေါ်ကျန်ခဲ့ရာက နေ ခုလို ဘုရားပေါ် အတူပါလာတော့ ပိုကောင်းတာပေါ့။ ထို့အတွက် ဝမ်းသာရသည်။





ဘုန်းထွဋ်ကလည်း ထို့အတူပင်။ အလုပ်လုပ်ရင်း နွယ့်မျက်နှာလေး မကြာခဏ ခိုးငေးခွင့်ရသဖြင့် အဆင်ပြေနေပါသည်။

စွယ်တော်လေးဆူကို တစ်နေ့တည်း ဖူးရသလို ပြည့်ငါးပြည့်ကိုလည်း တစ်ရက်တည်းဖူးရသည်။ ပြည့်ငါးပြည့် ဆိုသည်မှာ အနော်ရထာမင်းကြီး ကိုးကွယ်ခဲ့သော ဆုတောင်းပြည့် ဘုရားငါးဆူကို ခေါ်ပါသည်။ အဓိဋ္ဌာန်အောင် ပြည့်ငါးပြည့် ဘုရားဟုလည်း ခေါ်တွင်ကြသည်။

အဓိဋ္ဌာန်အောင် ပြည့်ငါးပြည့် ဘုရားငါးဆူမှာ ...

၁။ ဓမ္မရာဇကဘုရား တောင်ဘက်မုခ်ရှိ ဆုတောင်းပြည့် ဘုရား။

၂။ ဓမ္မရာဇကဘုရားဝန်း အတွင်း အရှေ့ဘက်မုခ်ရှိ ဆုတောင်းပြည့်ဘုရား။

၃။ လောကနန္ဒာဘုရားဝန်း အတွင်း အရှေ့ဘက်မုခ်ရှိ ဆုတောင်းပြည့်ဘုရား။



www.burmeseclassic.com

www.burmeseclassic.com



၄။ တာမဏီသိမ်တော်ဘုရား အတွင်းရှိ ဆုတောင်းပြည့်ဘုရား။

၅။ ရွှေဆံတော်ဘုရား အရှေ့ဘက်ရှိ ဆုတောင်းပြည့်ဘုရား။

တို့ ဖြစ်သည်။

ထိုဘုရားငါးဆူမှာ မိုးရွာရင်တော့ တာမဏီသိမ်တော် ဆုတောင်းပြည့်ဘုရားသို့သွားသည့်လမ်းမှာ သိပ်မကောင်းပါ။ မိုးရွာရင် လမ်းပျက်သည်။ မြေသားလမ်းဖြစ်ပြီး ကားအဝင်အထွက်များသဖြင့် မိုးရွာရင် ကတ္တရာလမ်းရှိသည့်နေရာမှ လမ်းဆင်းလျှောက်ရ၏။ လမ်းကလည်း ရွှံ့နွံလမ်းပါ။ ဘုရားဖူးတွေမှာ ရွှံ့ဗွက်အပေခံပြီး သွားကြပါသည်။ ဘုရားဖူးရဖို့သာ အဓိကလေ။ ဘုရားဖူးများသော အထင်ကရဘုရားသို့ သွားရာလမ်းကို လမ်းကောင်းကောင်း ခင်းပေးသင့်ပါသည်။

သူမတို့သွားသည့်အချိန်လည်း မိုးရွာနေသဖြင့် လမ်းမကောင်းပါ။ ဒါပေမဲ့ သူတို့ကားတော့ ဝင်လို့ရသေးသည်။ အဝင်ကတော့ ဖြောင့်ဖြောင့်ဖြူးဖြူးနဲ့ ဝင်သွားပါသည်။ ပြန်ထွက်





တော့ ကတ္တရာလမ်းအထွက်တည့်တည့်မှာ Express ကားကြီးတစ်စီးက ပိတ်ရပ်ထားသည်။ ထိုကားကြီးက လမ်းအထွက်ပေါက်ကိုဖယ်ပြီးမရပ်ဘဲ တည့်တည့်ကြီးကို ပိတ်ရပ်ထားသည်။ ကားကိုမဖယ်နိုင်းဘဲ သူတို့ကားက ဘေးကနေ ပတ်အထွက် ဗွက်နစ်တော့တာပဲ။ ကားက ဘယ်ဂီယာနဲ့မှကို မရုန်းတော့ဘဲ နစ်ပြီးရင်းနစ်နေသည်။

“နွယ် ဆင်းတွန်းပေးမယ် ကိုဘုန်း”

“ကျွန်မလည်း တွန်းပေးမယ်”

“အို ... မခင်သီရိ မဆင်းပါနဲ့၊ အောက်မှာ နွံတော်တော်ထူတယ်”

“ရပါတယ်၊ ကျွန်မတို့မှ ဆင်းမတွန်းရင် ဘယ်ရုန်းလို့ရမလဲ”

မိန်းမသားနှစ်ယောက် ကားတွန်းနေတာကို Express ပေါ်မှ ယောက်ျားသားတွေက ကြည့်ကောင်းနေကြသည်။ မိန်းမသားနှစ်ယောက်ထဲမှာ တစ်ယောက်က နိုင်ငံခြားသူ။ Express



www.burmeseclassic.com

www.burmeseclassic.com



ပေါ်မှ ယောက်ျားရင့်မကြီးတွေက မြန်မာ့စိတ်ထားကို ပျစ်ပျစ်နှစ်နှစ် လှစ်ဟပြနေကြသည်။

ဖြတ်သွားဖြတ်လာ ပုဂံသား ဆိုင်ကယ်တစ်စီးကမနေသာဘဲ ရပ်ကာ ဆင်းကူတွန်းပေး၏။ ဆိုင်ကယ်စီးသူနှစ်ယောက်က ယောက်ျားသားတွေဆိုတော့ အားပါသည်။ ဒါပေမဲ့ ကားက မရွေ့။

"ဘီးနစ်နေတာဗျ။ နွံချောက်ထဲကို ကျနေတာ။ သစ်သားချောင်းတစ်ချောင်းလောက် ရှာလိုက်ဦးမယ်။ ဒီတိုင်းဆိုရင်တော့ ရမှာမဟုတ်ဘူး"

ပြောပြောဆိုဆိုနဲ့ သူတို့ဘာသာ လိုက်ရှာတော့ ဝါးလုံးပိုင်းတစ်ပိုင်း ရလာသည်။ ထိုဝါးလုံးပိုင်းကို တုံးခံပြီးတွန်းတင်မှ ရသွားတော့သည်။

ကားလွတ်လာတာတောင် ကားကြီးက လမ်းပိတ်ထားဆဲ။ ထွက်ပေါက်နဲ့ လွတ်ရာကို ရွှေ့ခိုင်းတော့ မကြည်သလိုလိုကြည့်သေးသည်။





ဘုန်းထွဋ် စိတ်တွေတိုနေသည်။ ခင်သီရိကိုလည်း အားတွေနာသည်။ ခင်သီရိရဲ့ခြေထောက်တွေလည်း ဗွက်တွေလူးလို့။ နီးနီးနားနားမှာ ဆေးစရာလည်း ရေရှာမရ။ ဗွက်တွေချည်းပဲ။

လမ်းသွားရင်း ဈေးဆိုင်လေးတစ်ခုမှာ အကူအညီတောင်းကာ ခြေထောက်ကို ရေဝင်ဆေးရသည်။

ခင်သီရိ တစ်ယောက် Express ကားပေါ်မှ မြန်မာအမျိုးသားတို့ရဲ့စိတ်ဓာတ်ကို မမှတ်သွားပါစေနဲ့ဟု ဆုတောင်းမိ၏။



www.burmeseclassic.com

www.burmeseclassic.com



“ကျွန်မ မျှော်စင်မှာ ကိုဘုန်းနဲ့ နွယ့်ကို ညနေစာကျွေးချင်တယ်။ dinner”

“မစားတော့ပါဘူး မခင်သီရိ။ ကျွန်တော်တို့က ဧည့်သည်နဲ့အတူ စားခွင့်မရှိပါဘူး”

“ရှင်တို့ကလည်းလေ။ ဘာမှခေါ်ကျွေးလို့ မရဘူး”

“ဒါ ကျွန်တော်တို့အတွက် သတ်မှတ်ထားတဲ့ စည်းကမ်းမို့လို့ပါ”

“စကားမစပ် ရှင်တို့ပို့ပေးတဲ့ ကန်တော်ကြီးမြန်မာထမင်းဟင်းဘူဖေးဆိုင်က စားလို့ကောင်းတယ်၊ ပြီးတော့ ကျွန်မ ပုန်းရည်ကြီး ကြိုက်တယ်”

“ဟုတ်ကဲ့ ... သဘောကျလို့ ဝမ်းသာပါတယ်”





“ပုန်းရည်ကြီးအမှုန့်ထုပ် အခြောက်ထုပ်ကို ကျွန်မဟိုကို သယ်သွားမယ်။ ကျွန်မမိသားစုနဲ့ ကျွန်မကျောင်းသားတွေကို ကျွေးချင်လို့”

“ခုလို မြန်မာ့ရိုးရာ အစားအစာကို သဘောကျတာကိုလည်း ကျေးဇူးတင်ပါတယ်”

“မြန်မာပြည်က ပုဂံမြို့တော်နဲ့ ပုဂံက မြန်မာအစားအစာတွေ အရမ်းလိုက်ဖက်တယ်။ ပြီးတော့ ရှင်တို့ပြောသလို ကျွန်မ လက်ညှိုးနဲ့ ထိုးကြည့်တယ်။ တကယ် လက်ညှိုးထိုးမလွဲ ဘုရားတွေရှိတယ်။ ဒါ ကမ္ဘာပေါ်မှာ ဒီတစ်နေရာပဲ ရှိမယ်ထင်တယ်။ ဒီလိုဖြစ်အောင် တကူးတက ဖန်တီးခဲ့ကြတာ မဟုတ်ဘဲ ဒီလိုအမွေအနှစ်တွေ ကျန်နေတာ သိပ်ဂုဏ်ယူဖို့ကောင်းတယ်၊ ရှင်တို့နိုင်ငံအတွက် ပုဂံဟာ ရွှေတွင်းကြီးပါပဲ”

သူတို့ထက် ခင်သီရိက ပိုစကားကြွယ်နေပါသေး



www.burmeseclassic.com

www.burmeseclassic.com



ခင်သီရိက မြန်မာလုံချည်ကို ချပ်ချပ်ရပ်ရပ် ဝတ်တတ်ပါသေးသည်။ ပုဂံမှာနေတဲ့တစ်လျှောက် သူမ လုံချည်ပဲ ဝတ်သည်။ သနပ်ခါးလည်း လူးသည်။ သူမရုပ်ရည်က မြန်မာလုံးဝမဆန်သော မျက်လုံးပြာပြာ၊ နှာခေါင်းချွန်ချွန်၊ ဆံပင်ရွှေအိုရောင်တောက်တောက်၊ အသားက ဖြူလွန်းပြီး နီစပ်စပ်တောင် ဖြစ်နေသေးသည်။ ခုလို နိုင်ငံခြားသူတစ်ယောက်ကို သနပ်ခါးနဲ့ လုံချည်နဲ့ တွေ့ရသဖြင့် ခင်သီရိနဲ့ ဓာတ်ပုံတွဲရိုက်ကြတဲ့ ဘုရားဖူးတွေလည်းရှိသည်။ ခင်သီရိကလည်း သူနဲ့ ဓာတ်ပုံတွဲရိုက်တာကို သဘောကျ ကျေနပ်သည်။

သူမက သူမအကြောင်းတွေလည်း ပြောပြ၏။

"ကျွန်မက ခြစတြေးလျနိုင်ငံသား စစ်စစ်ပါ။ ဒါပေမဲ့ ကျွန်မ ဘာသာစကား အတော်များများကို တတ်တယ်။ ပြီးတော့ အရှေ့တောင်အာရှနိုင်ငံ တော်တော်များများကိုလည်း ခုလိုလိုက်ပြီး လေ့လာဖူးတယ်။ ဘယ်နိုင်ငံပဲသွားသွား ကျွန်မက ဂျပန်ရောက်ရင် ဂျပန်နှာမည်။ ထိုင်းရောက်ရင် ထိုင်းနှာမည်ပဲသုံးတယ်။ ခင်သီရိဆိုတာ ကျက်သရေရှိသော မိန်းမပျိုပေါ့နော်။ ကျွန်မရဲ့မူရင်းသြစတြေးလျနာမည်ကလည်း ကျက်သရေရှိသော မိန်းမပျိုလို့ အဓိပ္ပာယ်ရတယ်လေ"

ခင်သီရိ ရှင်းပြတာကို ကိုဘုန်းနဲ့ နွယ်တို့ သဘောကျနေကြသည်။

ဆရာမပီပီ ခင်သီရိ စကားပြောတာကလည်း နားထောင်လို့ ကောင်းပါသည်။

ဝါကျစီတာလှသည်။ ခင်သီရိသည် သူမရဲ့အလုပ်အတွက် အာရုံစူးစိုက်မှုကောင်းသည်။

နေ့လယ်ဘက်မှာ အပြင်ထွက် လေ့လာရေးလုပ်ပြီး ညဘက်ကျရင် စာတမ်းရေးသည်။

သူမရဲ့ရည်ရွယ်ချက်က အတော်ဆုံး သမိုင်းပညာရှင်တစ်ယောက်ဖြစ်ဖို့။ သူမဟာ အရမ်းကို ထက်မြက်သော မိန်းမတစ်ယောက်ဖြစ်သည်။







www.burmeseclassic.com

www.burmeseclassic.com



သူမထက်မြက်တာက ကိုယ့်ဒူးကိုယ်ချွန် ထက်မြက်တာမျိုးပါ။ ကေရီစိန်ပွင့်လို မိဘငွေကြေးပေါ် မှီခိုပြီး ထက်မြက်တာ မဟုတ်။

ဘာပဲဖြစ်ဖြစ် ကိုဘုန်းရော နွယ်ပါ ခင်သီရိကို လေးစားအားကျနေကြသည်။

✧❤✧





ခင်သီရိကို ပုပ္ပားတောင် လိုက်ပို့ပေးတော့ လမ်းမှာ ထန်းရည်ချို ဝင်တိုက်လိုက်သည်။ သူမလိုပဲ နိုင်ငံခြားသား အတော်များများလည်း ထန်းရည်ချိုသောက်ကြသည်။

ထန်းရည်ကနေ ထန်းလျက်ချက်ပုံ အဆင့်ဆင့်ကို ရှင်းပြတော့လည်း သေချာမှတ်သားနေသည်။ နွယ်က ပုပ္ပားတောင်ခြေရောက်တော့ စကားဝါပန်းတွေဝယ်ကာ သူမခေါင်းမှာပန်သည်။ နွယ် ပန်တာတွေ့တော့ ခင်သီရိကပါ လိုက်ပန်သည်။

မျောက်တွေကိုလည်း ချစ်ခင်နေသေးသည်။ ဘုရားဖူးသည့် အတော်များများက မျောက်တွေကို ကြောက်ကြသည်။ ခင်သီရိကတော့ မျောက်တွေကို ချစ်သည်။ သူမပေါ် ခုတ်တက်တဲ့မျောက်ကို ဖက်တောင်ထားလိုက်သေး၏။



www.burmeseclassic.com

www.burmeseclassic.com



"သနားပါတယ်၊ သူတို့က တောထဲက မျောက်တွေနဲ့မတူဘူး။ သူတို့က လူတွေကျွေးမှ စားရတာဆိုတော့ အတင်းလိုက်တောင်းတာပေါ့"

ခင်သီရိရဲ့နှလုံးသားကို လှစ်ခနဲ မြင်လိုက်ရသည်။

နွယ်နဲ့ ကိုဘုန်းက ပုပ္ပားတောင်ကို တက်နေကြဆိုတော့ မပင်ပန်း။ ခင်သီရိကလည်း သက်လုံကောင်းပါသည်။ လှေကားထစ်ပေါင်းများစွာကို ခဏလေးနဲ့ ကျော်လွှားနိုင်ခဲ့သည်။

ပုပ္ပားတောင်တစ်ဝိုက်ကို အလယ်ပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး အိုအေစစ်အဖြစ် ပြုလုပ်ထားတာမို့ ပုပ္ပားတောင်တက်လမ်းတစ်လျှောက် မြင်ရတဲ့ ရှုခင်းတွေကို စိုပြည်စိမ်းလန်းသာယာအေးချမ်းလှသည်။ ခင်သီရိရဲ့ ကင်မရာလေးက မီးတဖျပ်ဖျပ်။

view ပွိုင့်တွေမှာလည်း အမှတ်တရ ဓာတ်ပုံရိုက်သည်။

ကိုဘုန်းက သူမကို ပုပ္ပားတောင်ရဲ့ရာဇဝင်ကို ရှင်းပြသည်။





သူမက စိတ်ဝင်စားစွာ နားထောင်လို့။ သူမက စကားဝါပန်း ထည့်ထားသော ပုလင်းလေးတွေကိုလည်း စိတ်ဝင်စားနေသဖြင့် ရှင်းပြရသေးသည်။

ဇီဇဝါပန်းတွေကို ကျောက်ချဉ်ရည်ထည့်ထားသော ပုလင်းထဲ ထည့်စိမ်ကာ အဖုံးကို လုံအောင်ပိတ်ထားရင် နှစ်ပေါင်းများစွာ ခံရပါသည်။ အဖုံးကို ဖွင့်လိုက်ရင်ဖြစ်ဖြစ်၊ လေမလုံတော့ရင်ပဲဖြစ်ဖြစ် ပန်းတွေ ချက်ချင်းမည်းသွားမှာ ဖြစ်သည်။

သူမက အရာအားလုံးကို စိတ်ဝင်စားနေသည်။ ပြဿနာက ပြန်အဆင်းမှာ ဖြစ်တာပါ။ ပြန်ဆင်းလို့ တောင်ခြေရောက်ကာနီး နှစ်ကွေ့လောက်မှာ မျောက်တွေကို ရုတ်တရက်ရှောင်ရင်း ခြေခေါက်လဲတော့သည်။

"မခင်သီရိ"

"ဟာ ... မခင်သီရိ လဲပြီ"

ခြေခေါက်လဲတာမို့ ခြေသလုံးတိုင် လည်သလို ဖြစ်သွားသည်။ အနားရှိ ခရီးသွားအဘိုးကြီးတစ်ယောက်က ...



www.burmeseclassic.com

www.burmeseclassic.com



"ခဏလေး ... အဘာလုပ်ပေးမယ်၊ ဒါမျိုးက ခြေထောက်ကို ရုတ်တရက် ဆွဲတည့်လိုက်ရင် ကောင်းသွားမှာ၊ အဘာက အကြောပြင်ဆရာပါ"

ပြောပြောဆိုဆိုနဲ့ ခင်သီရိ ခြေထောက်ကိုကိုင်ကာ ဆတ်ခနဲ ပြန်တည့်ပေးလိုက်သည်။

"ရပြီ၊ လောလောဆယ်တော့ ဒီခြေထောက်ကို ထောက်လို့မဖြစ်သေးဘူး။ သူ့ကို ပွေ့ခေါ်သွားလိုက်။ အဲ ... အိမ်ရောက်ရင် ဆေးပူလေးလိမ်းပြီး ပတ်တီးစည်းထားလိုက်၊ သန်ဘက်ခါဆို ကောင်းသွားလိမ့်မယ်"

ပြောပြီးတာနဲ့ အဘကြီးက တောင်ပေါ်ကို လှစ်ခနဲ တက်သွားသည်။ ခင်သီရိက ...

"ကျေးဇူးတင်စကားတောင် မပြောလိုက်ရဘူး"

ကိုဘုန်းက ...

"ကျွန်တော် ပွေ့လိုက်မယ်နော် မခင်သီရိ"

"အားနာလိုက်တာ ကိုဘုန်းရယ်"





"ရပါတယ်၊ ဟိုတယ်မြန်မြန်ပြန်ပြီး ဆေးလိမ်းဖို့လိုတယ်"

"ကားထဲမှာ ဆေးသေတ္တာပါတယ် ကိုဘုန်း၊ ဆေးသေတ္တာထဲမှာ ပတ်တီးရော ကတ်ကြေးပါ ပါတယ်။ နွယ်မှာ ပရုတ်ဆီ ပါလာတယ်။ ကားထဲရောက်တာနဲ့ လိမ်းလိုက်မယ်။ မခင်သီရိကို မြန်မြန်ပွေ့ခေါ်ခဲ့"

"ကျွန်မ ကိုယ့်ဘာသာ လျှောက်ပါ့မယ်"

"ခြေထောက် ပြန်ဆိုးသွားမှာ စိုးလို့ပါ မခင်သီရိ အားမနာပါနဲ့"

ပြောပြောဆိုဆို ကိုဘုန်းက ပွေ့ချီလိုက်သည်။ နိုင်ငံခြားသူက ဒေါင်ရော ဝိတ်ရော ရှိတာမို့ ချီရတာ သိပ်တော့ မသက်သာ။ တောင်ခြေရောက်ကာနီးမှ ဖြစ်လို့သာ တော်တော့သည်။

ကိုဘုန်းကတော့ ဝတ္တရားအရပါ။ ဒါပေမဲ့ ခင်သီရိမှာ ရင်တွေခုန်နေသည်။ အတွေ့အကြုံမရှိတာတော့ မဟုတ်ပါ။ သူမမှာ ချစ်သူအဆင့် မရောက်သေးပေမယ့် ယောကျ်ားလေးသူငယ်



www.burmeseclassic.com

www.burmeseclassic.com



ချင်းတော့ များစွာရှိပါသည်။ ဒါပေမဲ့ တစ်ခါမှ ရင်မခုန်ဘူးခဲ့။ ခုတော့ ရင်ခုန်သံတွေက ကျယ်လောင်လွန်းလှ၏။ သူ ကြားသွားမှာတောင် စိုးရိမ်မိပါရဲ့။

နွယ်နဲ့ ကိုဘုန်း စိတ်သဘောထား ရိုးသားကာ ခင်သီရိ ခြေထောက် ထိသွားတာကို အရမ်းစိတ်မကောင်းဖြစ်နေကြချိန်မှာ ခင်သီရိက ကိုဘုန်းကို ရင်ခုန်သွားတာ သိရင်။

✧ ❤ ✧





၅

"ဘာ ... ဘာပြောတယ်"

"ဟုတ်တယ်၊ ငါ့ခြေထောက် ထိသွားတယ်"

"Guide နဲ့ ဒါရိုက်ဘာက မင်းကို ဂရုမစိုက်ဘူးလား"

"သူတို့ အရမ်းဂရုစိုက်ပါတယ်၊ အဲဒါကြောင့် ဟိုတယ် ပြန်ရောက်တာနဲ့ ထောက်လို့ရနေပြီ၊ နွယ်က ငါနဲ့လာ အိပ်ပေးတယ်"

"ဘယ်ဖြစ်မလဲ၊ ဓာတ်မှန်တွေ ဘာတွေ ရိုက်ကြည့်ဦးမှပေါ့"

"မလိုပါဘူး။ အခုတောင် တော်တော်ကောင်းနေပြီ။ ငါပြောချင်တာ အဓိက အဲဒါမဟုတ်ဘူး"

"ဘာပြောမလို့လဲ သူငယ်ချင်း"



www.burmeseclassic.com

www.burmeseclassic.com



"ငါ ဘုန်းထွင့်ခေါင်ကို သဘောကျသွားလို့"

"ဘာ"

တစ်ဖက်က ဇေရိစိန်ပွင့် လန့်သွားသလို နှယ်လည်းတုန်လှုပ်သွားသည်။

"ခင်သီရိ ... မင်းက ဒရိုင်ဘာကို"

"ဟုတ်တယ်၊ ဒီနေ့ သူ ငါ့ကိုပွေ့ချီလိုက်တော့ ငါလေ ရင်တွေ အရမ်းခုန်သွားတာ"

"မဖြစ်နိုင်ဘူး။ မင်း အထိအတွေ့ကြောင့် ခဏသာယာသွားတာနေမှာပါ"

"မဟုတ်ဘူး။ ယောကျ်ားလေး သူငယ်ချင်းတွေ ရှိတာပဲ။ တွဲသွားတွဲလာ လက်ပွန်းတတီးလည်း နေဖူးတာပဲ။ ဒါပေမဲ့ ငါ ဘယ်သူ့ကိုမှ ရင်မခုန်ဘူး။ အခု သူ့ကိုစတွေ့ကတည်းက ငါသတိထားမိတယ်။ သူ့စကားပြောတဲ့ စတိုင်လ်ကိုလည်း သဘောကျတယ်။ ရင်ခုန်တာတော့ ဒီနေ့မှ။ သူ ငါ့ကိုချီပြီး ကားဆီကို ဆင်းသွားတာကို ငါလေ မျောသွားတာပဲဟာ"





"ခင်သီရိရယ်၊ မင်းဟာက မဟုတ်လောက်သေးပါဘူး။ ဘာမဟုတ်တဲ့ ဒရိုင်ဘာတစ်ယောက်ကို"

"ဒရိုင်ဘာ သက်သက်တော့ မဟုတ်ပါဘူး၊ သူက Guide လည်း လုပ်တယ်လေ"

"အေး ... ထားပါ၊ ဒါပေမဲ့ သူနဲ့ မင်းအနေအထားက အရမ်းကွာခြားပါတယ်၊ မင်းက ကမ္ဘာ့နာမည်ကြီးတက္ကသိုလ်က ကထိကတစ်ယောက် သူက သာမန် Guide တစ်ယောက်"

"အချစ်မှာ အဲဒါတွေမလိုပါဘူး၊ သူနဲ့ငါ နားလည်မှုရှိဖို့ပဲလိုတာ"

"သွားပြီ။ မင်းကို မနိုင်တော့ဘူး။ သူက ယောကျ်ားတန်မဲ့ မင်းကိုဘယ်လိုများ ချူလိုက်ပါလိမ့်"

"ဟေး ... မင်း သူ့ကို အထင်မလွဲပါနဲ့ကွယ်။ သူက ကိုယ့်ကို ညော့်သည်လိုပဲ သဘောထားတာပါ။ ကိုယ့်ကို စိတ်ဝင်စားပုံလည်း မရပါဘူး။ ညော့်သည်ဆိုပြီး ညော့်ဝတ်



www.burmeseclassic.com

www.burmeseclassic.com



ကျေရုံပါပဲ။ ကိုယ်ကပဲ စိတ်ဝင်စားနေတာ ဟင်း ဟင်း။ သူ ကိုယ့်ကိုစိတ်ဝင်စားလာအောင် ကြိုးစားရဦးမယ်။ မိန်းကလေးက စရမှာ ကေရီတို့ မြန်မာ့ယဉ်ကျေးမှုနဲ့တော့ မကိုက်ဘူးပေါ့လေ။ ဒါပေမဲ့ ကိုယ့်မှာ အချိန်သိပ်မကျန်တော့ဘူးလေ။ ပြီးတော့ ကိုယ် နောက်တစ်ခေါက်လာဖို့လည်း မလွယ်တော့ဘူး။ ဒီတော့ သူ ကိုယ့်နောက်လိုက်လာအောင် ကိုယ်ဆွဲဆောင်ရမှာ"

"မင်းတော့ ရူးသွားပြီ"

"အေး ... အမူးအရူးကို ချစ်သွားတာ ... ဟင်း ဟင်း။ ပြီးတော့ သူ့ကို အပါခေါ်သွားချင်တာ။ ပြောတာ များသွားပြီ။ ဒါပဲ ... ဒါပဲ။ ခဏ စိတ်ကူးလေးယဉ်ပြီး နားလိုက်ဦးမယ်"

"ယဉ်ပါ ... ယဉ်ပါ၊ ဒါပဲနော်"

ခင်သီရိက ဖုန်းချပြီး ...

"နွယ် ကြားတယ်နော်"





"ရှင်"

"တို့ ကိုဘုန်းကို စိတ်ဝင်စားလို့"

"ဟိုလေ"

"နွယ်တို့ယဉ်ကျေးမှုနဲ့တော့ အဆင်ပြေမှာ မဟုတ်ဘူးနွယ်။ ဒါပေမဲ့ ဒါ လူ့အခွင့်အရေးပဲ။ လူ့အခွင့်အရေးအရ ယောကျ်ားလေးရော မိန်းကလေးမှာပါ တန်းတူအခွင့်အရေးရှိတယ်။ ကိုယ်ချစ်ချင်တဲ့သူကို ချစ်ခွင့်ရှိတယ်လေ"

နွယ် ဘာပြောရမှန်းမသိ။ နွယ့်ရင်ထဲမှာ ပူလောင်နေတာပဲ သိသည်။ ခင်သီရိ ဆိုသော ဩစတြေးလျသူဟာ ကမ္ဘာ့ထိပ်တန်းတက္ကသိုလ်တစ်ခုက ဆရာမတစ်ယောက်။ ရုပ်ရည်ကလည်း ချောပြီးသား။ မြန်မာမဆန်တာပဲ ရှိတာ။ one by one အရည်အချင်းချင်း ယှဉ်ရမယ်ဆိုရင်တော့ ဘယ်နေရာမှကို မယှဉ်သာပါ။

နွယ် ရထားတဲ့ သာမန်ဘွဲ့ကလေးနဲ့ နွယ့်ရဲ့အလုပ်က ခင်သီရိနဲ့ယှဉ်ရင် ပြောပလောက်စရာမရှိ။ နွယ့်ရုပ်ရည်က

www.burmeseclassic.com



ရော သာမန်အညာသူတစ်ယောက်ရဲ့ ရုပ်ရည်ပါ။ နွယ်ဟာ ကိုဘုန်းနဲ့ယှဉ်ရင်တောင် မလိုက်ဖက်ပါ။ ကိုဘုန်းက ဖြူဖြူသန့်သန့် အရုပ်ရှည်ရှည်။ နွယ့်ထက်လည်း အများကြီး ပိုပြီးပညာတတ်၏။ နွယ့်လို အသားညိုညို ငါးပေကျော်ရုံ အရပ်ကလေးနဲ့ ရုပ်ရည်ဆိုတာလည်း မက်လောက်စရာမရှိ။

နွယ်သည် တစိမ့်စိမ့်တွေးကာ စိတ်တွေဆင်းရဲနေသည်။

ခင်သီရိကတော့ နားမှာ ear phone တပ်ပြီး ငြိမ့်နေပြီ။

✧ ❤ ✧





နွယ်သည် နွယ် သိထားတာတွေကို ကိုဘုန်းကိုလည်း မပြောရဲ။ ပြောလိုက်ရင် ကိုဘုန်း ခင်သီရိ သူ့ကိုစိတ်ဝင်စားနေမှန်း သိသွားပြီး ခင်သီရိဘက်ကို စိတ်ညွတ်သွားမှာ စိုးလို့ပါ။

မတွေးနိုင် မမျိုနိုင် ခံစားချက်တွေနဲ့ နွယ်တစ်ယောက် နင်နေသည်။

ခင်သီရိကတော့ ကိုဘုန်းကို သိသိသာသာ favour တွေ ပေးနေပြီ။

တစ်ရက်ကနေ နှစ်ရက်ကြာလာတော့ ဘုန်းထွဋ်လည်း ရိပ်မိလာပါသည်။ ဘုန်းထွဋ်သည် သူ့ကို နိုင်ငံခြားသူ အထင်တသေးနဲ့ ချဉ်းကပ်နေပြီဟု ယူဆသည်။ သူမနဲ့သူ ယှဉ်



www.burmeseclassic.com

www.burmeseclassic.com



ကျေးမှုချင်း မတူတာမို့ သူမကို အပြစ်မမြင်ပါ။ သူမက သူမတို့ နေထိုင်မှုဓလေ့အတိုင်း ပြုမူသလို သူ့ဘက်ကလည်း ကိုယ့်ရဲ့မြန်မာဓလေ့ထုံးစံအတိုင်း တုံ့ပြန်ရုံပေါ့။ ပြီးတော့ သူ့မှာ မြတ်နိုးစွာ ချစ်ရသော နွယ်ရှိသည်။ သူ နွယ့်ကို တကယ်မြတ်နိုးစွာချစ်ရသည်။ သူချစ်တဲ့နွယ့်ကို သူ ဘယ်တော့မှ သစ္စာမဖောက်။ ခင်သီရိ မှုမမှန်တာကိုတောင် နွယ် သိမှာ ကြောက်နေမိသည်။

ထိုကိစ္စကို ဧကရီလည်း အစာမကြေပါ။ ဧကရီသည် ခင်သီရိကို ဘုန်းထွဋ် မြူဆွယ်သည်ဟုပဲ ထင်နေသည်။ တစ်ခုခုဆို ခင်သီရိနဲ့ သူမ မျက်နှာပျက်ရသည်။ ပိုက်ဆံချမ်းသာသူပီပီ ကိုယ့်ထက်နိမ့်ပါးသူကို စွတ်ကို အထင်သေးနေတော့၏။

ပိုက်ဆံမရှိတဲ့သူ ဆိုရင်ပဲ ဂုဏ်သိက္ခာမရှိသလိုလို ထင်တတ်ကြသည်။ လောကသဘာဝအရ အရာရာတိုင်းမှာ အကောင်းအဆိုး ဒွန်တွဲနေတာပါ။ ဆိုးတဲ့သူ ရှိသလို ကောင်းတဲ့သူလည်း ရှိပါသည်။ ဒါပေမဲ့ လူဆိုတာက လူဆိုးလူကောင်း ခွဲခြားရခက်တော့ လူကောင်းတွေပါ သံသယဝင်ခံရတာပေါ့လေ။





ယောကျ်ားပိုင်းလုံးတွေ များလာတဲ့ခေတ်မှာ ကိုယ့်ထက်သာတဲ့ မိန်းကလေးကို ဘယ်လောက်ပဲ မေတ္တာစစ်နဲ့ချစ်စေဦးတော့ ပတ်ဝန်းကျင်ကတော့ လက်ညှိုးထိုးကြမှာပါ။

အခုလည်း ခင်သီရိက သဘောကျတာပါ။ ဒါကို ဘုန်းထွဋ်က မြူဆွယ်တယ်လို့ အထင်ခံနေရသည်။

ဧကရီ ထိုကိစ္စကို ရှင်းချင်ပါသည်။ ဘယ်လိုရှင်းရမလဲ။ ကိုယ်တိုင်သွားရအောင်လည်း ဧကရီက မအားပါ။ ဖုန်းဆက်ပြီး ပြောရရင် ကောင်းမလားဟု မချိုနဲ့ တိုင်ပင်ဖြစ်သည်။

မချိုက ...

“စောင့်ကြည့်လိုက်ပါဦး မမလေးရဲ့၊ မမလေး သူငယ်ချင်း နိုင်ငံခြား သူကလည်း ယုံရတာမဟုတ်ဘူး။ နိုင်ငံခြားသူတွေက ဘိတ်အတိုင်း။ ယောကျ်ားတကာနဲ့ ဒိတ်နေကြတာ။ အခုလည်း ဒရိုင်ဘာကို အပျော်ကြံတာပဲ ဖြစ်မှာ”

“မချို ပြောတာလည်း ဖြစ်နိုင်တယ်။ ဒါပေမဲ့ အပျော်လောက်ဆိုရင် ဧကရီ့ကို ပြောပြပါ့မလား”



www.burmeseclassic.com

www.burmeseclassic.com



"အလေးအနက် မထားနဲ့ဦး မမလေးရဲ့၊ သူက ဒီလိုပဲ ထမင်းစား ရေသောက် သဘောထားပြီး ပြောတာဖြစ်နေဦးမယ်၊ သူတို့ဘာသာ လွှတ်ထားလိုက်ပါ"

"ပြဿနာဖြစ်မှာစိုးလို့၊ ခင်သီရိက ကေရီ မျက်နှာနဲ့လာတာလေ"

"မချို အဲဒီဒရိုင်ဘာအကြောင်း စုံစမ်းကြည့်တာ သူက ရိုးရိုးသားသားပဲတဲ့၊ ဒါပေမဲ့ လူ့အတွင်းစိတ်ဆိုတာတော့ ပြောလို့မရဘူးပေါ့"

"အေးလေ … သူများကိစ္စ ခေါင်းစားမနေတော့ဘူး၊ အလုပ်လုပ်ရအောင်"

မချို ကောင်းမှုကြောင့် ကေရီ ဘာမှဆက်မပြောတော့။ မချိုက ကိုဘုန်းနဲ့ နွယ်တို့ ချစ်သူတွေပါဆိုတာကိုလည်း သိပြီးပြီ။ ဒါပေမဲ့ ကေရီ့ကို မပြောလိုက်ပါဘူး။ ဇာတ်သိမ်းက ဘယ်လိုသိမ်းဦးမလဲမှ မသိတာ။

✧ ❤ ✧





ဒီနေ့ညနေ ပုဂံဘုရားတွေလည်ပြီးချိန်။ နွယ် အိမ်ပြန်သွားပြီးမှ ခင်သီရိက ဘုန်းထွဋ်ဆီ ဖုန်းဆက်ပါသည်။

"ကိုဘုန်း room ကို ခဏလာခဲ့လို့ ရမလား"

ဘုန်းထွဋ် ဘုရားတလိုက်သည်။

ဘုရား … ဘုရား၊ ငါ့ကိုတော့ ခေါ်နေပြီ။ ချောင်ပိတ်ရိုက်တော့မလား မသိဘူး။ အို … အခန်းထဲတော့သွားလို့မဖြစ်ဘူး။

"ဘာကိစ္စများ ရှိလို့လဲ မခင်သီရိ"

"အေးဆေးစကားပြောချင်လို့ပါ"

"ဒါဆို ကျွန်တော် Dining room က စောင့်နေပါ့မယ်။ အခန်းထဲမှာ မခင်သီရိ တစ်ယောက်တည်း ရှိတာဆိုတော့ ကျွန်တော်လာဖို့ မသင့်တော်ဘူး ထင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"အဟင်း ... ရှင်တို့ မြန်မာတွေကို အဲဒါတွေကြောင့် ချစ်ရတာ။ ကျွန်မတို့နိုင်ငံမှာဆို ယောကျ်ားလေးနဲ့မိန်းကလေး အခန်းထဲမှာ စကားပြောတာ ဘာမှမဖြစ်ဘူး။ ကဲပါလေ။ ကျွန်မ Dining room ကို လာခဲ့ပါ့မယ်"

"ဟုတ်ကဲ့ပါ ခင်ဗျာ"

Dining room ရောက်တော့ ...

"ကျွန်မက ဒင်နာကို Light food ပဲ စားတာ၊ ရှင်စားချင်တာ မှာလေ။ ကျွန်မ ကျွေးမယ်"

"ကျွန်တော် စားပြီးပါပြီ"

"ဒါဆို အပူအအေး တစ်ခုခု ဆိုရင်ရော"

"ကျွန်တော် ကိုလာပဲ သောက်မယ်"

"ဝိုင်သောက်မလား၊ ကျွန်မက ညနေဆို ဝိုင်သောက်တယ်"

"ကျွန်တော် ကိုလာပဲသောက်မယ်"

"အိုကေလေ"

သူမက ဝိုင်နဲ့ကိုလာ မှာသည်။ ပုစွန်ကင်တစ်ပွဲ မှာသည်။





"ဒီမှာ ပုစွန်ပေါတယ်၊ ချိုလည်း ချိုတယ်"

"ဧရာဝတီကပေးတဲ့ လက်ဆောင်ပေါ့ဗျာ"

"ကိုဘုန်း"

"ဗျာ"

"ကျွန်မကို ဘယ်လိုမြင်လဲ"

"ဗျာ ... ဘာကို ဆိုလိုတာလဲ"

"ရှင့်စိတ်ထဲမှာ ရှိသလို ပြောကြည့်လေ"

"အရမ်းတော်ပြီး အရမ်းထက်မြက်တဲ့ အမျိုးသမီးတစ်ယောက်။ စေ့စပ်သေချာပြီး တက်ကြွတဲ့ ဆရာကောင်းတစ်ယောက်လို့လည်း မြင်ပါတယ်"

"ဟုတ်ပြီ။ ဒါတွေက ကောင်းတဲ့ဘက်က အမြင်ပေါ့။ ကျွန်မရဲ့အားနည်းချက်တွေကရော။ အားမနာနဲ့နော်။ မှန်မှန်ပြော"

"မညာတမ်းပြောရရင် အားနည်းချက်ရယ်လို့ မတွေ့ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း ဟင်း ... လူပဲရှင် အားနည်းချက် မရှိဘဲ မနေပါဘူး။ ရှင် သေချာမကြည့်လို့ မမြင်တာပါ။ ဟင်း ဟင်း။ ရှင်ကလေ ကျွန်မအပေါ် သည့်ဝတ်တော့ တကယ်ကိုကျေပါတယ်။ ဒါပေမဲ့ ကျွန်မကို နည်းနည်းမှကို စိတ်ဝင်စားမှု မရှိဘူး"

ဒီအချိန်မှာ သူ ဘာမှမပြောတာ ကောင်း၏။ ပြောမိရင် စကားများသွားမှာ စိုးလို့ပါ။

"ကျွန်မ လှလား၊ ချောလား"

"တကယ်လှပါတယ်"

"ဣန္ဒြေရော ရှိရဲ့လား"

"ရှိပါတယ်"

"ဟုတ်ပြီ၊ ကျွန်မက တော်တယ်၊ ထက်တယ်၊ ပညာတတ်တယ်၊ ရုပ်လည်းချောတယ်။ ကမ္ဘာ့အဆင့်ရာထူးတစ်ခုလည်း ရှိတယ်။ ရှင် ကျွန်မကို စိတ်မဝင်စားဘူးလား။ သဘောမကျဘူးလား"





"ဗျာ"

"ဒီလိုမေးတာ ရှင်တို့ယဉ်ကျေးမှုနဲ့ မကိုက်ညီမှန်းသိပါတယ်။ ဒါပေမဲ့ ကျွန်မတို့ ယဉ်ကျေးမှုနဲ့ကျတော့ မေးလို့ရတယ်"

"မခင်သီရိ"

"ပြော ... ကိုဘုန်း"

"မခင်သီရိ ခုလိုမေးတာကို ကျွန်တော် နားလည်ပေးနိုင်ပါတယ်။ ဒါပေမဲ့ ကျွန်တော်က မြန်မာပါ။ ကိုယ်နဲ့ရေမြေမလေ့စရိုက်တူတဲ့ မိန်းကလေးကိုပဲ ပိုပြီးသဘောကျပါတယ်။ ပိုပြီး ရင်ခုန်ပါတယ်"

"ပြတ်သားတယ်နော်။ ရှင့်ရဲ့ပြတ်သားမှုကို ကျွန်မသဘောကျပါတယ်။ ရှင်က အခွင့်အရေးရတိုင်း မယူတာ ချီးကျူးစရာပါပဲ"

"ကျေးဇူးတင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မကတော့ ရှင့်ကို ရင်ခုန်သွားတယ်၊ ပြီးတော့ ကျွန်မ ယုံကြည်တယ်၊ ကျွန်မ သဘောကျတဲ့ရှင်က တော်တန်ရုံယောကျ်ားမျိုးတော့ မဟုတ်ဘူး။ ကျွန်မဆိုတဲ့ မိန်းမက သာမန်ယောကျ်ား တစ်ယောက်ကိုတော့ မနှစ်သက်လောက်ဘူး"

"မခင်သီရိ ထင်လို့ပါ။ ကျွန်တော်က သာမန်ယောကျ်ား တစ်ယောက်ပါပဲ။ မခင်သီရိက ကျွန်တော့်ထက် အဆပေါင်းများစွာ သာနေတော့ ကျွန်တော်ကို ဆွဲတင်ပြီးတွေးလိုက်တာပါ။ တကယ်တော့ မခင်သီရိနဲ့ ကျွန်တော် မလိုက်ဖက်ပါဘူး"

"ဒါပေမဲ့ ကျွန်မ ရှင့်ကို ချစ်သွားတယ်။ အဲဒါ အမှန်တရားပဲ။ ရှင် ကျွန်မနဲ့အတူလိုက်ခဲ့ရင် သိပ်ကောင်းမှာပဲ။ ဟိုမှာ ရှင်နဲ့သင့်တော်တဲ့အလုပ် ရှာပေးလို့ ရပါတယ်။ လိုက်ခဲ့မလား"





"ကျွန်တော် မခင်သီရိကို ကျွန်တော့်ဘဝရဲ့လက်တွဲဖော်အဖြစ် မရွေးချယ်တဲ့အတွက် လိုက်စရာမလိုဘူး ထင်တယ်"

"ရှင် ကျွန်မကို သဘောမကျလည်းနေပါ။ ကျွန်မက ဟိုမှာ အလုပ်လုပ်ဖို့ ခေါ်တာ၊ ဒီမှာ ရှင်တို့ လစာနည်းနည်းလေးနဲ့ လုပ်နေကြတာ။ ရှင့်အရည်အချင်းနဲ့ဆို ဟိုမှာ ဆယ်ဆလည်းဟုတ်၊ အဆနှစ်ဆယ်လည်း ဟုတ်တယ်"

"လစာနည်းလို့ နိုင်ငံခြားထွက်ရမယ်ဆိုရင် ကျွန်တော်တို့နိုင်ငံမှာ နိုင်ငံသားတစ်ယောက်မှတောင် ရှိတော့မှာ မဟုတ်ဘူး။ ဒီလစာနဲ့ ကျွန်တော် အဆင်ပြေပါတယ်"

ခင်သီရိ ပြုံးလိုက်သည်။

"အေးလေ၊ ရှင် ကျွန်မကို သဘောမကျရင်တောင်မှ ရှင်လိုက်လာရင် ကျွန်မ ရှင့်ကို တွေ့ခွင့်လေးတော့ ရသေးတယ်ဆိုပြီး ခေါ်တာပါ။ ဒါနဲ့ စကားမစပ် ရှင့်မှာချစ်သူရှိမယ် ထင်တယ်"

"ဟုတ်ကဲ့ … ရှိပါတယ်"

✧ ❤ ✧



www.burmeseclassic.com

www.burmeseclassic.com



သူ နွယ့်ကို မပြောရက်ပါဘူး။ ဒါပေမဲ့ နွယ်က သိပါတယ်။ Dining room မှာ သူတို့နှစ်ယောက်စကားပြောကြတဲ့အကြောင်း သတင်းရထားပြီးသားပါ။ ဘာတွေ ပြောကြတယ်လို့သာ မသိတာပါ။ သူက ဘာမှမပြောတော့ နွယ်လည်းမမေးချင်ဘူး။

နွယ် အဆိုး,ဆုံးကို ကြိုတွက်ထားပါတယ်။ နွယ်နဲ့ ခင့်သီရိ ဆိုတာ ကောင်းကင်နဲ့ မြေကြီးလို အနေအထားချင်းက ကွာခြားလွန်းတယ်မို့လား။ နွယ့်အတွက် အခြေအနေမကောင်းပါ။ ကိုဘုန်းဟာ ခင်သီရိနဲ့ ပတ်သက်ပြီး ပွင့်လင်းမြင်သာမှုမရှိဘူ ဖုံးကွယ်ထားခဲ့ပြီလေ။ တကယ်သာ ကိုဘုန်းဘက်က နွယ့်အပေါ်





သစ္စာရှိရင် ဖွင့်ပြောရမှာပေါ့။ ခုတော့ ဘာအကျိုးအကြောင်းမှ မပြော။ ဒါဟာ ကောင်းတဲ့လက္ခဏာမဟုတ်။ နွယ်ကျန်ရစ်ခဲ့ရတော့မည် ထင်ပါရဲ့။ ပြီးတော့ ကိုဘုန်း ဆိုတာ တစ်ရွာသားပါ။ တစ်ရွာသားမှာမှ ပိုဆိုးတဲ့ ရန်ကုန်သား။ လည်လိုက်တာလည်း ဂျင်ပေါက်ကထုံး။

ဒီလိုလူမျိုးက ခင်သီရိနဲ့ နွယ်ကို မတွက်ဘဲ နေမတဲ့လား။

နွယ် သံသယတွေ ဝင်ပါပြီ။

ဘုန်းထွဋ်ကတော့ နွယ် မသိဘူးထင်ပြီး ဖုံးထားတာပါ။ နွယ်သိရင် စိတ်မကောင်းတာတွေ၊ စိတ်မချတာတွေ ဖြစ်မှာစိုးလို့ပါ။

ပြီးတော့ တစ်ရက် နှစ်ရက်နေရင် ခင်သီရိက ပြန်တော့မှာ။ ခင်သီရိ ပြန်သွားရင် အားလုံး အလိုလိုပဲ ပြီးဆုံးအဆုံးသတ်သွားမှာပါ။



www.burmeseclassic.com

www.burmeseclassic.com



ခင်သီရိကလည်း အပြင်မထွက်တော့ဘဲ သူ့စာတမ်းကို အဆုံးသတ်နေသည်။ အပြင်မသွားပေမယ့် နွယ်နဲ့ ကိုဘုန်းကတော့ ဟိုတယ်မှာ အဆင်သင့် ရှိနေပေးရသည်။ ခင်သီရိသိချင်တဲ့ အချက်အလက်တွေရှိရင် ချက်ချင်းပေးရသည်။

စာတမ်းအားလုံး ပြီးဆုံးသွားတဲ့နေ့မှာ ခင်သီရိက ကန်တော်ကြီးမှာ နေ့လယ်စာ စားချင်သည်ဆို၍ သူတို့သုံးယောက် အတူသွားဖြစ်ကြ၏။

ထမင်းစားပြီးတော့ အချိုပွဲအဖြစ် ငှက်ပျောသီး လက်ဖက်သုပ်၊ ဆီးယို စတာတွေ ချပေးပါသည်။ ရေနွေးကြမ်းကလေးနဲ့ပေါ့။

အချိုတည်းရင်း ခင်သီရိက ဘုန်းထွဋ်ကို လိပ်စာကတ် ထုတ်ပေးသည်။

"ကိုဘုန်း ယူလာမယ်ဆို အချိန်မရွေး ဆက်သွယ်လိုက်"

ဘုန်းထွဋ်က ပြုံးကာ အိတ်ကပ်ထဲထည့်လိုက်သည်။ နွယ်ကတော့ ရင်ထဲမကောင်း။





"ကိုယ်က နောက်ခြောက်လလောက်နေရင် အိန္ဒိယကိုသွားမယ်။ တာ့ဂျ်မဟာနဲ့ ဗုဒ္ဓဂါယာကိုပေါ့။ ကိုယ် ဂါယာကို လာမယ့်ရက် ယူ လာခဲ့ပါလား"

"လာဖြစ်မယ် မထင်ပါဘူး မခင်သီရိ။ ဒီမှာကလည်း အလုပ်က အချိန်ပြည့် ရှိနေမှ ရတာလေ။ ကျွန်တော်တို့ အလုပ်က ပိတ်ရက်မရှိဘူး၊ ခရီးသည်ရှိရင် ရှိသလို ဝန်ဆောင်မှုပေးရတာလေ"

"ရှင်ဟာလေ အားနာ ပါးနာလေးတောင် ခေါင်းမညိတ်ဘူး"

"ကျွန်တော်မှ တကယ်မလာနိုင်တာ။ ဘာဖြစ်လို့ ညာပြီး ခေါင်းညိတ်ရမှာလဲ။ ကောင်းကင်နဲ့ မြေကြီးဆိုတာ ဘယ်နေရာမှာမှ တကယ်မထိပါဘူး။ မိုးကုပ်စက်ဝိုင်းကို လှမ်းမျှော်ကြည့်ပြီး ထိတယ်လို့ထင်ရင် မှားမှာပေါ့။ ကောင်းကင်နဲ့ မြေကြီး ထိစပ်ဖို့ ဆုတောင်းရင်လည်း သေချာတယ်၊ အဲဒီဆုတောင်း ဘယ်တော့မှ ပြည့်မှာမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"Ok…I see၊ ကိုယ် ကောင်းကောင်းသဘောပေါက်သွားပြီ၊ ရှင့်လို တည်ကြည်တဲ့သူနဲ့ ချစ်ခွင့်ရတဲ့ ရှင့်ချစ်သူက အရမ်းကံကောင်းတာပဲ၊ ရှင်ဟာ ကျွန်မ ထင်ထားတဲ့ အတိုင်း တကယ့်ကို ယောက်ျားကောင်း တစ်ယောက်ပါပဲ၊ မြန်မာအမျိုးသားတစ်ယောက်ရဲ့ ကိုယ်ကျင့်တရားကို ကျွန်မ နှလုံးသွေးနဲ့ရေးပြီး မှတ်တမ်းတင်ထားပါ့မယ်။ ကျွန်မ အသည်းတော့ တော်တော်လေး အထိနာသွားပြီရှင်"

ကိုဘုန်းနဲ့နွယ် အကြည့်ချင်း ဆုံသွားကြသည်။ ကိုဘုန်းက နွယ့်ကို ပြုံးပြသည်။ နွယ်လည်း အခြေအနေကိုရိပ်စားမိကာ ရင်ထဲက အပူလုံးကြီး လျှော့ကျသွားတော့သည်။

ဟိုတယ် ပြန်ရောက်တော့ ခင်သီရိက ကိုဘုန်းနဲ့ နွယ့်ကို ရေမွှေးတစ်ပုလင်းစီ လက်ဆောင်ပေးသည်။

ပြီးတော့ သူမ ဒီတစ်နေ့လုံး ဘယ်မှမထွက်ဘဲ နားတော့မည်တဲ့။ မနက်ဖြန်မနက် ရန်ကုန်ကို လေယာဉ်နဲ့ကူးမည်။ ရန်ကုန်မှာ နှစ်ရက်လောက်နေပြီးတာနဲ့ သူမ ပြန်တော့မည်။





ကိုဘုန်းနဲ့ နွယ်ရဲ့တာဝန်က ပုဂံမှာပဲ ပြီးဆုံးသွားပြီ။ ရန်ကုန်ကို ဆက်မလိုက်ခိုင်း၍ တော်သေးသည်။

ခင်သီရိနဲ့ လမ်းခွဲပြီးတော့ ကိုဘုန်းနဲ့နွယ်တို့ စကားထိုင်ပြောဖြစ်ကြသည်။

"နွယ် … ကိုယ် နွယ့်ကို ပြောစရာရှိတယ်"

"မပြောပါနဲ့တော့ ကိုဘုန်း။ နွယ် အားလုံးသိပြီးသားပါ။ နွယ် ကိုဘုန်းကို နားလည်တယ်။ ကိုဘုန်း နွယ့်နားက ထွက်မသွားရင် ရပြီ။ ကျန်တာတွေ နွယ် မသိချင်တော့ဘူး"

"နွယ်ရယ်"

✧ ❤ ✧



www.burmeseclassic.com

www.burmeseclassic.com



"ပြတ်သားတယ်ဟာ၊ လုံးဝတောင် ကပ်လို့မရဘူး။ သူ့မှာ ချစ်သူရှိတယ်တဲ့။ သူ့ချစ်သူ မြန်မာမလေးကိုပဲ လက်ထပ်မှာတဲ့။ ယောက်ျားပီသလိုက်တာ။ ဒါပေမဲ့ ငါ့အသည်းဟက်တက်ကွဲတာပဲ။ ငါ ဣန္ဒြေဆည်ပြီး သူ့ရှေ့ကထွက်ခဲ့ရပေမယ့် ငါ့ရင်ထဲမှာ အရမ်းကို ခံစားနေရတယ်။ ဒီမှာမို့လို့ ငါ တော်တော်ထိန်းထားတာ။ ဟိုကိုပြန်ရောက်မှ ငါ ပေါက်ကွဲမှာ။ ဒီစာတမ်းတင်ပြီးရင်တော့ ခွင့်ယူရတော့မယ် ထင်တယ်"

လူကသာ တည်ငြိမ်စွာ ပြောနေပေမယ့် မျက်နှာပြင်မှာတော့ ကြွက်သားတွေ တဆတ်ဆတ်တုန်နေသည်။





ငိုချင်တာကို ထိန်းချုပ်ထားရသလိုမျိုး ဖြစ်နေသည်။

မျက်နှာပြင်တစ်ခုလုံး ပြိုကွဲပျက်စီးနေသည်။ အမြဲဖျပ်ဖျပ် တောက်နေတဲ့ မျက်ဝန်းတွေက မွဲခြောက်ညှိုးရော်လို့။

"ငါလေ ဘယ်ယောက်ျားကိုမှ စိတ်မဝင်စားခဲ့ဘူး။ လက်ပွန်းတတီးလည်း မနေခဲ့ဘူး။ ပြီးတော့ ခုချိန်ထိ ငါဟာ အပျိုစင်တစ်ယောက်ပါ။ ဒါပေမဲ့ ငါတကယ်ချစ်မိတဲ့သူက ရေခြားမြေခြားက လူမျိုးခြား ဖြစ်နေတယ်။ ငါ့ကိုလုံးဝ စိတ်မဝင်စားတဲ့သူ ဖြစ်နေတယ်။ ငါကိုက ကံဆိုးတာပါဟာ။ ငါလေ ဒီစာတမ်းလေးကို ငါ့နှလုံးသားနဲ့ လာလဲယူလိုက်ရသလို ဖြစ်သွားပြီ"

"ခင်ဘီရိရယ် ... ငါလည်း ဘာပြောရမှန်းတောင် မသိတော့ဘူး။ ဘုန်းထွဋ်ခေါင်မြတ် ဆိုတဲ့ ယောက်ျားက အဲဒီလောက်တောင် တန်ဖိုးကြီးနေတယ်ပေါ့ ဟုတ်လား၊ ငါတော့ မယုံပါဘူး။ နင် ကတ်ပေးခဲ့တယ်မို့လား။ နင့်ကို



www.burmeseclassic.com

www.burmeseclassic.com



ဆက်သွယ်မှာ စိတ်ချ။ သူ ဘယ်လောက်ပဲ မျိုးချစ်ချစ် ဟယ် သူ့ချစ်သူက မင်းလိုမိန်းကလေးမျိုးကို မီပါ့မလား"

"အဲဒါ မင်း သူ့အကြောင်း သေချာမသိလို့ ပြောတာ ကေရီ။ ဂုဏ်တွေ ငွေတွေမက်တဲ့ အထဲမှာ သူ မပါဘူး။ ငါက သူ့ကို အဲဒါတွေကြောင့် ပိုသဘောကျတာ"

"စောင့်ကြည့်လိုက်ပါဦး၊ ခြောက်လ တစ်နှစ်လောက်။ ဒီအတောအတွင်း မင်းကို သူ ဆက်သွယ်မှာပဲ"

"မထင်နဲ့၊ မင်း မယုံချင်လည်း ယုံလိုက် ကေရီ၊ သူဟာ တကယ့် ယောက်ျားကောင်းတစ်ယောက်ပဲ"

"စောင့်ကြည့်ကြတာပေါ့"

ခင်သီရိက မျက်ရည်တော့ မကျပါ။ အသည်းကွဲ လို့ပဲဖြစ်ဖြစ်။ ဘာအကြောင်းကြောင့်နဲ့ပဲဖြစ်ဖြစ် ခင်သီရိ မျက်ရည် မကျတတ်။ မျက်ရည်မကျတတ်တဲ့ သူတွေက ပိုပြီးခံစားရတတ် သည်။ မျက်ရည်လွယ်သူက ခံစားချက်တွေကို မျက်ရည်အဖြစ် ဖောက်ထုတ်လိုက်တော့ အနည်းနဲ့အများ ရင်ပေါ့သွားတတ်ကြ





သည်။ မျက်ရည်မကျဘဲ မျိုသိပ်ခံစားတတ်သူတွေမှာတော့ တနင့် အဘိုးကြီး မျိုချထားရတာ ပင်ပန်းလှ၏။

ကေရီလည်း အံ့သြနေသည်။ ဘာမဟုတ်တဲ့ ဝန် ထမ်းတစ်ယောက်က ကန်ထုတ်လိုက်သတဲ့။ ခင်သီရိလို မိန်းမက ငိုလာသတဲ့။ တကယ်ဆို ခင်သီရိမိဘတွေကလည်း စီးပွားရေး သမားတွေပါ။ ဒါပေမဲ့ ခင်သီရိက မိဘစီးပွားရေးကို စိတ်မဝင် စားဘဲ သူဝါသနာပါရာကို လုပ်နေတာ။ သူ့အလုပ်မှာလည်း အောင်မြင်နေသူပါ။

ဒီလိုမိန်းကလေးမျိုးကို ဘာမှမဟုတ်တဲ့ ယောက်ျား တစ်ယောက်က ငြင်းလိုက်သတဲ့။ ခင်သီရိ ခံစားရမယ် ဆိုရင်လည်း ဒံစားစရာပဲ။ ခင်သီရိအနေအထားနဲ့ ဒီလိုလူတစ် ယောက်ကို ချစ်သူအဖြစ် ရွေးဖို့တောင် တော်တော်စဉ်းစားရမှာ။

"ဘုန်းထွဋ်ခေါင်မြတ်"တဲ့။ ကြားရတဲ့သတင်းတွေ ဟာ စိတ်ဝင်စားစရာ ကောင်းနေပြီ။ ကေရီတောင် စိတ်နည်းနည်း ဝင်စားသွားပြီ၊ ဟာ ... ဟာ။



www.burmeseclassic.com

www.burmeseclassic.com



ပြိုလဲကြေကွဲ အသည်းကွဲပြီး ရင်ကွဲပက်လက်နဲ့ဖြ

ရမယ့် ခင်သီရိကို သနားလိုက်တာ။ ဆရာမကြီးတစ်ယောက်က

ဒီလိုကောင်ကိုမှ ချစ်မိတယ် ဆိုတော့ ဇေကရီတောင် လန့်သွာ

သည်။

အချစ်ဆိုတာ အဲဒီလို ဂဟေဘောက်တိကဘောက်ချ

ဖြစ်အောင် လုပ်တတ်တဲ့ နတ်ဆိုးလား။

ပျင်းစရာကောင်းတဲ့ အလုပ်ပုံကြီးထဲ, နစ်နေ

ဇေကရီအတွက် အပျင်းဖြေစရာ ဘာသာရပ်ကလေးတစ်ခုတေ

တွေ့ပြီ။

ဘုန်းထွဋ်ခေါင်မြတ်က သူမရဲ့ဝန်ထမ်း ဖြစ်နေတာ

သူမအတွက် တစ်ပန်းသာသည်။ နယ်ရုပ်ကလေးတစ်ရုပ်လို ရ

ချင်သလို အကွက်ရွှေ့လို့ ရတာပေါ့။

လောလောဆယ် စိတ်ဝင်စားတာက ဘုန်းထွ

ခေါင်မြတ်ရဲ့ ရည်းစား။ သူ့ရည်းစားက ဘယ်သူလဲဆိုတာ

အပြင်းအထန် သိချင်နေပြီ။





ခင်သီရိရဲ့ပြိုင်ဘက်။ ပြိုင်ဘက်တောင် မဟုတ်။ ခင်သီရိက ရှုံးခဲ့တာ။ ခင်သီရိကို နိုင်လိုက်တဲ့ တစ်ယောက်ဆိုတာ ဘယ်သူပါလိမ့်။

✧ ❤ ✧



www.burmeseclassic.com

www.burmeseclassic.com



“မချို့ အဲဒီဒရိုင်ဘာကောင်ရဲ့ ချစ်သူဆိုတာ ဘယ်သူလဲ ဧကရီ သိချင်တယ်။ အမြန်ဆုံး စုံစမ်းပေးပါ။ ဒီယောက်ျား က ခင်သီရိ ပြောသလို တကယ့် အာဂယောက်ျားကောင်း ဟုတ်,မဟုတ် သိချင်တယ်။ မဆိုးဘူး။ စိတ်ဝင်စားစရာ ခေါင်းစဉ်တစ်ခုရတယ်”

“ဘုန်းထွဋ်ခေါင်မြတ်ရဲ့ချစ်သူကို မချို့ သိတယ် မမလေး”

“ဟုတ်လား၊ ဧကရီ့ကိုတောင် မပြောဘူး”

“မမလေး စိတ်မဝင်စားတူး ထင်လို့”

“အင်းလေ ... သာမန်ဆိုရင် စိတ်ဝင်စားမိမှာ မဟုတ်ပါဘူး။ အခုက စိတ်ဝင်စားစရာ ကောင်းနေလို့ပါ။ ဘယ်သူလဲ ပြောပါဦး”





“တခြားမဟုတ်ဘူး မမလေးရဲ့။ နွယ်နွယ်ထွန်း။ ဩစီသူကို Guide လုပ်ပေးတဲ့ တစ်ယောက်လေ”

“နွယ်လား”

“ဟုတ်တယ်”

“ဟင် ... မလှပါဘူး။ အသားညိုတယ်၊ ဆွဲဆောင်မှုလည်း မရှိဘူး၊ သူနဲ့တောင် မလိုက်ဘူး၊ ဟုတ်လို့လား မချို့ရဲ့”

“ဟုတ်တယ် မမလေးရဲ့။ တကယ်ပြောတာ။ သူတို့နှစ်ယောက်ကြိုက်နေတာ ဟိုတယ်ကလူတွေ အကုန်လုံးသိနေတာပဲ”

“နွယ်လောက်နဲ့ ခင်သီရိကို လက်လွှတ်ခံပါ့မလား”

“ဒါတော့ မမလေးရယ်၊ မြန်မာမျက်စိနဲ့ကျတော့ မျက်လုံးပြာပြာနဲ့ နိုင်ငံခြားသူက တစ်မျိုးဖြစ်နေမှာပေါ့”

“ဒါပေမဲ့ ခင်သီရိက အရမ်းချောပါတယ်။ နိုင်ငံခြားသူတွေ ချောပြီဆိုရင် မြန်မာတွေ လိုက်လို့တောင်မမီဘူး”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တော့ ဟုတ်ပါတယ်၊ နှယ်က ရန်ကုန်သူတွေ လောက်တောင် ပုံမလာဘူး။ ဒါပေမဲ့ အဲဒီ ဘုန်းထွန့်ခေါင်မြတ်က နှယ့်ကို အသည်းအသန်ပဲတဲ့ မမရဲ့။ တအားချစ်တာတဲ့။ မယားတော်သူ လိုချင်တယ် ထင်ပါရဲ့"

"အချစ်ဆိုတာ အဲလိုကြီးလား မချို။ အံ့သြစရာပဲနော်။ အိုင်တီခေတ်ကြီးမှာ အချစ်ဆိုတာ ရှိသေးတယ်ပေါ့။ ဘာမှ လက်တွေ့မကျတဲ့၊ ခွဲခြမ်းစိတ်ဖြာစရာ ဘာအက်တမ်မှ မရှိတဲ့အချစ်။ စိတ်ဝင်စားစရာပဲ။ ဒါပေမဲ့ ကေရီကတော့ အယုံအကြည် မရှိဘူး။ အချစ်ဆိုတာ ရှိခဲ့ရင်တောင် အဲဒီအချစ်ဆိုတဲ့ အရာက အင်မတန် ထိခိုက်ပျက်စီးလွယ်တဲ့ အရာပဲ ဖြစ်ရမယ်။ အချစ်ဆိုတာ တကယ်ရှိခဲ့တယ်ဆိုရင်တောင် သက်တမ်းမရှည်ပါဘူး"

ကေရီက သူမမိဘတွေရဲ့ အိမ်ထောင်ရေးကို မြင်ယောင်ကာ ပြောနေတာပါ။ အချစ်နဲ့ တည်ဆောက်ပါတယ်ဆိုတဲ့ သူမ မိဘတွေရဲ့အိမ်ထောင်ရေးမှာ ခုဆို အဲဒီအချစ်က ဘယ်ချောင်ကပ်သွားပြီလဲတောင် မသိတော့အောင် ပျောက်ဆုံးသွားပြီ။ ခုချိန်မှာ သူမမိဘနှစ်ပါးကို ဂုဏ်သိက္ခာဆိုတဲ့ အရာကြီးက တင်းကျပ်စွာ ချည်နှောင်ထားလို့သာ အိမ်ထောင်ရေး ခိုင်မြဲနေတာပါ။ အနောက်တိုင်းယဉ်ကျေးမှုမျိုးသာဆိုရင် သူမမိဘတွေ ကွဲတာကြာပြီ။





ကေရီ ခေါင်းခါလိုက်သည်။ ကေရီကတော့ အချစ်ကို အယုံကြည်ကို မရှိပါ။ ခင်သီရိက ဘုန်းထွန့်ခေါင်မြတ်ကို ချစ်သတဲ့။ မေမေလည်း ဖေဖေ့ကို ချစ်ခဲ့တာပဲ။ ဒါပေမဲ့ မိန်းမတွေရဲ့အချစ်ကသာ တည်မြဲပြီး ယောကျ်ားတွေရဲ့အချစ်ကတော့ အခြေမခိုင်လွန်းလှသည်။ အခြေမခိုင်တော့ ယိုင်နဲ့ပြိုကွဲလွယ်တော့တာပါ။

ဒါမှမဟုတ် ယောကျ်ားနဲ့ မိန်းမ သဘာဝတရားအရကိုက ကွာခြားလို့ပဲ ယောကျ်ားတွေက ခြေရှုပ်ခွင့်ရသလား။



www.burmeseclassic.com

www.burmeseclassic.com



ကေရိက အချစ်အပေါ် သစ္စာမရှိတဲ့ အဖေကြောင့် ဘယ်အချစ်ကိုမှ မယုံကြည်ရဲတော့။ တစ်ဘဝလုံးချစ်မယ့် ယောကျ်ား ရှိပါ့မလား။ ယောကျ်ားကောင်း မောင်းမတစ်ထောင်လို့ လက်ခ မောင်းခတ်တတ်တဲ့ ယောကျ်ားပဲရှိသည်။ တော်ဝင်မိန်းမပဲရှိသည်။ တော်ဝင်ယောကျ်ားရယ်လို့မရှိ။ သူမကတော့ လုံးဝအချစ်ကိုမယုံ ပါ။

တစ်ယောက်ဆိုတစ်ယောက် ပိတောက်ဆိုပိတောက် ဆိုတာလည်း သီချင်းထဲမှာပဲ ကြားဖူးသည်။ အပြင်မှာတော့ ပိတောက်ရော လူတွေပါ သစ္စာမရှိ။ ပိတောက်ပန်းတွေ တစ် နှစ်မှာ အခါခါပွင့်သလို လူတွေလည်း တစ်ဘဝတည်းမှာ အခါခါ ချစ်တတ်ကြသည်။ ခုခေတ်လူတွေ ပေတစ်သီး ကျိုးတစ်သားဆို တာ ဘာမှန်းတောင် မသိကြတော့။

ဘုန်းထွဋ်ခေါင်မြတ်ရဲ့ချစ်သူက နွယ်တဲ့လား။ ကေရီ စမ်းသပ်ချင်သည်။ အဲဒီ ဘုန်းထွဋ်ခေါင်မြတ်ရဲ့ သစ္စာတရားကို ပေါ့။ အတွက်အချက်တွေနဲ့ပဲ နပန်းလုံးနေတဲ့ အိုင်တီခေတ်ကြီး





မှာ သူဌေးသားနဲ့ အိမ်ဖော်ဇာတ်လမ်းမျိုး ဇီဒီယိုထဲမှာတောင် သိပ်မတွေ့ရတော့ဘူးလေ။

ကေရီတစ်ယောက် အကွက်ချွေ့တော့မည်။ ကေရီ ကျားတစ်ကောင်လို ပြုံးနေပြီ။

✧ ❤ ✧



www.burmeseclassic.com

www.burmeseclassic.com



"ဘုန်းထွဋ်ရေ ... ခုပဲ ရန်ကုန်က Fax ဝင်တယ်၊ မင်း ရန်ကုန်က ဟိုတယ်ကို ပြောင်းရမယ်တဲ့"

"ဗျာ"

"ဟုတ်တယ်၊ ရန်ကုန်မှာ နေရမယ်၊ ပြီးတော့ ခုလိုဒရိုင်ဘာ မလုပ်ရဘူး၊ ဟိုမှာက Guide သီးသန့်နဲ့ Marketing တွဲလုပ်ရမယ်"

ဘုန်းထွဋ် စိတ်ညစ်သွားသည်။ သူ ပုဂံမှာပဲပျော်သည်။ ပုဂံဘုရားတွေရဲ့ ရင်ခွင်မှာပဲ ခိုလှုံချင်သည်။ ပြီးတော့ သူချစ်တဲ့ နွယ်ရှိသည်။

"မင်း လစာပါ တိုးပေးထားတယ်ကွာ။ မင်းတော့ ကော်တာပဲ။ မင်းအိမ်ကိုလည်း ပြန်လို့ရတာပေါ့"





"ဂျာကြီးကလည်းဗျာ။ လာနောက်နေသလိုပဲ၊ ဒီမှာ နွယ် ရှိနေတာကို ရန်ကုန်အရွှေ့ခံရတာ ဘယ်လိုလုပ်ကောင်းမှာလဲ"

"ဒါများ လွယ်လွယ်လေးပါကွာ၊ မင်း နွယ်နဲ့လက်ထပ်ပြီး ခေါ်သွားပေါ့ကွာ"

"နွယ်လား လိုက်မှာ၊ ဒီလောက် ပုဂံမြေကို ချစ်တဲ့သူ၊ သူနဲ့ယူပြီးရင်တောင် ပုဂံမှာပဲ နေပါ့မယ်လို့ ကတိပေးထားရတာ"

"မင်း နွယ့်ကို တော်တော်ချစ်တာနော်။ အမှန်ပြောရရင် မင်းနဲ့နွယ် လိုက်တောင်မလိုက်ဘူး"

"အဲလိုမပြောပါနဲ့ ဂျာကြီးရာ၊ နွယ်က ကျွန်တော့်အတွက် တန်ဖိုးမဖြတ်နိုင်တဲ့ ယမင်းရုပ်ကလေး။ နွယ်က ဘယ်လောက် မြန်မာဆန်လဲ။ ရိုးသားအေးဆေး ချစ်စရာကောင်းတဲ့ ဒီကောင်မလေးကို ကျွန်တော် ဘာနဲ့မှ မလဲနိုင်ဘူး"

www.burmeseclassic.com



"အေးပါကွာ ... အေးပါ၊ ဝမ်းသာပါတယ်၊ နွယ်က ချစ်မွေးတော့ ပါတယ်ကွ၊ အေးလေ ... မင်းတို့ ချစ်ချစ် ခင်ခင်နဲ့ အမြန်ဆုံး ပေါင်းဖက်နိုင်ကြပါစေကွာ။ ဒါပေမဲ့ ခုလောလောဆယ်တော့ ရန်ကုန်ပြောင်းဖို့ မြန်မြန်ပြင်ဆင် တော့"

"ကျွန်တော် မသွားချင်ဘူးဗျာ"

"မသွားလို့ မရဘူးကွ။ ရုံးချုပ်က Order ဖြစ်နေတယ်"

ဘုန်းထွဋ်ကလည်း သိပါသည်။ ကေရိစိန်ပွင့်လင်း ချက်ပဲနေမှာ၊ ခင်သီရိနဲ့ သူမက အရမ်းရင်းနှီးတာ။ ခင်သီရိက ပြောမှာပေါ့။

"မင်း ဒီတစ်ခေါက် ကေရိစိန်ပွင့် သူငယ်ချင်းကို ပို့ပေး တာ သဘောကျလို့ မင်း ရာထူးတက်အောင် ပြောပေးသွား တယ် ထင်တယ်ကွ။ အင်း ... ဘူဌေးရဲ့ညှော်သည်တွေကို ရရင်တော့ သေရင်သေ မသေရင် ရွှေထီးဆောင်းရတာ"

"ဂျာကြီး မသိပါဘူးဗျာ"





"ဟိတ်ကောင် ... မင်းက နွယ်နဲ့ ခွဲရမှာမို့ ညစ်နေတာ။ နွယ်သာမရှိရင် မင်းခုန်ပေါက်ပြီး ပြေးမှာ"

မန်နေဂျာက မသိဘဲ စွတ်တင်နေသည်။ သူကတော့ အခြေအနေမကောင်းဟု စိတ်ထဲထင်နေသည်။ သူ့ကို ဆုံးမချင် လို့ ရန်ကုန်ကို ခေါ်တာပဲဖြစ်မည်။

Lesson အပေးခံရဖို့ များသည်။

နွယ်နဲ့တိုင်ပင်ရမည်။ ဖြစ်ချင်တော့ နွယ်က ဒီနေ့ နားသည်။ ညနေကျမှ နွယ့်အိမ်သွားပြောတော့မည်။

နွယ်တို့အိမ်က သူနဲ့နွယ် ကြိုက်နေတာကို သိသည်။ သဘောလည်း တူပါသည်။ ဒါပေမဲ့ နွယ့်မောင်လေး ဆေးကျောင်း သား ကျောင်းပြီးလို့ ဆရာဝန်ဘွဲ့ရမှပဲ လက်ထပ်ပါဟု ပြောထား သဖြင့် စောင့်နေရတာပါ။

နွယ့်မိဘတွေက အသက်ကြီးမှ အိမ်ထောင်ကျကာ သားသမီးရတာလည်း နောက်ကျတာမို့ မိဘနဲ့သားသမီးတွေက အသက်အရမ်းကွာနေကြသည်။ နွယ့်မောင်လေးကို နွယ့်အမေ

www.burmeseclassic.com



အသက်လေးဆယ့်ငါးနှစ်မှ မွေးတာမို့ အခု နွယ့်မောင် တက္ကသိုလ်ကျောင်းသား ဖြစ်နေချိန်မှာ နွယ့်အမေက အသက်ခြောက်ဆယ်ကျော် အဘွားကြီး ဖြစ်နေပြီ။ မျိုးရိုးစဉ်ဆက် ပုန်းရည်ကြီးထုပ်သည့်လုပ်ငန်း ရှိသော်လည်း နွယ်က ကူမလုပ်ဘဲ Guide ပဲလုပ်သဖြင့် အဘိုးကြီး အဘွားကြီးတွေက အခုထိ အလုပ်သမားတွေနဲ့ နပန်းလုံးနေရတုန်း။ နွယ့်မောင်လေးက ဆေးကျောင်းတက်တော့ ပိုဆိုး။ ဘာကူဖော်လောင်ဖက်မှမရ။ နွယ် Guide လုပ်တာက လည်း ဝင်ငွေမသေး။ ဧည့်သည်တွေ သဘောကျရင် ကျသလို မုန့်ဖိုးပေးသွားသေးတာမို့ အပိုဝင်ငွေလည်း ရသည်။ ဒီတော့ အငယ်ကောင် ကျောင်းစရိတ်အတွက် တတပ်တအားတော့ အထောက်အပံ့ဖြစ်သည်။

ပုန်းရည်ကြီးလုပ်ငန်း ဆိုတာက သိတဲ့အတိုင်း ညောင်ဦးတစ်မြို့လုံး လက်ညှိုးထိုးမလွဲဘူးလေ။ အပြိုင်အဆိုင်ရောင်းနေရတာ။ အရည်အသွေးကို ထိန်းထားနိုင်မှ နာမည်ရှိမှာလေ။





နွယ့်မိသားစုအခြေအနေအရ စောင့်ပါဦးဆိုလို့သာ။ ဘုန်းထွဋ် အလိုသာဆိုရင် နွယ်နဲ့ လက်ထပ်ပြီးလောက်ပြီ။

ခုတော့ ရန်ကုန်ကို ပြောင်းရမတဲ့။ နွယ်နဲ့ နွယ့်အိမ်ကလူတွေ ဘာပြောဦးမလဲမသိ။ သူကတော့ ဖြစ်နိုင်ရင် နွယ်နဲ့ လက်ထပ်သွားချင်သည်။ နွယ် မလိုက်နိုင်ရင်တောင်မှ နွယ့်ကို ဓိတ်ချလက်ချ ပိုင်ပိုင်ထားခဲ့ချင်သည်။

ဒါပေမဲ့ သူ့ဆန္ဒထက် နွယ့်ဆန္ဒက ပိုအရေးကြီးပါသည်။ နွယ် ဘာပြောဦးမလဲ မသိပါ။

သူ နွယ့်ကို စိတ်မညစ်စေချင်။ အရာရာ နွယ့်အလိုကျနေပေးဖို့ ကြိုးစားမှာ။ ဘာလို့လဲဆိုတော့ နွယ်ဆိုတဲ့ ကောင်မလေးက ဘယ်တော့မှ ဘာကိုမှ မတောင်းဆိုတတ်တဲ့သူမို့လို့လေ။

✧ ❤ ✧



www.burmeseclassic.com

www.burmeseclassic.com



"နွယ်"

"ကိုဘုန်း"

"ကိုကို ဘာလုပ်ရမလဲ"

"သိဘူးလေ"

"ကိုကို့ကို သွားစေချင်လား။ မသွားစေချင်ဘူးလား"

"သွားတော့ မသွားစေချင်ဘူး။ ဒါပေမဲ့ မဖြစ်မနေသွားရ မယ်ဆိုရင် ဘယ်လိုလုပ်မလဲ ကိုဘုန်း"

"နွယ် လိုက်ခဲ့နိုင်မလား"

"မလိုက်ဘူး၊ နွယ် ဒီမှာပဲနေမှာ"

"ဒါဆို ကိုယ် အလုပ်ထွက်ပြီး ဒီမှာပဲ တခြားဟိုတ တစ်ခုမှာ အလုပ်ထပ်ရှာကြည့်ရမလား"





"အို ... အဲလိုလည်း မဖြစ်စေချင်ဘူး။ လောလောဆယ် သွားတော့ သွားကြည့်လိုက်ဦးပေါ့။ အဆင်မပြေတော့ လည်း တစ်မျိုးစီစဉ်ကြတာပေါ့ ကိုဘုန်းရယ်"

"ကိုကိုက နွယ်နဲ့ လက်ထပ်သွားချင်တယ်။ နွယ်မလိုက် နိုင်ရင်တောင် နွယ့်ကို လက်ထပ်ပြီး ထားခဲ့ချင်တယ်"

"နွယ့်ကို မယုံတာလား"

"မဟုတ်ဘူး ယုံတယ်။ ဒါပေမဲ့ ကိုကိုက ခွဲခွာပြီးနေရတာ ကို ဖြေသာအောင်လို့"

"ကိုဘုန်းရယ် ... အိမ်က အခြေအနေကိုလည်း သိသားနဲ့ အငယ်ကောင်က နောက်နှစ်ဆို ကျောင်းပြီးပြီလေ။ အမေ တို့က သန္တာတူဟာယ် ပြောထားရက်နဲ့ နွယ်မလောချင် ဘူးကွယ်။ နွယ့်ကို နားလည်ပေးပါနော်"

"ကိုကို့ကိုရော မသနားတော့ဘူးလား"

"ကိုဘုန်းကလည်းကွယ်။ အဓိက,က နွယ်တို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် သစ္စာရှိရှိချစ်ဖို့နဲ့ နားလည်မှု ရှိဖို့ပဲ အရေးကြီးတာကိုကွယ်။ တစ်နှစ်ပဲ စောင့်ရမှာပါ။



www.burmeseclassic.com

www.burmeseclassic.com



နောက်နှစ် မောင်လေး ဘွဲ့ရတာနဲ့ လက်ထပ်မယ်နော်။ နွယ့်အိမ်ကလည်း နွယ့်ကို အားကိုးကြတာ ကိုဘုန်းလည်း သိနေတာပဲ။ နွယ့်ကို နားလည်ပေးနော်"

"ဒါဆို ကိုကို ဘာလုပ်ရမလဲ"

"ရန်ကုန်မှာ သွားလုပ်ကြည့်လိုက်ဦးလေ။ အဆင်မပြေရင်တော့ အလုပ်ထွက်ပြီး ပုဂံကိုပြန်လာခဲ့"

"ပြီးရောကွာ"

"အဟင်း ... ကိုဘုန်း အဲလို ရုပ်ကြီးမှုန်နေလည်း ချောတာပဲ။ အဲဒါကြောင့် မခင်သီရိက ကြိုက်တာနေမှာ"

"သူ့အကြောင်း မပြောကြေးကွာ"

"အင်းပါ၊ နွယ့်သူငယ်ချင်းတွေက ပြောကြတယ်၊ မိနွယ်ညည်းဘဲကြီး လန်းလှချည်လားတဲ့။ အဲဒါ နွယ်လည်း ကိုယ့်ကုသိုလ်နဲ့ ကိုယ်ပဲလို့ ပြန်ပြောခဲ့တယ်"

ဘုန်းထွဋ် မျက်နှာကြီး ပြုံးသွားသည်။

"နွယ် ... ကိုယ် မရှိတုန်း လိမ္မာနော်။ ကျန်းမာရေးဂရုစိုက်"





"စိတ်ချပါ ကိုဘုန်းရယ်။ ကိုဘုန်းတို့အိမ်ကတော့ ကိုဘုန်း ရန်ကုန်မှာ အလုပ်လုပ်ရမှာကို ဝမ်းသာနေမှာပဲ"

"အင်း ... ဒါပေမဲ့ သူတို့သားလေးက ပုဂံမှာပဲ ပျော်နေတာသိရင် ဘယ်လိုနေမလဲ မသိဘူး ... ဟီး ဟီး"

"ကြည့် ... လူကြီးတွေကို မလေးမစားနဲ့"

"နွယ်ရယ် ... အမှန်အတိုင်း ပြောရရင် ကိုယ်မသွားချင်ဘူး။ ကေရီစီနိုပွင့် လက်ချက်ပဲ ဖြစ်မယ်ထင်နေတယ်။ စိတ်ထဲ တစ်မျိုးပဲ"

"အဆင်မပြေရင် ထွက်ခဲ့ပေါ့ ကိုဘုန်းရယ်"

"အင်းပါ၊ ဖြစ်နိုင်ရင် ပုဂံကို အမြန်ဆုံးပြန်ပြောင်းရအောင် ကြိုးစားမှာပါ"

"နွယ် မျှော်နေမယ်နော်"

"နွယ်ရယ်"

အချစ်ကြီးသူမို့ မခွဲခင်တည်းက အလွမ်းလေရင့်ရှင်ရှူး။

✧ ❤ ✧



www.burmeseclassic.com

www.burmeseclassic.com



ကေရီစိန်ပွင့် ရုံးခန်းရောက်တာနဲ့ ...

"ပုဂံက တစ်ယောက် သတင်းလာမပို့သေးဘူးလား မချို"

"ကျွန်မ မေးလိုက်ဦးမယ် မမလေး"

မချိုက intercom နှိပ်ပြီး မေးလိုက်သည်။

"မလာသေးဘူးတဲ့ မမလေး"

"ညကားနဲ့လာရင် ဒီမနက် ရောက်သင့်တာပေါ့"

ကေရီ မျက်ရှသွားသည်၊ ဘုန်းထွဋ်ခေါင်မြတ်တဲ့။ နွယ်နွယ်ထွန်းရဲ့ ချစ်သူတဲ့။ နွယ်နွယ်ထွန်း ဆိုတဲ့ သာမန်အပရိ ကမလေးတစ်ယောက်ကို စိတ်ထဲတောင် မရှိ။ သူမစိတ်ဝင်စား နေတာက ဘုန်းထွဋ်ခေါင်မြတ်။ ခင်သီရိလို အမျိုးသမီးတစ်ယောက် ကို ခါလိုက်တဲ့ ဘုန်းထွဋ်ခေါင်မြတ်ဆိုတာ ဘယ်လိုယောကျ်ား မျိုးလဲလို့ သိချင်တာ။





"မမလေး ... ဘုန်းထွဋ်ခေါင်မြတ် ရောက်ပါပြီ"

"အိုခေ ... တို့ဆီလွှတ်လိုက်"

ဘုန်းထွဋ်ခေါင်မြတ်ကို ကေရီ ရုံးခန်းထဲ ခေါ်တွေ့ သည်။

"ထိုင် .. ကိုဘုန်းထွဋ်ခေါင်မြတ် နော်"

"ဟုတ်ကဲ့"

"အသက်ကသုံးဆယ်"

"ဟုတ်ကဲ့"

"ကိုဘုန်းထွဋ်ခေါင်မြတ် ညကားနဲ့စီးလာရင် ဒီကိုမနက် အစောကြီး ဆိုက်တာပဲ။ ဘာလို့ ရုံးချိန်မီအောင်မလာတာ လဲ"

"အိမ်မှာ ကျွန်တော့်အမေ နေမကောင်းလို့ ဆေးခန်းပြပေး နေရလို့ပါ။ အမှန်ဆို ကျွန်တော် ဒီနေ့ခွင့်ယူချင်ပါတယ်။ သတင်းပို့ပြီး ပြန်ခွင့်ပြုပါ၊ ကျွန်တော် ဒီနေ့နားချင်လို့"

"ရှင့်ဟာလည်း ရောက်တာနဲ့ ခွင့်ဆိုတော့ မလွန်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ပုဂံမှာ ဆက်တိုက်မနားဘဲ ဆင်းနေရတာကြာပြီဗျ။ ဒီမှာလည်း လောလောဆယ် လုပ်စရာမှမရှိသေးတာ၊ ကျွန်တော့်ကို ခွင့်ပြုပေးပါ"

"ရှင် ဒီမှာ ဘာလုပ်ရမှာလဲဆိုတာ သိတယ်နော်"

"သိပါတယ်၊ Tour Guide သီးသန့်ပါ"

"မဟုတ်ဘူး။ ကျွန်မ အိုင်ဒီယာပြောင်းသွားပြီ။ ဒီမှာ ကျွန်မ ကိုယ်ရေးအရာရှိ လုပ်ပေးပါ။ အတွင်းရေးမှူး သဘောမျိုးပေါ့။ ကားလည်း မောင်းပေးရမယ်"

"အတွင်းရေးမှူး အလုပ်ကတော့ ကျွန်တော် မကျွမ်းကျင်ဘူးခင်ဗျ၊ ဝါသနာလည်း မပါဘူး။ ကျွန်တော်က Guide ပဲ လုပ်ချင်တာ"

"ရှင် တော်တော်အ,တာပဲ။ အတွင်းရေးမှူးပဲဖြစ်ဖြစ် ဘာအလုပ်ပဲဖြစ်ဖြစ် အလုပ်က သင်သွားမှာပေါ့။ ဒါ ရှင့်ကို ကျွန်မသူငယ်ချင်းက ထောက်ခံပေးသွားလို့ ဒီရာထူးခန့်တာ၊ ရှင် ပုဂံမှာရတဲ့လစာရဲ့ နှစ်ဆပေးမှာ၊ ရှင်မလုပ်ချင်ရင်လည်း သဘောပဲ"





ကေရီစိန်ပွင့်နဲ့ ဘုန်းထွဋ်ခေါင်မြတ်တို့ အကြည့်ချင်း ငြိုင်သွားကြသည်။

လက်ရှိလစာရဲ့ နှစ်ဆဆိုတာကိုတော့ စိတ်ဝင်စားပါရဲ့။ ဒါပေမဲ့ ကေရီစိန်ပွင့်နား နေရမှာတော့ ခပ်လန့်လန့်ပဲ။ တစ်ဖက်က မက်လောက်စရာကောင်းတဲ့ လစာကလည်း သူနဲ့နှယ်တို့ လက်ထပ်ဖို့အတွက် အထောက်အကူဖြစ်မှာ။ သူငွေးမဟုတ်လို့ ဝန်ထမ်းလုပ်တာ။ လစာတော့ မက်သည်။ ဝန်ထမ်းဘဝဆိုတာ လစာလေးနဲ့ပဲ အသက်ရှုနေရတာလေ။

"ရှင် ဒီနေ့ နားရင်း စဉ်းစားလိုက်ဦးပေါ့။ သွားလို့ရပြီ"

"ခွင့်ပြုပါဦး"

စမတ်ကျကျနဲ့ လမ်းလျှောက်သွားပုံက မော်ဒယ်လ်သင်တန်းတက်ထားသလား ထင်ရ၏။

✧ ❤ ✧

www.burmeseclassic.com



သူ အလုပ်ထွက်ဖို့နဲ့ ကေရီစိန်ပွင့်ရဲ့ ကိုယ်ရေးအရာရှိလုပ်ဖို့ နှစ်မျိုးရွေးချယ်စရာ ရှိသည်။ သူ သေသေချာချာ စဉ်းစားရပါမည်။

သူ အလုပ်ထွက်ချင်သေမယ့် နောက်အလုပ်က အလွယ်တကူရဦးမှ။ ရခဲ့ရင်တောင် ဒီမှာလို အဆင်ပြေဦးမှ။ အဆင်ပြေရင်တောင် လစာကောင်းဦးမှ။ အလုပ်မထွက်ရင်တော့ လစာကောင်းကောင်းနဲ့ ကေရီစိန်ပွင့်နား နေရမည်။ ကေရီစိန်ပွင့်က ဘာတွေ ပညာပြဦးမလဲမသိ။

နွယ်နဲ့ တိုင်ပင်တော့ ...

"ကိုဘုန်းရယ် ... မခင်သီရိ အကောင်းပြောပေးသွားလို့ ကိုဘုန်းကို ခုလိုစိစဉ်တာလည်း ဖြစ်နိုင်တာပဲ။ လုပ်ကြည့်





လိုက်ပါဦး။ အဆင်မပြေမှ ထွက်ပေါ့။ လစာကိုနှစ်ဆကြီးများတောင် တိုးပေးထားတာဆိုတော့ ထွက်လိုက်ရမှာ နှမြောစရာကြီးလေ"

"နွယ် ပြောသလို လုပ်ပါ့မယ်၊ ဒါပေမဲ့ စိတ်တွေတော့ လေးနေတယ်ကွာ။ လစာနှစ်ဆဆိုလို့သာ၊ ပုံမှန်လစာပဲဆိုရင်တောင် ထွက်လိုက်ပြီ။ စိတ်ထဲ သိပ်မရှင်းဘူး"

"ကိုဘုန်း ထင်နေတာလည်း ဖြစ်မှာပါ။ စိတ်က ထင်နေတော့ ပိုလေးသွားတာပေါ့။ စိတ်ကို ပေါ့ပေါ့ပါးပါးပဲထားပြီး လုပ်ကြည့်လိုက်။ အဆင်မပြေရင် ထွက်လိုက်ပေါ့"

"အင်းပါ။ ကိုယ်ကတော့ ပုဂံကိုပဲ ပြန်လာချင်နေတာ"

"အဲဒီစိတ်ကြောင့်လည်း ပါမှာပါ။ ကြိုးစားပြီး လုပ်ကြည့်ပါဦး"

"အေးပါ။ နွယ် ကျန်းမာရေး ဂရုစိုက်နော်။ အစားတွေလည်း တွေ့ကရာ လျှောက်မစားနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ။ ကိုဘုန်းလည်း ကျန်းမာရေးဂရုစိုက်နော်"

"အင်း … အမေကတော့ ချွေးမလောင်းလေး ထည့်ပေးလိုက်တဲ့ သနပ်ခါးတုံးနဲ့ ပုံးရည်ကြီးတွေကို အကြိုက်တွေ့နေပါ့ဗျာ"

"ဟုတ်လား"

"ချွေးမလေးကို အမှတ်တွေ အပြည့်ပေးနေတာ။ သိတတ်တယ်တဲ့"

"ဟားထားးမှ ဟီး ဟီး"

"နွယ်လေး … လွမ်းတယ်ကွာ"

"နွယ်ရောပဲပေါ့ ကိုဘုန်းရယ်။ နေ့တိုင်း ကိုဘုန်းနဲ့တွေ့နေရတာကို အခု မတွေ့ရတော့ ရင်ထဲဟာတာတာကြီးနဲ့ မနေတတ်ဘူး"

"ကိုယ် အလုပ်ထွက်လိုက်မယ်ကွာ။ ပြီးတော့ ပုဂံမှာပဲ ရရာအလုပ် လာရှာလုပ်မယ်"





"နွယ်တို့ ကလေးတွေ မဟုတ်တော့ဘူးလေကွယ်၊ အဲလို စိတ်အလိုလိုက်လို့ ဘယ်ဖြစ်ပါ့မလဲ"

"ကိုကို စိတ်ညစ်တယ်ကွာ။ လက်ထပ်မယ် ဆိုတော့လည်း မရ။ အခုအလုပ်ကပါ ပုဂံနဲ့ ရန်ကုန် ထပ်ခွဲပစ်ပြန်ပြီ"

"ခဏပါ ကိုဘုန်းရယ်၊ အငယ်ကောင်လည်း ကျောင်းပြီးတော့မှာပါ။ နွယ်လည်း လက်ထပ်ပြီး ကိုဘုန်းနဲ့မခွဲအတူနေချင်ပါပြီ။ ဒါပေမဲ့ အမေတို့က ခွင့်မပြုသေးတော့ ဖွတ်မလုပ်ချင်လို့ပါ။ နွယ့်ကို စောင့်ပေးတဲ့အတွက် ချစ်ကိုဘုန်းကို ကျေးဇူးတင်ပါတယ်။ ဒါပဲနော် ကိုဘုန်း၊ နွယ်မမြင်ကွယ်ရာမှာ ရန်ကုန်သူ အချောအလှတွေနဲ့ ကဲမနေနဲ့နော်"

"နွယ်ရယ် … ကဲချင်ရင် ပုဂံသူနဲ့တောင် ချစ်သူဖြစ်မှာ မဟုတ်ဘူး"

ချစ်သူဘဝ စခွဲကာစ ကိန္နရီချောင်းခြားသလို နှလုံးသားတွေ အပူမီနေကြသည်။ အချစ်ဆိုတာ ကြည်သာအေးမြချင်



www.burmeseclassic.com

www.burmeseclassic.com



ရင်လည်း ရေခဲပြင်ကြီးပေါ် ထိုင်နေရတာထက်အေးပြီး ပူလောင်ချင်ရင်လည်း မီးထက်ဆယ်ဆသာသည်။

ရုပ်အပူမိတာက ကုစားရတာ လွယ်သည်၊ စိတ်အပူမိတာက ကုထုံးမမှန်ရင် ကုစားဖို့ မလွယ်၊

◆ ❤ ◆





ကေရီစိန်ပွင့်ရဲ့ ကိုယ်ရေးအရာရှိတဲ့။ ဘာကိုယ်မှ ရေးရဘဲ ကားပဲ မောင်းနေရသည်။ ကေရီစိန်ပွင့်က သူမဒရိုင်ကို တခြားကားတစ်စီးမောင်းစေပြီး ကားသော့ကို သူ့လက်သို့ ကွက်အပ်ထားသည်။ လစာနှစ်ဆပေးပြီး ဒရိုင်ဘာခန့်ထားသလို သူမမှာ မံချို ရှိပြီးသားမို့ ဘာကိုယ်ရေးအရာရှိ၊ ဘာအတွင်းရေးမှူးမှလဲ မလိုပါ။

သူ့မှာ ကေရီစိန်ပွင့် သွားလေရာ ကားမောင်းပို့နေသည်။ ဘာ Guide မှလဲ မလုပ်ရ။ သူ တော်တော်စိတ်ကုန်နေသည်။

ဘာမှမလုပ်ရလို့ စိတ်ကုန်နေတာပါ။ ကားမောင်းလောက်ကတော့ သင်ပေးရင် ဘယ်သူမဆို တတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အဘိစီဒီ ဆိုတာ ဘာမှန်းတောင် မသိဘဲ ကားမောင်းနေတဲ့သူ ပုံလို့။

ကေရီစိန်ပွင့် သွားလိုရာသို့ မရှိ အမြဲပါသည်။ သူ့မှာ ရုံးကိစ္စမဟုတ်ဘဲ ကေရီစိန်ပွင့် ထမင်းသွားစားတာတို့ ရှော့ပင်ထွက်တာတို့ဆိုလည်း လိုက်ရသည်။ ရှော့ပင်ဆိုတာ လည်း ဟက်ဗီးဝယ်တာမဟုတ်။ သူမတို့ ရှော့ပင်တာက အနည်းဆုံး ဗန်ကောက်တို့ စင်ကာပူတို့လောက်မှ ရှော့ပင်တာပါ။ ဒီမှာ က တမင် window shopping လုပ်တာပါ။ ပြီးတော့ သူမ ပိုင်သည့် စူပါမားကတ်တွေအတွက် တခြားပြိုင်ဘက်တွေပိုင်တဲ့ Mart တွေကို သွားလေ့လာတာဆိုရင်လည်း မမှားပါ။

သူ့မှာ အဲဒါတွေလည်း တကောက်ကောက် လိုက်ရသည်။ ဝယ်ခြမ်းထားတာတွေလည်း သယ်ပေးရသေးသည်။ သိပ်တော့မနိုင်ပါ။

လကုန်လို့ လစာထုတ်တော့ မြိုးမြိုးမြက်မြက် သည်။





ပြီးတော့ ကေရီစိန်ပွင့်က ဘာမှမခိုင်းပေမယ့် လက်ဆောင်တွေလည်း ဘောက်ဆူးသဘောမျိုး မကြာခဏပေးသည်။

ရေမွှေးအကောင်းစား။ နာရီအကောင်းစား။ အကျႌအကောင်းစား စသဖြင့် ဝယ်ပေးသည်။ ငြင်းတော့လည်း ဘယ်လိုမှငြင်းမရ။ မရ,ရအောင်ပေးတတ်သည်။ သူ့မှာ စိတ်ကျဉ်းကျပ်စွာနဲ့ လက်ခံရပါသည်။ ထိုလက်ဆောင်တွေကို မဖြစ်မနေ လက်ခံထားရပေမယ့် သူ မသုံးဖြစ်ပါ။ သူမကလည်း သတိထားမိပုံပါပဲ။ သူ လက်ခံပြီး မသုံးတဲ့အတွက်လည်း ကြိုက်ပုံမရပါ။

ဘယ်လိုပဲတွေးတွေး ကေရီ မရိုးသားဘူးဟု သူထင်မိသည်။ ထို့ကြောင့် အမြဲသတိထားနေမိသည်။

ကေရီကတော့ သူ့ကို ရေလောင်းပေါင်းသင်မြဲ။ နောက်ဆုံးတော့ သူ ကေရီရဲ့ဒရိုင်ဘာဘဝ ရောက်တော့တာပေါ့။

ပိုက်ဆံရှိတဲ့ သူတွေက ပိုက်ဆံလက်နက်နဲ့ မရှိဆင်းရဲသားတွေအပေါ် အနိုင်ယူတတ်ကြသည်။ မရှိဆင်းရဲသားတွေမှာလည်း ပိုက်ဆံချမ်းသာသူတွေနဲ့ မကင်းနိုင်ကြတော့။ ဒူးထောက်ရှိမှတစ်ပါး ...။



www.burmeseclassic.com

www.burmeseclassic.com



မချိုကတော့ အနီးကပဲ ပွဲကြည့်ပရိသတ်ပေါ့လေ။ ဘုန်းထွဋ်သည် သူမညဘက်တွေ ပွဲသွားစရာရှိရင်လည်း ရှိသလို မောင်းပေးရသည်။ ဒါပေမဲ့ ကားပေါ်မှာ စောင့်ရုံသက်သက် ဒရိုင်ဘာတော့မဟုတ်။ မချိုနဲ့အတူ ပွဲထဲလိုက်ထိုင်ရသည်။ ထို့အတွက် ပွဲတက်ဝတ်စုံတွေလည်း ကေရီစိန်ပွင့်က ဝယ်ထားပေးပြီးသား။ မယူဘူးဆိုလည်းမရ။ မဝတ်ဘူးဆိုလည်းမရ။ သူက စိတ်ကျဉ်းကျပ်သော်လည်း အလုပ်တော့ မထွက်လို။ ခုချိန်ထိ သူမက သူ့ကို ဒုက္ခပေးနေတာ မဟုတ်ဘဲ သူ့အပေါ် အကောင်းလွန်နေလို့ ခက်နေတာပါ။ သူ့အပေါ် ကောင်းလွန်းနေလို့ စိတ်ကျဉ်းကျပ်နေရတာပါ။

✧ ❤ ✧





သုံးလလောက်ကြာလာတော့ သူလည်း နည်းနည်း အသားကျလာပါပြီ။

သူနဲ့မချိုက ကေရီစိန်ပွင့် သွားလေရာ လိုက်ရသည်။ မချိုကတော့ သူမရဲ့ကိုယ်ရေးအရာရှိ စစ်စစ်ပါ။ သူကတော့ သူမရဲ့ဒရိုင်ဘာလိုလို ကိုယ်ရံတော်လိုလို ဘာမှန်းမသိတဲ့ဘဝ။

ကေရီစိန်ပွင့်က နိုင်ငံခြားသွားတာတောင် သူနဲ့မချိုကိုခေါ်သည်။ စင်ကာပူသွားလည်း လိုက်ရသည်။ ဗန်ကောက်သွားလို့လည်း လိုက်ရ၏။ ထိုင်ဝမ်လည်း တစ်ခေါက်ရောက်ပြီးပြီ။



www.burmeseclassic.com

www.burmeseclassic.com



သွားရင်လည်း လက်ဆောင်တွေ ဝယ်ခြမ်းပေးသလို သူမနဲ့ over sea လိုက်ရတိုင်း လက်ဆောင်တွေကို တနင့်တပိုး ဝယ်ပေးသလို ဒေါ်လာဆိုတာ အိတ်ထဲအချပ်ကြီးတွေပဲ ထည့်ပေးတတ်သည်။ တစ်ခါတလေ သူမ ဘာလို့ ဒီလောက်တောင် ကောင်းနေသလဲဟုတောင် မသင်္ကာဖြစ်မိသည်။

ခင်သီရိ ပြောပေးသွားလို့ ကောင်းတာတော့ မဖြစ်နိုင်ပါ။ ခင်သီရိအပေါ် သူ အဲဒီလောက်လည်း ဂရုစိုက်ခဲ့တာ မဟုတ်။ သာမန်ပဲ တာဝန်ကျေခဲ့ရုံပါ။

ခင်သီရိ သူ့ကို သဘောကျတာနဲ့ပဲ ကေရီစိန်ပွင့်က သူ့အပေါ် ကောင်းစရာလည်း မလိုပါ။

သူ ဘယ်လိုမှ နားမလည်နိုင်သလို သာလည်းမသာယာနိုင်ပါ။ တကယ်ပါ။ သူ စိတ်ကျဉ်းကျပ်ရသည်။ သူ့ကို သာမန်ပုံမှန်ပဲ ဆက်ဆံတာကမှ စိတ်သက်သာရာရဦးမည်။

သူ့အပေါ်ကောင်းလွန်းလို့ အလုပ်ထွက်ချင်စိတ် ပေါက်သည်ဟုပြောရင် သူ့ကို အရူးလို့ ထင်ကြဦးမည်။





ဘာကြောင့် ကောင်းနေတာလဲ။ အဖြေကိုရှာမရပါ။

ဆိုတာလည်း ကေရီစိန်ပွင့် ဘက်တော်သားဆိုတော့ မမေးရဲ။ နွယ်နွယ့်ကို တိုင်ပင်ကြည့်တော့ နွယ်ကလည်း အံ့ဩနေ ည်။

"ကိုကို အလုပ်ထွက်လိုက်တော့မယ် နွယ်"

"ကိုဘုန်းရယ် ... လစာက နင့်နေအောင်ရတာ နှမြောစရာကြီး။ နောက်အလုပ်တစ်ခုက ဒီလိုအဆင်ပြေဖို့မလွယ်ဘူးလေ။ ကောင်းလွန်းလို့ ထွက်ရတယ်ဆိုတာကြီးကလည်း မဟုတ်သေးဘူး"

"ကိုကို့စိတ်ထဲ ထင့်နေတယ်။ ကေရီစိန်ပွင့်ရဲ့ ဆက်ဆံရေးက ပုံမှန်မှ မဟုတ်တာ။ သူ့စိတ်ထဲမှာ တစ်ခုခုကြံစည်နေတာလို့ပဲ ကိုကို ထင်နေတယ်"

"စောင့်ကြည့်လိုက်ပါဦး ကိုဘုန်းရယ်"

နွယ့်ဆန္ဒကြောင့်သာ ဆက်လုပ်နေရတာ။ စိတ်က



www.burmeseclassic.com

www.burmeseclassic.com



ကေရီစိန်ပွင့်ကလည်း သူ ဖြစ်နေတာကို သိပါသည်
သူဟာ ဘယ်လိုယောက်ျားမျိုးလဲ’ဟု စမ်းသပ်နေတာပါ။ သူ
အခွင့်အရေးသမားတစ်ယောက်လား။ အမှန်အကန်လား။

ပုထုဇဉ်မှန်သမျှတော့ အခွင့်အရေးဆိုတာကို သ
ကျတဲ့သူ ရှိမှာမဟုတ်။ သူဟာ ဘယ်လောက်များ ယောက်ျား
မှာမို့လို့လဲ။ အခု သူမ ပေးသော အခွင့်အရေးတွေကို သူလ
နေတာပဲ။ ဒါတောင် သူမက သူ့ကို ဒရိုင်ဘာသာသာထား
ဘာမှမလုပ်ရဘဲ ဆယ်တန်းမအောင်တဲ့ ဒရိုင်ဘာတွေလို က
မောင်းနေရတာကို လစာမက်ပြီး လုပ်နေသည်။ အလ
အခွင့်အရေးသမား။ သူသာ အလုပ်လုပ်ချင်စိတ် တကယ်
ခုလို အနေအထားမျိုးနဲ့ နေနိုင်မှာမဟုတ်။ သူမကို တ
တောင်းဆိုလောက်ပြီ၊ သူမကို မပြောရဲရင်တောင် မချိုကို
တစ်ခုခု ပြောမှာပေါ့။ ခုတော့ မချိုကိုလည်း ဘာမှမပြော
ဒရိုင်ဘာလုပ်ပြီး လစာကောင်းကောင်းရတာကို မှိန်းတုပ်နေ

✧ ❤ ✧





“မချို စာရင်းတွေ ပြီးပြီလား”

“ပြီးပါပြီ မမလေး”

“ပြီးရင် ကေရီနဲ့ ခဏစကားပြောရအောင်”

“ဟုတ်ကဲ့၊ ဘာသောက်မလဲ မမလေး”

“မသောက်ဘူး ဆန်းကစ်သီးကို အမှျင်လေးတွေ နှင်ခဲ့ခိုင်း
လိုက်”

“ဟုတ်ကဲ့ မမလေး၊ ဟုတ်ကဲ့”

“ကေရီ ဝရန်တာမှာ ရှိမယ်”

“ဟုတ်ကဲ့”

ဆန်းကစ်ကို အခွံခွာပြီး အမြှာလေးတွေကိုခွဲ၊ အစေ့
ထုတ်ပြီး အထဲက အသားမျှင်လေးတွေကိုသန့်ပြီး ပန်းကန်ပြား



www.burmeseclassic.com

www.burmeseclassic.com



လေးထဲထည့်ကာ ဖွန်းနဲ့ခပ်စားတတ်သည်။ ကျွဲကောသီးစားရင်လည်း ထိုသို့ အဆင်သင့်ဖြစ်အောင် ပြင်ဆင်ပေးရသည်။

ကေရီစိန်ပွင့်က ညဘက်ဆို အချဉ်ဓာတ်ပါသော အသီးတစ်ခုခုစားသည်။

ဝိတ်ကျအောင်လို့တဲ့။

ကေရီစိန်ပွင့်က လှလည်း လှသလို လှအောင်လည်း ထိန်းသိမ်းတတ်သည်။

မချိုက ဆန်းကစ်ပန်းကန်ဖြင့် ရောက်လာသည်။ မချိုကိုယ်တိုင် လုပ်လာတာပါ။

"မချို ကိုယ်တိုင် လုပ်လာတာလား။ ကောင်မလေးတွေ လုပ်ခိုင်းရောပေါ့"

"သူတို့ အိပ်ကုန်ကြပြီ မမလေးရဲ့။ မချို လုပ်ရတာအပန်းမကြီးပါဘူး။ သူတို့ကို မနှိုးချင်တော့ဘူး"

"မချို မနက်ဖြန်ကျရင် ဟိုကောင်ကို အလုပ်ထုတ်တော့မယ်။ အကြောင်းပြချက်မရှိ လျော်ကြေးပေးပြီး ထုတ်ပစ်





မယ်။ ပေးထားတဲ့ အခွင့်အရေးတွေကို မှိန်းအုပ်နေတဲ့ ကောင်တော့ တွေ့ရောပေါ့"

"သေချာစဉ်းစားပါဦး မမလေး။ သူက ပုဂံမှာ ဝန်ထမ်းကောင်းတစ်ယောက်ပါ"

"မချိုရယ် ... ဝန်ထမ်းကောင်းတစ်ယောက်အတွက် ရွေးချယ်စရာသူဌေး ရှားပေမယ့် သူဌေးတစ်ယောက်အတွက် ဝန်ထမ်းမရှားပါဘူး မချိုရဲ့"

မချို ဘာပြောရမှန်းမသိ။ ထိုအယူအဆက သူဌေးတိုင်းမှာ ရှိနေ၏။

သူဌေးတွေ မသိတာက ဝန်ထမ်း မရှားပေမယ့် ဝန်ထမ်းကောင်း ရှားတယ် ဆိုတာပါပဲ။

"သူ့ကို အလုပ်ထုတ်တယ်လို့ ပြောလိုက်ရင် သူ့မျက်နှာကြီး ဘယ်လိုဖြစ်သွားမလဲ မသိဘူးနော်။ အင်း ... သူပြီးရင်တော့ သူ့ကောင်မလေးအလှည့်ပဲ"

"နွယ်နွယ်ထွန်းက ဘာအပြစ်ရှိလို့လဲ မမလေးရယ်"



www.burmeseclassic.com

www.burmeseclassic.com



"သူကတော့ အပြစ်မရှိပါဘူး။ ဟိုကောင်ကို စိတ်အနှောင့်အယှက်ပေးချင်လို့လုပ်မှာ။ အင်း ... ကောင်မလေးက ခားစာခံကျသွားတာပေါ့"

မချိုလည်း ဘာမှမပြောရဲပါ။ ကိုယ့်နေရာလေး မြဲစေချင်ရင် ဘာမှမပြောဘဲ နေတာက အကောင်းဆုံး။ မချိုတို့ဘဝက သူ့ဆန်စားပြီး ရဲရတဲ့ဘဝမို့လား။ မပြောရဲပါဘူး။ တကယ်ဆိုရင် နွယ်နွယ်ထွန်းမှာ အပြစ်မရှိ။ ပြောသာပြောရတယ်လေ။

ဘုန်းထွဋ်ခေါင်မြတ်မှာလည်း အပြစ်မရှိပါ။ ခင်သီရိက ဘာကြီးပဲဖြစ်နေပါစေ။ သူချစ်ချင်မှ ချစ်မှာပေါ့။ သူ့မှာ နွယ်နွယ်ရှိနေတာပဲ။ သူ ခင်သီရိကို ဘယ်စိတ်ဝင်စားပါ့မလဲ။ ဒါကိုပဲ စိတ်မဝင်စားရကောင်းလားဆိုပြီး အငြိုးဖွဲ့ရန်ရှာနေတာက မမလေးပါ။

ဘုန်းထွဋ်ကိုလည်း သတိမပေးရဲပါဘူး။ တော်ကြာ မမလေးရဲ့အစီအစဉ်တွေ သူမကြောင့် ပျက်သွားမှာစိုးသည်။





ကေရီစိန့်ပွင့်ကတော့ ဆန်းကစ်ဖတ်ကလေးတွေကို သွားဖျားပေါ်မှာ အရသာခံနေသည်။

မချို သက်ပြင်းကလေး အသာချလို့။

✧ ❤ ✧

ဝေဖန်စာ၊ အကြံပေးစာနှင့် မိတ်ဆက်စာများပေးပို့ပါလျှင်
အမှတ်-၉/၁၁၊ စ-လွှာ(ဂ)၊ ဇေယျဝတီလမ်း(ဗဟိုလမ်း)၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့သို့
ပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မနက်ရောက်တော့ သူမတို့ခြံကို ဘုန်းထွဋ် ရောက်လာသည်။ ထုံးစံအတိုင်း ကားထုတ်ဖို့ပေါ့။ ကေရီက ဒီနေ့ကားကို ကိုယ်တိုင်မောင်းသွားတော့မှာ။ သူ့ကို ခုပဲ အလုပ်ဖြုတ်တော့မှာ။ ကေရီ ဆင်းလာတော့ သူက ကားကို အဆင်သင့်ပြင်ထားသည်။ ကေရီ ပြုံးလိုက်သည်။

"မမကေရီ"

"ပြော"

ပြောစမ်း။ ဘာပြောမလဲ မောင်ဘုန်းထွဋ်ခေါင်မြတ်ရေ။ ပြောချင်တာ ပြောပြီးရင် ကျွန်မ ရှင့်ကို အလုပ်ဖြုတ်တော့မှာ။

"ကျွန်တော် အလုပ်ထွက်စာ တင်ချင်လို့ပါ"





"ဘာ"

"ဖြစ်နိုင်ရင် ဒီနေ့ပဲ ထွက်ချင်ပါတယ်"

သူမ မချိုကို လှည့်ကြည့်လိုက်သည်။ မချိုကလည်း အံ့သြနေသော မျက်နှာနှင့်။ အတူနေတာ ကြာပြီမို့ မချို မပြောဘူးဆိုတာကို သူမယုံကြည်သည်။

"ဘာဖြစ်လို့ ထွက်မှာလဲ။ ရှင့်ကို ကျွန်မ ဒီလောက်ကောင်းကောင်း စီစဉ်ပေးထားတာ"

"ဟုတ်ပါတယ်၊ အဲလိုကောင်းလွန်းလို့ ကျွန်တော် မလုပ်နိုင်တာပါ။ ကျွန်တော်က Guide ပဲ လုပ်ချင်တယ်။ ကားမမောင်းချင်လို့တော့ မဟုတ်ပါဘူး၊ ကားမောင်းရင်း Guide တစ်ယောက် လုပ်ရလည်း အဆင်ပြေပါတယ်။ ပြီးတော့ ထိုက်သင့်တဲ့ လစာကလွဲရင် တခြား ဘာမှမလိုချင်ပါဘူး။ မမကေရီက ထိုက်သင့်တာထက် ပိုပြီးကောင်းနေလို့ ကျွန်တော် စိတ်ကျဉ်းကျပ်တယ်။ အလုပ်လုပ်ရတာလည်းမပျော်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်ရလေရှင် ... ဟင်း ဟင်း၊ အလုပ်ကောင်းရတာကို မပျော်တာ ရှင်တစ်ယောက်ပဲ ရှိမယ်ထင်တယ်"

"ကျွန်တော် အခွင့်အရေးတွေ မလိုချင်ပါဘူး မမကေရီ။ တကယ်လို့သာ အရင်လို ပုဂံမှာကားမောင်းရင်း Guide လိုက်ရမယ် ဆိုရင် ကျွန်တော့်အတွက် အဆင်ပြေပါတယ်"

"ကဲပါ ... ပုဂံမှာတော့ မလုပ်နဲ့၊ ရန်ကုန်ရုံးချုပ်မှာ နေပြီး တော့ပဲ Guide လိုက်ပေါ့။ အဲဒါဆို အိုကေလား။ ရှင်က ရန်ကုန်သားမို့လား၊ ဒီမှာ ပိုအဆင်ပြေမှာပေါ့"

"ဟုတ်ကဲ့"

"ရှင့်ရဲ့အလုပ်ထွက်စာကြီးကို စုတ်ဖြဲပစ်လိုက်ပြီး ကားပေါ် တက်၊ ကျွန်မကို ရုံးရောက်အောင်တော့ လိုက်မောင်းပို့ဦး။ ပြီးမှ ရုံးချုပ်ကိုသွားပေါ့"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့"





ရုံးချုပ်ဆိုတာ ကေရီစိန်ပွင့် ထိုင်သော ရုံးဝင်းထဲမှာပါပဲ။ ရုံးချုပ်မှာနေပြီး Guide လိုက်ရရင်လည်း မဆိုးပါ။ Guide လိုက်ရင် ပုဂံကိုမကြာခဏတော့ ရောက်မှာပဲ။ ပုဂံရောက်ရင် နွယ်နဲ့ တွေ့ရမည်။

ကေရီက မချိုကို ပြုံးပြလိုက်သည်။

"မချိုရေ ... ကေရီပစ်မှတ်က ကပ်လွဲသွားတယ်"

"မချို မပြောဘူးနော် မမလေး"

"ကျွန်မ မချိုကို ယုံပါတယ်။ သူက စာမေးပွဲကိုကပ်ပြီး အောင်သွားတာပါ"

မချိုလည်း စိတ်ချမ်းသာသွားသည်၊ ဘုန်းထွဋ်ခေါင် ဖြတ်ကို ကြည့်ရတာ လူကောင်းတစ်ယောက်ပါပဲ။

ရုံးရောက်တာနဲ့ ကေရီ့ကို ကားသော့အပ်ကာ ရုံးချုပ်ဘက်ကို ထွက်သွားသည်။

ကေရီစိန်ပွင့်က ပြုံးလိုက်ကာ ...

"မချို ရုံးချုပ်က ထွန်းနှင်းဆီကို လှမ်းခေါ်လိုက်"

"ဟုတ်ကဲ့ မမလေး"



www.burmeseclassic.com

www.burmeseclassic.com



ထွန်းနှင်းဆီ။ MBA ဘွဲ့ရ မန်နေဂျာပေါက်စ အပျိုချောလေးဆိုရင်လည်း မမှား။ ရှုတိုင်းယဉ်လေး။ ပြင်တတ်ဆင်တတ်သမှ နာမည်ကြီးမော်ဒယ်လ်တွေ ထိုင်ငိုသွားရမည်။ ထွန်းနှင်းဆီက ခေတ်ဆန်ဆန် ဝတ်ရင်လည်း လန်းလွန်းသလို မြန်မာဆန်ဆန်ဝတ်ပြီဆိုရင်လည်း ဆံထုံးတွေပါ ဖြတ်ထုံးပစ်တာ။ မြန်မာဝတ်စုံကို ဆံပင်ဖျားလျားချပြီး ဘယ်တော့မှမဝတ်။

ထွန်းနှင်းဆီကို ရုံးမှာရှိတဲ့ လူလွတ်မှန်သမျှ သဘောကျသလို ပတ်သက်ရာ ပတ်သက်ကြောင်း လူကြီးတချို့ကလည်း စပွန်ဆာပေးလိုကြသည်။

ဒါပေမဲ့ ထွန်းနှင်းဆီက ခုထိတော့ မကြွေသေး။ ဘယ်သကောင့်သား ကြီးကြီးငယ်ငယ်ကမှ ထွန်းနှင်းဆီကို မချွေနိုင်သေး။ ထွန်းနှင်းဆီက ယောကျ်ားတွေကို စိတ်မဝင်စားလို့ မကြွေတာမဟုတ်။ ဈေးကို တင်လို့ရသမျှ ဆွဲတင်ပြီး မူနေတာပါ။

ထွန်းနှင်းဆီကို ကေရီ့ဖခင် ဦးပြည့်ဝချမ်းသာတောင် ကပ်လို့မရ။





ထိုသို့သော ထွန်းနှင်းဆီကို ကေရီအသုံးချကြည့်ရမည်။ ဂဏန်းများများတော့ ကိုက်ရမည်ထင်သည်။

မချိုကလည်း ထွန်းနှင်းဆီကို ခေါ်လိုက်ကတည်းက သဘောပေါက်ပါ၏။

✧ ❤ ✧



www.burmeseclassic.com

www.burmeseclassic.com



လိုရင်းကို အတိုရှင်းပြရမယ် ဆိုရင်တော့ ဧကရီစိန်ပွင့်က ထွန်းနှင်းဆီကို ငွေပမာဏတစ်ခုပေးပြီး ဘုန်းထွဋ်ခေါင်မြတ်ကို ချဉ်းကပ်ခိုင်းတာပါပဲ။

ဘုန်းထွဋ်ခေါင်မြတ် စိတ်ဝင်စားအောင် လုပ်နိုင်ရင် ထွန်းနှင်းဆီအတွက် ဂဏန်းကြီးကြီးတစ်ခု ရမှာပါ။

ထွန်းနှင်းဆီက ဘုန်းထွဋ်ခေါင်မြတ်ကို လက်ထပ်ဖို့အထိမလို။ သူမကို ဘုန်းထွဋ် စိတ်ဝင်စားလာပြီဆိုရင် ချစ်သူဖြစ်အောင် ကြိုးစားရမည်။ ဘုန်းထွဋ်နဲ့ ထွန်းနှင်းဆီတို့ ချစ်သူသက်တမ်း တစ်လပြည့်တာနဲ့ ထွန်းနှင်းဆီဘက်က ဖြတ်လိုက ဖြတ်နိုင်သလို မဖြတ်ချင်ရင်လည်း ရှေ့ဆက်ခွင့်ရှိမည်။ အဓိက,က သူတို့ရဲ့ချစ်သူသက်တမ်း တစ်လပြည့်အောင် တွဲနိုင်ရင် ရပြီ။





ထို့အတွက် ထွန်းနှင်းဆီ ရမှာကမနည်း။ ဘာစပွန်ဆာမှ ယူစရာမလို။ ကိုယ့်ဘက်ကို ထိခိုက်နစ်နာလောက်စရာ အရင်းအနှီးမျိုးလည်း လုပ်စရာမလို။

သာသာယာယာလေးနဲ့ ငွေရမယ့်အလုပ်။ ဒါပေမဲ့ ပေါ့လေ မြန်မာမိန်းကလေး တစ်ယောက်ရဲ့ ကိုယ်ကျင့်သိက္ခာနဲ့တော့ မညီဘူးပေါ့။

ထွန်းနှင်းဆီ ဆိုတာကလည်း ဒီလို ခွင်ကြီးကြီးမျိုးကို စောင့်နေတဲ့သူဆိုတော့ အပေးအယူ မျှသွားကြသည်။

စရန်အဖြစ် သိန်းတစ်ရာတန် ချက်တစ်ရွက်တော့ ပေးပြီ။ ဖြစ်အောင်လုပ်နိုင်ရင် ငွေအကြေချေမည်ဖြစ်ပြီး ထွန်းနှင်းဆီဘက်က မကြိုးစားနိုင်ခဲ့ရင်တော့ စရန်နဲ့တင် ကျေနပ်ရမည်။

မဖြစ်ခဲ့ရင်တောင် စရန်ယူထားတဲ့ သိန်းတစ်ရာကို ပြန်ပေးစရာမလို။ ဒါပေမဲ့ ထွန်းနှင်းဆီကို ဧကရီက စောင့်ကြည့်နေမှာဖြစ်ပြီး မလုပ်ဘဲနေရင်တော့ စရန်ကို ငါးဆပြန်လျော်ရမည်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ပွဲကတော့ ပွဲကြီးပွဲကောင်းပဲ။ ထွန်းနှင်းဆီဆိုတဲ့ တစ်ယောက်ကလည်း သူမကိုယ်သူမ ယုံကြည်မှုလွန်ကဲနေသူ တစ်ယောက်ဖြစ်သည်။

သူမ ဖြစ်အောင်လုပ်နိုင်မည်ဟု တွေးကာ ရမယ့် ပိုက်ဆံတွေကိုတောင် စိတ်ကူးနဲ့ စီမံခန့်ခွဲနေသူပါ။

ကေရီစိန်ပွင့်ကတော့ နောက်ထပ် နယ်ရုပ်တစ်ရုပ် ထပ်ပြီး ထိုးကျွေးလိုက်ပြန်ပြီ။ အဲဒီနယ်ရုပ်ကလေးက ကြွေရုပ်ကလေးတမျှ လှပနေသည်။ ဘုန်းထွဋ်ခေါင်းမြတ်က ဘာသားနဲ့ ထုထားတာမို့လို့လေးလဲ။

နွယ်နွယ်ထွန်းနဲ့ ထွန်းနှင်းဆီ ဆိုတာ ဘယ်လိုမှ ယှဉ်မရအောင် အပြတ်အသတ် ကွာခြားနေပါပြီ။ နွယ်နွယ်ထွန်းက ပုံပန်းမကျတဲ့ တောသူမ။ ထွန်းနှင်းဆီက တသသရင်သည်း ရှုမောချင်စရာကောင်းတဲ့ အလှပဂေးလေး။

ဒီတစ်ခါတော့ ဘုန်းထွဋ်ကောင်းမြတ် ရျာန်ရွှေမှာ သေချာနေပြီ။ ကေရီစိန်ပွင့်က စောင့်ကြည့်နေရုံသာ။





ထွန်းနှင်းဆီတို့ ဌာနခွဲမှာ ဘုန်းထွဋ်ခေါင်မြတ်ကို ခန့်ခိုင်းလိုက်သည်။ အဲဒါမှ သူမ စီမံခန့်ခွဲလို့ ရမှာပေါ့။ ပြီးတော့ တစ်ယောက်ကို တစ်ယောက် နေ့စဉ်မြင်တွေ့နေရပြီး မြင်ပါများတော့ ကြင်သွားနိုင်သည်။ ထွန်းနှင်းဆီက ဆရာမကြီးပါ။

ခေါ်တာတောင် ကိုဘုန်းတဲ့။ ရုံးထဲက ပုရိသတို့ကတော့ မကျေနပ်ကြ။ ထွန်းနှင်းဆီက နောက်မှပေါက်တဲ့ ရွှေကြာပင်ကို အထာပိုပေးနေတာကို ဘုန်းထွဋ်ကလည်း ယောက်ျားတို့သဘာဝ အလှအပကိုတော့ ခံစားတတ်ပါသည်။ ထွန်းနှင်းဆီ လှမှန်း သိပါသည်။ ခံစားလို့လည်းရ၏။ ဒါပေမဲ့ ရင်တော့မခုန်။ သူ့ရင်ထဲ အမြတ်တနိုးနဲ့ အမြစ်တွယ်နေတာက ရိုးသားသော သနပ်ခါးလေး။ မိတ်ကပ်လူးထားတဲ့ ကြောင်တောင်တောင်အလှကို ခံစားလို့တော့ ရပါရဲ့။ တန်ဖိုးတော့ ထားလို့မရ။ သူချစ်တာ နွယ်ပါပဲ။

ရုံးထဲက ယောက်ျားလေးတွေက ပြောကြသည်။ သူ့ကို ထွန်းနှင်းဆီက အထာပေးသတဲ့။



www.burmeseclassic.com

www.burmeseclassic.com



သူလည်း သိတာပေါ့။ ယောကျ်ားလေးပဲ။ ယောကျ်ားမှ ခပ်လည်လည်ယောကျ်ားတစ်ယောက်။ ဒါပေမဲ့ သူလည်တာက သူများကို လူလည်ကျဖို့ မဟုတ်သလို သူ့စိတ်အခံကလည်း ရိုးသား၏။

ထွန်းနှင်းဆီ အကြောင်းတွေကိုလည်း မစုံစမ်းဘဲ သိနေရတာ နားနှင့်မဆံ့။ ထွန်းနှင်းဆီကို သူတို့သူဌေး ဦးပြည့်ဝ ချမ်းသာကလည်း သဘောကျနေတာတဲ့။ တကယ့် မင်းကြိုက် စိုးကြိုက်။ သူမနား ဝဲပျံနေသော ပုရိသတွေအကုန် ဘုန်းထွင့်ထက် သာတဲ့ သူချည်းပဲ။ ဒါတွေကို ဂရုမစိုက်ဘဲ ဘုန်းထွင့်ကိုမှ အထာ ပေးတာဟာ ဘယ်လိုမှ သွေးရိုးသားရိုး မဖြစ်နိုင်။

ဒါဟာ အကြောင်းတစ်ခုခု ရှိလို့သာဖြစ်ရမည်။ ထိုအကြောင်းဟာ ကေရီစိန်ပွင့်နဲ့ မပတ်သက်ဘူးလို့ ဘယ်သူ အာမခံမှာလဲ။

ထို့အတွက် ဘုန်းထွင့်က ရှောင်ပါသည်။ ထွန်းနှင်းဆီ လို ပဲမမကိုလည်း သူ မကြိုက်ပါ။





Lotion ဖိုးနဲ့ မွဲလိမ့်မည်။

အရမ်းလှပြီး အလှကြိုက်သော မိန်းမတွေဟာ တစ်စိတ်တော့ အတ္တကြီးတတ်ကြသည်လေ။ ထို့ကြောင့် သူ ထွန်းနှင်းဆီကို မနှစ်သက်ပါ။ သူ့ရင်ထဲမှာရှိတာ နွယ်တစ်ပင်တည်း။

✧ ❤ ✧



www.burmeseclassic.com

www.burmeseclassic.com



မြန်မာပြည် တစ်ပတ်လည် ပတ်လေ့လာမည့် Tourist အဖွဲ့နဲ့အတူ သူလိုက်ရမည်။ Guide မလိုက်ရတာကြာ၍ လိုက်ချင်နေတာပါ။ ဒါပေမဲ့ ထိုခရီးစဉ်မှာ ထွန်းနှင်းဆီပါ ပါနေသည်။

ဒါဟာ တိုက်ဆိုင်မှုတော့ မဖြစ်နိုင်။ တမင် စီစဉ်ထားတာပဲဖြစ်မည်။

မြန်မာပြည်တစ်ပတ်ဆိုတော့ ပုဂံကိုလည်းရောက်ပါမည်။ ထိုအခါ နွယ်နှင့်တွေ့ရမည်မို့ ဝမ်းသာသော်လည်း ထွန်းနှင်းဆီကြောင့် သူနဲ့နွယ် ပြဿနာတက်မှာကို ကြောက်နေမိသည်။

ထွန်းနှင်းဆီက လိုက်ကပ်နေတာကိုး။





သူ ထင်တဲ့အတိုင်းပါပဲ ပုဂံရောက်တော့ ထွန်းနှင်းဆီက သူ့ကို ပိုပြီးတော့ကပ်သည်။ အထူးသဖြင့် နွယ့်ရှေ့ဆိုပိုဆိုး၏။

နွယ်ကလည်း အကဲတခတ်ခတ်။ ဒါပေမဲ့ သူချစ်သော နွယ်သည် သူက မပြောပြမချင်း ဘာကိုမှမမေးပါ။

သံသယတွေနှင့် ရန်ထောင်သော မိန်းကလေးထဲမှာ နွယ်မပါ။

နွယ်မမေးလေ သူက နွယ့်ကို ပိုပြီးရှင်းပြချင်လေပါပဲ။ ဒါပေမဲ့ သူနဲ့နွယ်တို့ အေးအေးဆေးဆေးကို တွေ့ချိန်မရပါ။ အလုပ်တစ်ဖက်နဲ့ကိုး။

ညဘက် ဖုန်းနဲ့ဆက်ပြီး အကျိုးအကြောင်းရှင်းပြလိုက်သည်။ နွယ်ကတော့ ...

"ကိုဘုန်း နွယ်ကလေ ထားခဲ့လို့ ပြဿနာရှာပြီး ဘောင်းဘီစဆွဲထားမယ့် မိန်းမ မဟုတ်ဘူးဆိုတာ ကိုဘုန်းသိမှာပါ။ နွယ် ကိုဘုန်းကိုယုံတယ်။ ကိုဘုန်း နွယ့်ထက်ပိုပြီး



www.burmeseclassic.com

www.burmeseclassic.com



သဘောကျတဲ့သူတွေ့ရင် နွယ့်ကို ပွင့်ပွင့်လင်းလင်းပြော။ နွယ် ကျေကျေနပ်နပ် နောက်ဆုတ်မှာ။ နွယ် ဒါပဲပြောချင်တယ်။ သူနဲ့ ကိုဘုန်းကို နွယ် မစွပ်စွဲဘူး။ ကိုဘုန်း နွယ့်ကွယ်ရာမှာ ဖောက်ပြန်မယ့်သူ မဟုတ်ဘူးဆိုတာ ယုံတယ်"

"နွယ်ရယ်"

"ကိုဘုန်းလည်း သံသယတွေ မပွားပါနဲ့ကွယ်။ ကေရီစိန်ပွင့်လို သူဌေးမကြီးတစ်ယောက်က ကိုယ့်ဝန်ထမ်းတစ်ယောက်ကို တစ်ခုခုလုပ်ချင်ရင် ခုလို ကွေ့ပတ်ပြီးလုပ်နေစရာကို မလိုဘူး၊ ကိုဘုန်းကို လူငှားပြီး ချောင်းရိုက်ခိုင်းလိုက်ရင်တောင် ရတယ်လေ"

"နွယ်ပြောမှ ကိုယ် ကျေချမ်းလုပြီ"

"နွယ်က သဘောပြောတာပါ။ ကိုဘုန်း စိတ်ထင်လို့နေမှာပါ။ ဒါနဲ့ အဲဒီ ထွန်းနှင်းဆီ ဆိုတဲ့ မိန်းမက ချောတော့ တော်တော်ချောတာနော်"





"ပြုပြင် ပြင်ဆင်နိုင်လို့ပါကွာ။ ကိုကို့ချစ် နွယ်ကမှ မပြုမပြင် အလှယဉ်ဆိုသမှ ယဉ်ထက်ယဉ်။ ယဉ့်မျိုးစုတဲ့ကြော့သူခင်လေးကွ၊ ကိုကိုက နွယ်လေးကိုပဲ ချစ်တာ"

"ပြောတာပဲ၊ နောက်မှ ထွန်းနှင်းဆီနောက် ကောက်ခနဲပါသွားမယ်"

"ထားတော့၊ နွယ် ကိုကို့ကိုချစ်လား၊ ကိုယ့်အကြောင်းကိုယ်ပြောတာပဲ ကောင်းတယ်၊ ပြော ... ချစ်လား"

"ချစ်တာပေါ့ ကိုဘုန်းရယ်။ နွယ့်လို အညာသူကိုချစ်ရှာတဲ့ ကိုဘုန်း၊ ဘယ်နေ့ပစ်သွားမလဲနဲ့ ရင်တထိတ်ထိတ်နဲ့ကို ချစ်နေရတာ"

"အပြောကောင်းလေး၊ ဖုန်းထဲမှာမို့လို့ အသည်းယားလို့မရဘူးကွာ ... ဟင်း"

"ကြည့် ... ကိုဘုန်းနော်၊ မနောက်နဲ့ ကြဲစည်နေတယ်မို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟီး ဟီး ... သနပ်ခါးနံ့လေးတောင် မခံစားရတာ ကြာပြီကွာ။ နွယ်လည်း ကိုယ့်ကို သတိရလွန်းလို့ မစားနိုင် မအိပ်နိုင် ဖြစ်နေတယ် ထင်တယ်နော်"

ဘုန်းထွဋ် စကားကြောင့် နွယ်က ဟက်ဟက်ပက်ပက် ရယ်နေသည်။ ဘုန်းထွဋ် ပြောချင်စရာ ကောင်းလောက်အောင်ကို နွယ်က သိသိသာသာကြီး ဝလာတာကိုး။

✧ ❤ ✧





နွယ်သည် မိန်းမသားသဘာဝမို့ ထွန်းနှင်းဆီ ကိုဘုန်းကို ကပ်နေတာကို ရိပ်မိပါသည်။ ထွန်းနှင်းဆီ ဆိုတာ အရမ်းလှတဲ့ မိန်းမတစ်ယောက်။ နွယ်နဲ့ဆို လုံးဝဆန့်ကျင်ဘက်ပါပဲ။ နွယ့်ထက် အဆပေါင်းများစွာ လှပတဲ့ မိန်းမတစ်ယောက်က နွယ့်ချစ်သူကို ကပ်နေတာ နွယ် ရင်မပူဘဲနေပါ့မလား။

ခင်သီရိတုန်းကတော့ နွယ် စိတ်မပူခဲ့။ ဟိုက နိုင်ငံခြားသူ ဖြစ်နေတာကိုး။ ကိုယ့်ချစ်သူမို့လို့ ကိုဘုန်း စိတ်ကို အကဲခတ်မိသလောက်တော့ ရှိပါသည်။ ကိုဘုန်းက နိုင်ငံခြားသူကိုတော့ ယူမှာမဟုတ်။

အခု ထွန်းနှင်းဆီကျတော့ ပူရပြီလေ။ ထွန်းနှင်းဆီက မြန်မာမိန်းကလေးတစ်ဦး ဖြစ်သလို နွယ့်ထက် အများကြီး



www.burmeseclassic.com

www.burmeseclassic.com



လုပြီး နွယ့်ထက် အများကြီး ထက်မြက်သည်။ နွယ့်ပြိုင်ဘက်နဲ့ နွယ်က အနေအထားက မိုးနဲ့မြေပမာ ကွာခြားနေသည်။ ယှဉ်ကြည့်ပါ။ မော်ဒယ်လ်တစ်ယောက်လို ဖြူစင်ကြော့မတ်နေတဲ့ မိန်းမတစ်ယောက်နဲ့ သနပ်ခါးဘဲကြား ရိုက်တတ်တဲ့ အညာသူ။ ယောကျ်ားလေးအယောက်တစ်ရာ လိုက်မေးကြည့်ရင် အညာသူကို ရွေးမယ့်သူ ဘယ်နှယောက်ရှိမယ်ထင်လဲ။ ရာခိုင်နှုန်းက သုညနဲ့ တစ်ရာလောက် ကွာကိုကွာမယ် ထင်တယ်နော်။

အညာသူကို ရွေးမယ့်သူ တစ်ယောက်တလေတောင် ရှိပါ့မလား။ ထို့ကြောင့် နွယ်လည်း ကိုဘုန်းနဲ့ မြန်မြန်လက်ထပ်ချင်ပါပြီ။ ဘယ်သူမဆို ကိုယ်ချစ်ရတဲ့သူကို ဆုံးရှုံးရမှာ ကြောက်တာချည်းပဲပေါ့။

အခြေအနေမပေးလို့သာ အနေဝေးကြရတာလေ။ ဖူးစာဆိုတဲ့ ကံကလည်း ပါဦးမှ။ နွယ်က ကိုယ့်ထက်သာတဲ့ ယောကျ်ားတစ်ယောက်ကို ချစ်သူတော်ထားတာမို့ ပူရပင်ရပါသည်။





ထားခဲ့ရင်တောင် ကိုဘုန်းမှာ အပြစ်မရှိ။ ကိုဘုန်းက သူ့ကို လက်ထပ်ခွင့် တောင်းနေတာ ခဏခဏ၊ သူမဘက်က လက်မထပ်နိုင်ခဲ့တာလေ။

တစ်ခါတလေကျတော့လည်း နွယ် သမီးလိမ္မာမလုပ်ချင်။ မောင်ဖြစ်သူ ပညာရေးအတွက် နွယ့်ချစ်သူနဲ့ ဝေးနေရသည်။

တကယ်တော့ မောင်ကောင်းစားဖို့ အနစ်နာခံသည်ပဲထား။ တစ်ချိန်မှာ အဲဒီမောင်က သူ့လမ်းသူ လျှောက်သွားတဲ့ အချိန် နွယ် ငုတ်တုတ်မေ့ရတဲ့ အဖြစ်မျိုး။ လူ့ဘဝဆိုတာ ကိုယ့်ဘာသာ သီးခြားတည်ဆောက် ကြိုးစားရန်းကန်ကြတာပဲ ကောင်းသည်။ တစ်နွယ်ငင် တစ်စင်ပါနေရင် တိုးတက်သင့်သလောက် တိုးတက်ရဘဲ ဆုတ်ယုတ်ရဖို့ပဲများသည်။ မြန်မာနိုင်ငံမှာ မတိုးတက်တာ ထိုကိစ္စတွေလည်းပါ၏။

တိုးတက်မည့် သူ့ရဲ့ခြေထောက်ကို ကျန်တဲ့မိသားစုဝင်တွေက ဝိုင်းဆွဲထားရင် ကာယကံရှင်လည်း အထက်မကျ



www.burmeseclassic.com

www.burmeseclassic.com



အောက်ကျဖို့ပဲများကာ မိသားစုတွေလည်း သူများကို မှီခိုရင်း ကိုယ်ပိုင်အစွမ်းအစတွေ ပျောက်ဆုံးကာ နစ်သထက်နစ်ဖို့ပဲ မြင်သည်။ ထို့ကြောင့် ဒီမိုကရေစီစနစ်ပဲ ကောင်းသည်။ လူသားတစ်ဦးတစ်ယောက်ချင်း ဒီမိုကရေစီရဖို့လိုသည်။

ဆယ့်ရှစ်နှစ်ပြည့်ရင် မိဘအုပ်ထိန်းမှုအောက်ကထွက်ပြီး ကိုယ့်ဘဝကိုယ် တည်ဆောက်ရတဲ့ အနောက်တိုင်းစနစ်ကို ကျွန်မတော့ သဘောကျသည်။ ထိုစနစ်သည် မိဘအတွက်ရော သားသမီးအတွက်ပါ အဆင်ပြေသည်။ လူဆိုတာကိုယ့်ဘဝကို ကိုယ်တိုင်ဖန်တီးတာ အကောင်းဆုံး။ ကောင်းရင်ခံ၊ မကောင်းရင်စံ။

ဆယ့်ရှစ်နှစ်မှာ ကိုယ်ပိုင်ဆုံးဖြတ်ခွင့် ရတဲ့သူဟာအသက်သုံးဆယ်ဆိုရင် အတော်အတန် ရင့်ကျက်တဲ့အနေအထားရောက်သွားပြီ။ မြန်မာပြည်မှာတော့ ထိုသို့မဟုတ်။ အသက်လေးဆယ်တွေကလည်း အိမ်ထောင်မကျမချင်း မိဘအိမ်မှာ ကလေးလုပ်ကြတုန်း။ ဒါက သားသမီးတွေဘက်ကအပိုင်း။ မိဘတွေဘက်





မှာလည်း ပြောစရာရှိသည်။ မိဘတွေရဲ့ အယူအဆကလွဲမှားနေသည် ဆိုပါစို့။ ဒါပေမဲ့ ထိုအယူအဆ အလွဲတွေအတိုင်း သားသမီးတွေကို အတင်းအကျပ်မဖြစ်မနေ လက်ခံခိုင်းသည်။ မိရိုးဖလာတဲ့။ ထိုအရာကြီးတွေက တော်တော်ဆိုးသည်။ သားသမီးတွေရဲ့ အခွင့်အရေးကို ထိခိုက်ရာကျသည်။

ထို့ကြောင့် ဆယ့်ရှစ်နှစ်ပြည့်ရင် လွတ်လပ်ခွင့်ရသော အနောက်တိုင်းယဉ်ကျေးမှုက လူအဖွဲ့အစည်းကို တိုးတက်စေသည်ဟု နွယ် ယူဆမိသည်။

အစိုးရက ပြည်သူတွေကို ဒီမိုကရေစီ မပေးခင်အိမ်တစ်အိမ်ချင်း မိသားစုချင်းစီ တစ်စုချင်းစီတိုင်းမှာ ဒီမိုကရေစီဆေးကြည့်။ စည်းကမ်းရှိရှိနဲ့ လူအခွင့်အရေးကို ရယူပိုင်ဆိုင်ခွင့်ရှိသူမှန်သမျှ ကြိုးစားရင် ကြိုးစားသလောက်လည်း တိုးတက်နိုင်သည်။

သားသမီးက အင်ဂျင်နီယာ ဖြစ်ချင်တာကို အတင်းဆေးကျောင်းတက်ခိုင်းတဲ့ မိဘကို မှန်တယ်လို့ မယူဆချင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



လူဆိုတာ ဝါသနာပါရာကိုလုပ်မှ ထူးချွန်တာပါ။ အဲလိုမဟုတ်ဘဲ လွဲချော်နေကြတော့ ပျော်ရာမှမနေရ တော်ရာမှာနေရဆိုတဲ့ စကားလုံးတွေ တွင်ကျယ်လာ၏။ ထိုဆောင်ပုဒ်သည် မကောင်းမှု ပြုသူတွေအတွက်သာဖြစ်သည့်ပြီး ကောင်းမွန်စွာ လုပ်ကိုင်စားသောက်တဲ့သူအဖို့တော့ ပျော်ရာမှာနေသင့်ပါသည်လေ။

နွယ် အတွေးနယ်ကျွံသွားတာ ညဉ့်တောင်တော်တော် နက်သွားပြီ။ အပူသောကတွေဖိစီးနေတာ အိပ်လို့တောင် မပျော်။ ဒါပေမဲ့ နွယ်က ထိန်းသိမ်းနိုင်စွမ်း ရှိပါသည်။ နွယ် ပူပန်စိုးရိမ်နေတာကို ကိုဘုန်းတောင် မရိပ်မိ။

ထွန်းနှင်းဆီကတော့ နွယ့်ကို ကိုဘုန်းရည်းစားမှန်း သိပုံမရ။ ထို့ကြောင့် ကပ်နေတာလား။

ကိုဘုန်း ပြောသလို သိသိနဲ့ လုပ်သလားဆိုတာတော့ ကာယကံရှင်မှတစ်ပါး ဘုရားပဲသိမည်။

နွယ် မျက်လုံးစုံမှိတ်ပြီး တစ်နစ်သုံးလေး ရေတွက်ကာ အိပ်ပျော်အောင် အိပ်လိုက်သည်။





လောကမှာ နွယ့်ထက် ကိုဘုန်းကို ချစ်နိုင်တဲ့သူ ရှိမယ်မထင်ပါဘူးကွယ်။ ဒါပေမဲ့ နွယ် အချစ်တွေကို ထုတ်မပြတတ်သလို ကိုကိုမောင်မောင်ခေါ်ပြီး မချွဲတတ်ပေမယ့် နွယ်သည် စစ်မှန်အေးမြသော မေတ္တာအပြည့်ဖြင့် ကိုဘုန်းကိုချစ်ပါ၏။

✧ ❤ ✧



www.burmeseclassic.com

www.burmeseclassic.com



နွယ်သည် ကိုဘုန်းနဲ့ ထွန်းနှင်းဆီကို မကြည့်မိအောင် နေသည်။

ထွန်းနှင်းဆီသည် ကိုဘုန်းကို အတင်းလိုက်ကပ်တာ နွယ် မြင်တွေ့နေရသည်။

မမြင်ချင်လို့ မျက်နှာလွှဲနေလည်း အသံတော့ကြားနေရသည်။

“ဘုန်းထွဋ်ကလည်း နှင်းဆီနဲ့အတူ ထမင်းလာစားပါဆို၊ အတူလာတဲ့သူချင်း ယိုင်းပင်းဖော်မရဘဲ စိမ်းကားလိုက်တာ၊ နှင်းဆီကတော့ သူ ဘာများကြိုက်တတ်မလဲလို့တွေးနေတာ၊ နှင်းဆီမှာထားတာတွေ သူကြိုက်မှကြိုက်ပါ့မလား





လို့ ပူရသေးတာ၊ တစ်ခါတည်း ရောက်မလာဘူး”

“မထွန်းနှင်းဆီကလည်း ကျွန်တော်ကို မခေါ်ပါနဲ့၊ ကျွန်တော်က ကျွန်တော့်ချစ်သူနဲ့စားတာ”

“ဒါပေမဲ့ နှင်းဆီကို နည်းနည်းတော့ အားနာဖို့ကောင်းပါတယ်၊ နှင်းဆီ ခုထိမစားရသေးဘူး”

“မထွန်းနှင်းဆီအဖော်နဲ့ စားချင်ရင် Receptionကကောင်မလေးတွေနဲ့ ကျွန်တော် မိတ်ဆက်ပေးရမယ် ထင်တယ်၊ သူတို့က ရယ်စရာလည်း ပြောတတ်တယ်၊ သူတို့နဲ့ ထမင်းစားရင် အတင်းမျိုးစုံလည်းကြားရ၊ ရယ်လည်း ရယ်ရနဲ့ ထမင်းတောင် သိုးမှာစိုးရတယ်”

“တော်ပါပြီ၊ ဘုန်းထွဋ် ပြောတာနဲ့တင် စိတ်ကုန်တယ်၊ နှင်းဆီက အေးအေးဆေးဆေးပဲ စားချင်တာ၊ ပြီးတော့ ဘုန်းထွဋ်ကိုလည်း ခင်လို့ပါ၊ တခြားသူတွေနဲ့တော့ မစားချင်ပါဘူး”



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ ဒါဆိုလည်း မထွန်းနှင်းဆီ တစ်ယောက်တည်း ပဲစား၊ ကျွန်တော်ကတော့ ပုဂံရောက်တုန်း ချစ်သူနဲ့လက်စုံ နွှဲရတာ၊ အလွတ်မခံနိုင်ဘူး၊ ကိုရီးယားကားတွေထဲကလို ပြောရရင် အားမနာတော့ဘူးနော် မထွန်းနှင်းဆီ"

"ထွန်းနှင်းဆီတော့ ရှင်နဲ့တွေ့မှ ဒေါက်ပြတ်ပြီထင်တယ်၊ ထွန်းနှင်းဆီနဲ့ ထမင်းလက်ဆုံစားချင်တဲ့သူတွေ တပုံကြီး ထဲမှာမှ ရှင်က အထူးဆုပေါက်တာ"

"နီး နီး ... မထွန်းနှင်းဆီ စကားမှားနေပြီဗျ၊ ကျွန်တော်က မထွန်းနှင်းဆီနဲ့ ထမင်းလက်ဆုံမစားချင်ပါဘူး၊ ကျွန်တော့် မှာ ကျွန်တော့်ချစ်သူ ရှိပြီးသား၊ သူ့ကို ဘယ်သူနဲ့မှ မလဲ နိုင်ဘူး၊ အထူးသဖြင့် ယောကျ်ားတစ်ယောက်ကို ရေလာ မြောင်းပေးလုပ်ရဲတဲ့ မိန်းမတစ်ယောက်နဲ့ ပိုလို့တောင်မလဲ နိုင်ဘူး၊ ရှင်းတယ်နော်"

"ရှင် ... ရှင်"

"ကျွန်တော် မပြောချင်ပါဘူး မထွန်းနှင်းဆီ၊ ဒါပေမဲ့ မထွန်းနှင်းဆီက ပြောမှသိမှာမို့လို့"





"တော်ပါတော့ ဘုန်းထွဋ်ခေါင်မြတ် မပြောနဲ့တော့၊ ရှင် ဆက်ပြောနေသရွေ့ ကျွန်မရဲ့ဂုဏ်သိက္ခာတွေ ထပ်ပြီး စုတ်ပြတ်သတ်ကုန်တော့မယ်၊ ရှင်သိထားဖို့က ကျွန်မက အဲဒီလောက်ပဲ့နေတဲ့ မိန်းမမဟုတ်ဘူး ဆိုတာပဲ၊ ကျွန်မရဲ့ အပြုအမူအားလုံးအတွက် ဆောရီးပဲ၊ ဒါပေမဲ့ ရှင့်ချစ်သူ အပေါ် သစ္စာရှိတဲ့ ရှင့်ရဲ့စိတ်ဓာတ်ကို လေးစားပါတယ်၊ ဆောရီးပဲ၊ ဒီကရှေ့ ကျွန်မတို့ အလုပ်သဘောအရပဲဆက် ဆံကြတာပေါ့"

"ဟုတ်ကဲ့ ကောင်းပါတယ်"

ထိုစကားတွေ အားလုံးကို နွယ် ကြားနေရသည်။ သူတို့ပြောနေကြတဲ့ အခန်းထောင့်နားမှာ နွယ်ရှိနေတာကို သူတို့ နှစ်ယောက်လုံး မသိကြဘူးလေ။ နွယ် ကျေနပ်ရပါသည်။ ပြီးတော့ နွယ် နွယ့်ချစ်သူနဲ့ အမြန်ဆုံးလက်ထပ်ဖို့ ဆုံးဖြတ်လိုက် ပါသည်။ ဒီထက်ပိုပြီး အချိန်ဆွဲနေရင် ကံကြမ္မာက နွယ့်ကို မျက်နှာသာ ပေးချင်မှ ပေးတော့မှာလေ။

✧ ❤ ✧



www.burmeseclassic.com

www.burmeseclassic.com



ထွန်းနှင်းဆီ ပေးပို့လာသောသတင်းကို နားထောင်ပြီး ကေရီစိန်ပွင့် တစ်ယောက် ဘဝင်မကျ ဖြစ်နေသည်။

ခင်သီရိက တိုင်းတစ်ပါးသူမို့ ဘုန်းထွဋ်ခေါင်မြတ် စိတ်မဝင်စားတာ ထားပါတော့။ ထွန်းနှင်းဆီကိုတော့ စိတ်ဝင်စားသင့်သည်လေ။ ထွန်းနှင်းဆီ ဆိုတာ အစစအရာရာ ပြည့်စုံတဲ့ မိန်းမတစ်ယောက်ပါ။ သူ့နွယ်နွယ်ထွန်းထက် အပြတ်အသတ် သာတဲ့ မိန်းမတစ်ယောက်။ ဒါကိုတောင် သူက စိတ်မဝင်စားဘူး ဆိုတော့ ဒီလူ ဟုတ်မှဟုတ်သေးရဲ့လား။

နွယ်နွယ်ထွန်းက ဘာများမက်စရာရှိလို့လဲ။ ကြားဖူးနားဝရှိသလို ဆေးတွေ ဘာတွေများ အခတ်ခံထားရသလား။ ဘယ်လိုများ ပြုစားခံထားရသလဲ။ ကေရီသည် ထွန်းနှင်းဆီ တပ်ခေါက်လာတာကို လက်မခံနိုင် ဖြစ်နေသည်။





ခင်သီရိ ဆိုတာလည်း နယ်နယ်ရရမဟုတ်။ ထွန်းနှင်းဆီ ဆိုတာလည်း တကယ့်လက်ရွေးစင်တစ်ယောက်။ ဒါကို ဒီလူ စိတ်မဝင်စားဘူးတဲ့။

မျက်စိပိတ် နားပိတ်နဲ့ နွယ်နွယ်ထွန်းမှ နွယ်နွယ်ထွန်း ဖြစ်နေတာ ပွဲမလှ။

ကေရီ အလိုမကျ။

ထွန်းနှင်းဆီက ပြောသည်။ ဘုန်းထွဋ်ခေါင်မြတ်က သစ္စာရှိတဲ့ တည်ကြည်တဲ့ ယောကျ်ားကောင်းတစ်ယောက်တဲ့။ သူ လက်မခံနိုင်ပါဘူး။

ယောကျ်ားတွေ သစ္စာရှိတယ်ဆိုတာကို လက်မခံဘူး။ ယောကျ်ားကောင်းဆိုတာလည်း မောင်းမတစ်ထောင်တော့ ရှိကြတာပါပဲ။ တခြားနေရာမှာသာ ကောင်းရင်ကောင်းမယ်။ အချစ်အတွက်တော့ မကောင်းကြပါဘူး။ ယောကျ်ားတွေရဲ့အချစ်နဲ့ ယောကျ်ားတွေရဲ့ သစ္စာတရား ဘယ်တော့မှ စည်းဝါးမကိုက်ပါဘူး။ ကေရီဖခင်ပဲ ကြည့်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ားဆိုတဲ့အမျိုးအစားက ငွေဒဏ်ကို မခံနိုင်ကြတာများသည်။ ငွေရှိလေ စာရိတ္တမဲ့လေ ဖြစ်တတ်ကြသည်။ ကိုယ်ကျင့်တရားကို ငွေကတိုက်စားတတ်သည်။

အခု ဘုန်းထွဋ်ခေါင်မြတ်ရော ငွေဒဏ်ခံနိုင်ပါ့မလား။ အရမ်းလှပြီး အရမ်းထက်မြက်တဲ့ မိန်းမတွေကို စိတ်မဝင်စားတဲ့ ဒီလူဟာ ပိုက်ဆံရှိတဲ့မိန်းမကိုရော။

ဧကရီစိန်ပွင့် ပြုံးလိုက်သည်။ ဒီ Game မှာ သူမ နိုင်ချေမမြင်သေး။ ကိစ္စတော့မရှိ။ ရွှေ့စရာအကွက်တွေ ကျန်သေးသည်။

✧ ❤ ✧





နွယ်လည်း သူ့အမေကို တိုးတိုးတိတ်တိတ် အခြေအနေပြောပြကာ ...

"အဲဒါကြောင့် သမီး သူ့ကို လက်ထပ်ချင်ပြီ အမေ၊ သမီးအပေါ် မေတ္တာစစ်နဲ့ချစ်တဲ့ ယောကျ်ားတစ်ယောက်ကို လက်လွှတ်မခံချင်ဘူး၊ သူ့ခမျာ သမီးကို စောင့်နေရတာကြာပြီ၊ မောင်လေးလည်း စာမေးပွဲဖြေကာနီးပြီပဲ အမေရယ်နော်"

"အေးပါအေ၊ ညည်းအဖေကို ငါပြောကြည့်ပါဦးမယ်"

"ရအောင်ပြောပေးနော် အမေ"

"ကဲ ... လာပြန်ပြီ၊ ပြောကြည့်မယ်အေ ဆုံးဖြတ်ချက်က ညည်းအဖေချမှာ"



www.burmeseclassic.com

www.burmeseclassic.com



နွယ် စောဒကမတက်ရဲတော့။ တော်ကြာ အမေစိတ်ဆိုးသွားဦးမယ်။

အမေလည်း အဖေ့ကို ပြောရခက်မှာပဲ။ သမီးယောကျ်ားမြန်မြန်ယူချင်တာကို ဘယ်လိုမျက်နှာနဲ့ ပြောရမလဲ။

အဖေက နေပါဦးဆိုပြီး တားထားတာလေ။ သူမကတော့ ရသမျှ ဘုရားစာတွေရွတ်ပြီး အဖေခွင့်ပြုဖို့ ဆုတောင်းနေမိသည်။

"မနွယ်"

"ပြော ဖိုးသား"

"မနွယ်တို့က လွန်တယ်နော်၊ ဘာလို့လောနေတာလဲ"

"လင်ကောင်းသားကောင်း လွတ်သွားမှာစိုးလို့ပေါ့၊ နင်ကျောင်းပြီးအောင် စောင့်နေတုန်း သူနဲ့ ငါ လွဲသွားရင် ဘယ်လိုလုပ်မလဲ"

"အဲလောက်မှ သစ္စာမရှိရင် ဂျောင်းပေါ့"





"ဟဲ့ … သစ္စာရှိတိုင်းလည်း ညားတာမဟုတ်ဘူးဟဲ့၊ ကံတရားဆိုတာ ရှိသေးတယ်၊ အချိန်ဆိုတာရှိသေးတယ်"

"ဒီတစ်ယောက်ဂျောင်းတော့ နောက်တစ်ယောက်လာမှာပေါ့ဗျာ"

"အဲဒါ နင်တို့ယောကျ်ားလေးတွေအတွက်တော့ ဟုတ်တာပေါ့ဟဲ့၊ ငါတို့မိန်းကလေးဆိုတာက မျှော်လင့်ရုံပဲ၊ ပြီးတော့ ကောင်းကောင်းမွန်မွန်ယောကျ်ားဆိုတာက ဒီဘက်ခေတ်မှာ ရှားသွားပြီ"

"မနိုင်ဘူး မနွယ်ကိုတော့ မနိုင်ဘူး"

"ငါ့ကို အဲလိုမပြောနဲ့ ဖိုးသား၊ ငါ လင်နောက်လိုက်ပြေးတာမျိုးမလုပ်ဘဲ ကောင်းကောင်းမွန်မွန် မိဘဆီမှာတောင်းဆိုနေတာ၊ နင့်ကျောင်းစရိတ်လည်း ငါထောက်မှာပါ၊ သူကလည်း ငါ့ကို ဘာမှ ပြောမှာမဟုတ်ဘူး"

"ကျွန်တော်က အဲဒီသဘောနဲ့ပြောတာမဟုတ်ဘူး မနွယ်၊ မနွယ်ကို နှမြောလို့ပြောတာ၊ အဲဒါကလွဲရင် ဘာစိတ်နဲ့မှ ပြောတာမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အေးပါ၊ ငါ့မှာလည်း ငါ့ကိစ္စနဲ့ငါ ရှိလို့ပါ"

အဖေက နွယ့်ကို ခေါ်မေးတာမျိုး မလုပ်၍ တော်သေးသည်။ အမေ တော်တော်လေး ပြောယူရသည်တဲ့။ တစ်ပတ်လောက်နေမှ အဖေခွင့်ပြုသည်။

အဖေခွင့်ပြုတာနဲ့ ကိုဘုန်းကို အပြေးဖုန်းဆက်ပြောသည်။

ကိုဘုန်းက အံ့သြပြီး ယုံတောင်မယုံ။

"ဟုတ်ရဲ့လား နွယ်ရယ်၊ နောက်နေတာလား ဒီကိစ္စက မနောက်ကောင်းဘူးနော်"

"သြော် ... တကယ်ပါဆို သူက ဝမ်းမသာဘဲ ပြန်စစ်ဆေးနေသေးတယ်"

"မဟုတ်ပါဘူး ကိုယ်မယုံနိုင်လို့ပါ၊ ကဲ ... ကိုယ် ဘယ်နေ့ လာတောင်းရမလဲ ပြော"

"ကိုဘုန်း အဆင်ပြေတဲ့နေ့ လာပေါ့"





"ရတယ် ကိုကို ဒီညပဲ အိမ်ကိုပြောပြီး အမြန်ဆုံးလာတောင်းရမ်းဖို့ ပြင်ဆင်လိုက်တော့မယ်"

"ကိုဘုန်းသဘော"

"တကယ်နော်"

✧ ❤ ✧



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းထွဋ်နဲ့နွယ်တို့ မကြာခင် လက်ထပ်ကြတော့မယ့်သတင်းကို နွယ်ရော ဘုန်းထွဋ်ပါ နှစ်ယောက်တိုင်ပင်ပြီး လျှို့ဝှက်ထားကြသည်။ မလိုတဲ့သူ သိသွားရင် အနှောင့်အယှက် ပေါ်မှာစိုးလို့ပါ။

နွယ့်ထက် ဘုန်းထွဋ်က ပိုပြီး စိုးရိမ်နေပါ၏။ ဘုန်းထွဋ်စိတ်ထဲမှာ ကေရီစိန်ပွင့်ကို လုံးဝကို မသက်သာဘူးလေ။

နွယ်ကတော့ ဘုန်းထွဋ်စိတ်ကျေနပ်အောင် လျှို့ဝှက်နေလိုက်တာပါ။

ဒါပေမဲ့ ကေရီစိန်ပွင့်ကလည်း ခြေလှမ်းကျဲပါသည်။ ဘုန်းထွဋ်နဲ့နွယ် လက်ထပ်မှာကို ကေရီ မသိပါ။ ကေရီက ဘုန်းထွဋ်ကို စင်ကာပူမှာ သင်တန်းတက်ဖို့ရွေးချယ်စေလွှတ်လိုက်၏။





ညေ့်လမ်းညွှန်နဲ့ပတ်သက်တဲ့ သင်တန်းပါပဲ။ ဘုန်းထွဋ်နဲ့အတူ တခြားဝန်ထမ်း ငါးယောက်လည်းပါသည်။ ထိုငါးယောက်လုံး အမျိုးသားတွေချည်းပါ။ သင်တန်းက သုံးလသင်တန်း ဖြစ်ပြီး သင်တန်း တက်ရတဲ့အတွက် ဘာစာချုပ်စာတမ်း အချုပ်အနှောင် မှလဲ မရှိပါ။

ထိုသင်တန်းဟာ ဧည့်လမ်းညွှန်တွေအတွက် တကယ့်ကိုကောင်းတဲ့ သင်တန်း။ ဘုန်းထွဋ်တက်လည်းတက်ချင်သည်။ တစ်ဖက်မှာလည်း နွယ်နဲ့လက်ထပ်ဖို့ရှိတော့ ဘယ်လိုလုပ်ရမှန်း မသိဖြစ်နေပါသည်။

ကေရီစိန်ပွင့် သူ့အပေါ် ကောင်းတယ်ဆိုတာကို လက်ခံယုံကြည်ရမလိုဖြစ်နေပါပြီ။ သင်တန်းကြေးရော နေစရိတ်၊ စားစရိတ်ပါပေါင်းရင် ဒေါ်လာသုံးထောင်နဲ့ ငါးထောင်ကြား ကုန်ကျမှာပါ။

ဘုန်းထွဋ် ကိုယ်တိုင်လည်း ထိုသင်တန်းကို သွားတက်ဖို့ ရည်ရွယ်ထားတာမို့ တက်ချင်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



နှယ့်ကိုလည်း ပြောရမှာအားနာနေသည်။ ပြီးတော့ သူကလောထားလို့ နှယ်ခမျှာ သူမအိမ်မှာ တောင်းဆိုထားရတာ

ကုမ္ပဏီကလွှတ်တာလို့ ပြောရင်တော့လက်ခံကြ ပါ။ ဒါပေမဲ့ မျက်မှာပူသည်။

နှယ်နဲ့ တိုင်ပင်ရင်တော့ နှယ်က လွှတ်မှာသေချာ သည်။ အဓိက သူပဲ ဆုံးဖြတ်ချက်ချရမှာ။ သူသွားချင်ရင် နှ က လွှတ်မှာ။

သူ မသွားဘူးဆိုရင် နှယ်နဲ့ အမြန်ဆုံးလက်ထပ် မည်။ သူ ဘာလုပ်ရမလဲ။

သင်တန်းကို လက်လွှတ်လိုက်ရဖို့ကိုလည်း နှမြော သည်။ ပြီးတော့ သင်တန်းသွားရမှာက ယောကျာ်းတွေချည်း မိန်းကလေး အနှောင့်အယှက်လည်းမပါ။ သူ ဧကရီစိန်ပွင့် အကောင်းမြင်ချင်လာသည်။ ကေရီစိန်ပွင့်က သူ့အပေါ် ဘာက ကောင်းတာလား။ တကယ်ကို စေတနာရှိတာလား။

ဆုံးဖြတ်ရခက်ပါဘိ။





သူ ဆုံးဖြတ်ရ ခက်နေပေမယ့် နှယ်ကတော့ သူ မပြောရသေးခင် ထိုသတင်းကို ကြားသွားသည်။

"ကိုဘုန်းက နှယ့်ကိုတောင် မပြောဘူး"

"ကိုကို မဆုံးဖြတ်ရသေးလို့ မပြောတာ"

"ဘာကိုမဆုံးဖြတ်ရသေးတာလဲ"

"သွားဖို့မသွားဖို့ကို မဆုံးဖြတ်ရသေးတာ၊ သင်တန်းသွားတက်ရင်ကောင်းမလား၊ ဒါမှမဟုတ် နှယ်နဲ့လက်ထပ်ရကောင်းမလား မဆုံးဖြတ်ရသေးဘူး"

"အြော် ... ကိုဘုန်းရယ်၊ သင်တန်းကသုံးလတည်းကိုကွယ်၊ သင်တန်းကပြန်လာမှ နှယ်နဲ့လက်ထပ်ကြတာပေါ့"

"ဒါတော့ဒါပေါ့ နှယ်ရယ်၊ ဒါပေမဲ့ နှယ်က နှယ့်အိမ်မှာ ပြောဆိုပြီးသား ဖြစ်နေပြီလေ"

"ကုမ္ပဏီကသင်တန်းလွှတ်လို့လို့ပြောပြရင် နှယ့်မိဘတွေက နားလည်မှာပါ ကိုဘုန်းရယ်၊ ကိုယ့်အတွက်အကျိုးရှိမယ့် သင်တန်းကိုသွားတက်၊ လက်လွှတ်မခံနဲ့၊ သူများတွေဆို



www.burmeseclassic.com

www.burmeseclassic.com



သင်တန်းလွှတ်လို့ပျော်နေကြတာ၊ ဘာအနှောင့်အဖွဲ့မှမရှိဘဲ Freeတက်ခိုင်းတာကိုမှ မကက်ရင် ကိုယ့်လောက်မိုက်မဲတဲ့သူ ရှိမှာမဟုတ်တော့ဘူး၊ သွားတက် ကိုဘုန်း”

“ကိုယ် စဉ်းစားမိတယ် ဧကရီစိန်ပွင့်က ကိုကို့ကို တကယ်စေတနာထားတာလား မသိဘူးနော်”

“တကယ်စေတနာထားတာနေမှာပါ ကိုဘုန်းရယ်၊ ကိုဘုန်းသဲသဲယဝင်တာနေမှာပါ၊ သူက ကိုဘုန်းကို တိုက်ခိုက်စရာအကြောင်းမှမရှိဘူး၊ သူ ကိုဘုန်းကို သဘောမကျရင် အလုပ်ထုတ်လိုက်ရုံပဲလေ”

“နွယ်ပြောတာမှန်ပါတယ်၊ ကိုကို အထင်မှားနေတာပဲဖြစ်မှာပါ၊ ခုအားလေ နွယ့်မိဘတွေကို အကျိုးအကြောင်းပြောကြည့်ဦး၊ သူတို့ နားလည်ပေးရင် ကိုကို သင်တန်းသွားတက်လိုက်မယ်၊ သူတို့လက်မခံရင်တော့ နွယ်နဲ့ အမြန်ဆုံးလက်ထပ်ကြမယ် ဟုတ်ပြီနော်”

“ဟုတ်ကဲ့ ကိုဘုန်း”





နွယ့်မိဘတွေကို ပြောပြတော့ ဝမ်းတောင်သာနေကြသေးသည်။ သူတို့က နွယ့်ကို အိမ်ထောင်မပြုစေချင်ကြသေးဘူးလေ။

နွယ်ကတော့ ဒီသုံးလကို ကိန္နရီထုံး နှလုံးမူ၍ စောင့်ကာ မောရဦးမှာပေါ့ ချစ်သူရေ။

✧ ❤ ✧



www.burmeseclassic.com

www.burmeseclassic.com



နွယ်က ရန်ကုန်လေဆိပ်ကို လာနှုတ်ဆက်သည်။ သူများချစ်သူကောင်မလေးတွေလို မျက်ရည်မဝဲပါ။ မပိုပါ။ ခပ်ပြုံးပြုံးပဲ။

နွယ်က ...

"ကိုဘုန်း ကျန်းမာရေး ဂရုစိုက်နော်"

"စိတ်ချ သဲချစ်ချစ်နွယ်၊ နွယ်လေးလည်း ကျန်းမာရေးဂရုစိုက်၊ ကိုယ်ပြန်လာရင် လက်ထပ်မယ်၊ စောင့်နော်"

"အင်းပါ ကိုဘုန်းရယ် စိတ်ချ"

ကျန်တဲ့ငါးယောက်မှာ လူပျိုလည်းပါ၏။ အိမ်ထောင်သည်လည်းပါသည်။ သူတို့တွေလည်း ချစ်သူရည်းစား ဇနီးမယားတွေ လိုက်ပို့နှုတ်ဆက်ကြပါသည်။ ငိုသူငို၊ ချွဲသူချွဲ၊ သည်းသူသည်း





နေကြပေမယ့် နွယ်ကတော့ ဣန္ဒြေရရလေးပါ။ သူ နွယ့်ကို မြတ်နိုးမိတာ ခုလို ဣန္ဒြေရှိတာလေးတွေကြောင့်ပါ။

"ကဲ ... အားလုံး Departure Room ထဲဝင်ကြစို့၊ လေယာဉ်ထွက်ကာနီးပြီ"

ဟင် ... ဧကရီစိန်ပွင့်။ ဆိုက်နဲ့ဂိုက်ကတော့ ကြည့်ရတာ နိုင်ငံခြားထွက်မည့်ပုံပဲ။ မချိုလည်း ပါသည်။

မချိုပုံစံက လည်း အတွေ့တွေ့ပဲ လေယာဉ်ပေါ်တက်မှာမို့ Departure Room ထဲ သူမတို့နှစ်ယောက်လုံး ဝင်သွားတာပေါ့။

"သူတို့က ဘယ်သွားမှာလဲ"

"ကိုဘုန်းရယ် သံသယ မဝင်ပါနဲ့ကွယ်၊ သူတို့ဘာသာ ကိစ္စရှိလို့သွားတာ နေမှာပေါ့"

"ကိုကိုလေ ဘာကိုမှန်းမသိဘူး၊ ဧကရီစိန်ပွင့်ကို လုံးဝကိုမယုံတာ"

"ကဲပါ သွားပါ၊ ဟိုမှာ သူများတွေ ဝင်ကုန်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



"သွားပြီနော်၊ အင်း ... နဖူးလေး နမ်းချင်လိုက်တာ၊ ဒါပေမဲ့ မနမ်းတော့ပါဘူးနော်"

"ကျေးဇူးတင်ပါတယ် ကိုဘုန်း၊ သွားတော့နော်"

"တာ့တာ"

သူဝင်သွားတော့ နှယ်လည်း ပြန်ထွက်လာလိုက်သည်။ ပုဂံကို မီရာကားနဲ့ ပြန်ရမှာလေ။

ကိုဘုန်းလည်း နှယ်ပြန်မှာ သိပြီးသားပါ။

ဘုန်းထွဋ် အထဲရောက်တာနဲ့ ...

"မမကေရီ ခေါ်နေတယ် ကိုဘုန်းထွဋ်"

အားလုံး ကေရီစိန်ပွင့်နားမှာပါ။

"ကေရီလည်း စင်ကာပူကိုသွားမှာ၊ ဖိနပ်စက်ရုံကိစ္စနဲ့ပေါ့၊ ကေရီ စင်ကာပူမှာရှိတဲ့ရက်ကို ကေရီအလုပ်ကလေးတွေ နည်းနည်းဝိုင်းကူရမယ်၊ သင်တန်းအားတဲ့အချိန်မှ ကူရမှာပါ၊ အဲဒါလေး ပြောမလို့"





အားလုံး ခေါင်းညိတ်ရတာပေါ့။ အေးအေးဆေးဆေး သင်တန်းတက်ခိုင်းတာမဟုတ်။ အလုပ်တစ်ဖက်နဲ့တက်ရမှာပါ။ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိကြကာ တစ်ယောက် အကြည့်ကို တစ်ယောက် သဘောပေါက်နေကြပါသည်။ ပင်ပန်း ရပါဦးမယ်။

လေယာဉ်ပေါ်တက်ကြတော့ ကေရီစိန်ပွင့်နဲ့ မချိုက ရှေ့ဘက်မှာ။ သူတို့ခြောက်ယောက်က ကေရီတို့နောက်ကခုံတွေ မှာ တန်းစီထိုင်ရ၏။ နှစ်ယောက်တွဲထိုင်ရသည်။

ဘုန်းထွဋ်ကတော့ နောက်ဆုံးမှာပဲထိုင်လိုက်သည်။ ကေရီစိန်ပွင့်နဲ့ Roll နှစ်ခုခြားသွားတာပေါ့။

"ကျွန်တော်တို့တော့ သင်တန်းတစ်ဖက်၊ အလုပ်တစ်ဖက်နဲ့ ဖတ်ဖတ်မောပြီး ပြိုင်းရတော့မယ်ထင်တယ် ကိုဘုန်းရေ"

"အေးကွာ"

"သူဌေးတွေက ဘယ်တော့မှ သူတို့ဘက်က အနာခံတာ မဟုတ်ဘူးဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါကတော့ကွာ လက်ခုပ်ပြည့်မှ လက်ကြားယိုမှာပေါ့"

"လက်ခုပ်ပြည့်ရင် ခွက်ထဲထည့်ပစ်တာပါဗျာ၊ လက်ကြားယိုဖို့ဝေးပါတယ်၊ သူတို့ရဲ့အိတ်တွေ ခွက်တွေထဲထည့်လို့ကို မဝနိုင်ကြဘူး၊ ကျွန်တော်တို့ကို လစာပေးခိုင်းပြီးတော့ ပေးရတာနဲ့တန်အောင်ခိုင်းတာပါ၊ ရတာနဲ့လုပ်ရတာ မကာမိပါဘူး၊ ခုလည်း သင်တန်းသက်သက် ပို့တယ်ထင်ပြီး ဝမ်းသာနေတာ၊ သွားပါပြီဗျာ ဘယ်လောက်တောင် ပင်ပန်းဦးမလဲ မသိဘူး"

"သူ့ဆန်စား ရဲရမှာပေါ့ကွာ"

"ရသလောက်အချိန်လေး နှပ်လိုက်ဦးမယ်ဗျို့"

သူတို့နှစ်ယောက်လုံး အိပ်ပြီးပါလာသည်။ ကေရီစိန်ပွင့် လှည့်ကြည့်တော့ ဘုန်းထွင့်ခေါင်မြတ်က ပါးစပ်အဟောင်းသားလေးနဲ့ အိပ်လိုက်လို့။ မာန်မရှိ။ ဘာအရောင်မှမရှိဘဲ အိပ်ပျော်နေတဲ့ သူ့မျက်နှာက ပိုပြီး နုနယ်နေသလိုပဲ။ ဘုန်းထွင့်ခေါင်မြတ်ကိုကြည့်လိုက်ရင် အရမ်းကိုထက်မြက်စူးရှနေတဲ့ ကျားပေါက်





တစ်ကောင်လိုပါပဲ။ ဒါပေမဲ့ အခု အိပ်ပျော်နေချိန်မှာတော့ အဲဒီထက်မြက်စူးရှမှုတွေလည်း မရှိတော့။ လုံးဝကို ရိုးသားဖြူစင်နေသောမျက်နှာလေး။ ဘုရား ... ကေရီ ရင်တွေ ဒိန်းခနဲ ခုန်သွားသလိုပဲ။

✧ ❤ ✧



www.burmeseclassic.com

www.burmeseclassic.com



ကေရိစိန်ပွင့်က စင်ကာပူမှာလည်း ကိုယ့်ဘာသာ ကားမောင်းပါသည်။ အင်တာနေရှင်နယ်လ်ယာဉ်မောင်းလိုင်စင်နဲ့။

ဘုန်းထွဋ်တို့ခြောက်ယောက်က သင်တန်းတက်ပြီး အားတာနဲ့ စင်ကာပူက ကေရီ့ရုံးခန်းမှာ အလုပ်ဆင်းရတော့တာပါပဲ။

ရန်ကုန်ရုံးမှာမှ အလုပ်ချိန် သတ်သတ်မှတ်မှတ်နဲ့ လုပ်ရတာမို့ တော်သေးသည်။ စင်ကာပူမှာ ပိုဆိုး၏။ အလုပ်ချိန်က အကန့်အသတ်မရှိ။ တစ်ခါတစ်ရံ ညဉ့်နက်တဲ့အထိ သူမလိုချင်တဲ့ဒေတာတွေ စုပေးသေးသည်။

သူတို့နေရတာလည်း စင်ကာပူရှိ သူမပိုင်တဲ့ကွန်ဒိုမှာပါ။ သူတို့ခြောက်ယောက် တစ်ခန်းထဲမှာ စုနေရသည်။ သူမ





နဲ့ မရျိုကလည်း တစ်ခန်း။ ကွန်ဒိုတစ်ခန်းတည်းမှာ နေတာမို့ အချိန်မရွေး ခေါ်ခိုင်းနေတာ။ အိပ်ချိန် စားချိန်တောင်မမှန်။ လည်ပတ်ဖို့တော့ ဝေးရော။

တစ်ရက်တော့ ကျန်တဲ့ငါးယောက်နဲ့ မရျိုကို စာရင်းတွေလုပ်ခိုင်းပြီး ဘုန်းထွဋ်ကို ခေါ်ကာ ဒင်နာထွက်စားသည်။

ဒင်နာကို ရိုးရိုးစားသောက်ဆိုင်မှာ မစားဘဲ ဘားတစ်ခုမှာ သွားစား၏။

"ဘုန်းထွဋ်ခေါင်မြတ် ကြိုက်တာစား ကြိုက်တာသောက်"

"ကျွန်တော် မသောက်ပါဘူး"

"မသောက်တတ်ဘူးလား"

"သောက်တတ်ပါတယ်၊ ဒါပေမဲ့ မမကေရီနဲ့လာတာဆိုတော့ မသောက်သင့်ဘူး ထင်လို့ပါ"

"အင်း ... တို့က သောက်ပါဆိုရင်ရော"

"မသောက်ပါဘူး"

"မင်းက ဘာလို့ အရမ်း Prefect ဖြစ်နေရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ကိုယ် ကျွန်တော်တော့ Perfect ဖြစ်တယ်လို့ မထင်ပါဘူး"

ကေရီ လေယာဉ်ပေါ်မှာ အိပ်ပျော်နေသော မျက်နှာကလေးကို မြင်ယောင်ကာ ...

"မင်းနဲ့တို့ ခေါင်းစဉ်တစ်ခု ဆွေးနွေးချင်တယ်"

"ဘာအကြောင်းလဲ မမကေရီ"

"အချစ်အကြောင်း"

"ဆောရီးပဲ မမကေရီ။ အချစ်အကြောင်းဆိုတာ ချစ်သူနဲ့ ဆွေးနွေးတာပဲ ကောင်းပါတယ်"

"ဘာလို့လဲ။ ချစ်သူမဟုတ်ရင် ဆွေးနွေးလို့ မရဘူးလား။ ဆွေးနွေးချင်ရင် ချစ်သူဖြစ်ရမယ်လို့ ဆိုလိုတာလား"

"သွေးမတော် သားမစပ်တဲ့ ယောကျ်ားနဲ့မိန်းမ ဘားတစ်ခုမှာ ဒင်နာစားနေချိန် အချစ်အကြောင်း ဆွေးနွေးတယ်ဆိုတာ သူတို့နှစ်ယောက် တစ်စိတ်တစ်ဒေသတော့ ပတ်သက်နေလို့ပေါ့။ အဲလိုမှ မဟုတ်ရင်တော့ မဆွေးနွေးသင့်





ဘူး။ ကျွန်တော့်မှာ ချစ်သူရှိတယ်။ ကျွန်တော် သူနဲ့ကလွဲရင် တခြားမိန်းမတစ်ယောက်နဲ့ မဆွေးနွေးချင်ဘူး"

"တို့အမြင်တော့ မင်းချစ်သူက သာမန်ပါပဲ။ ထူးထူးခြားခြား စွဲမက်စရာ ဘာမှမရှိဘူး။ အဲဒါကို မင်း ဘာဖြစ်လို့ သူ့ကို အရူးအမူး ဖြစ်တာလဲ"

"သူ့ရဲ့တည်ကြည်မှု၊ ဣန္ဒြေရမှု၊ မိန်းမ ပီသမှု။ ပြီးတော့ သူ့ရဲ့ ကျွန်တော့်အပေါ် နားလည်နိုင်စွမ်း။ အဲဒါတွေကို ကျွန်တော် အရမ်းမြတ်နိုးတယ်။ သူက ရုပ်သိပ်မလှပေမယ့် နှလုံးသား အရမ်းလှတဲ့မိန်းမ။ ပိုက်ဆံမချမ်းသာပေမယ့် ကိုယ်ကျင့်တရား ချမ်းသာတဲ့မိန်းမ။ လောဘ ဒေါသ မောဟတွေ သိပ်မကြီးဘဲ အေးချမ်းတဲ့မိန်းမ။ ဒီခေတ်မှာ အဲလိုမိန်းမမျိုး အရမ်းရှားသွားပြီ။ မိန်းကလေးတွေ ဘီယာသောက်တဲ့ခေတ်။ မိန်းကလေးတွေ ကိုရီးယားကားကိုက်ပြီး အရုက်မဲ့နေတဲ့ခေတ်၊ မိန်းကလေးကစတဲ့ခေတ်။ ဒီခေတ်ကြီးထဲမှာ သူဟာ တကယ့်ကို အဖိုးထိုက် အဖိုးတန်



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူတစ်ယောက်ပါ။ ကျွန်တော် သူ့ကို ဘာနဲ့မှမလဲနိုင်ဘူး"

"အဲလိုမိန်းမမျိုးကို ယူမယ့်အစား ချမ်းသာတဲ့ မိန်းမတစ်ယောက်ကို ယူလိုက်ရင် မင်းဘဝ ဒီထက်ပိုမကောင်းဘူးလား"

"အချစ်မပါရင် ကောင်းမှာမဟုတ်ဘူး။ ငွေက နားလည်မှုကို မဝယ်ပေးနိုင်ဘူး။ အချစ်က နားလည်မှုတွေ အလျှံအလျှောက် မွေးဖွားပေးတယ်။ ငွေနဲ့ အရာရာကို ဖန်တီးလို့မရဘူး မမကေရီ။ စိတ်ချမ်းသာမှုကို ငွေနဲ့ဝယ်လို့ချင်ရင်မယ်၊ ဒါပေမဲ့ ငွေပေးနိုင်သလောက်ပဲ စိတ်ချမ်းသာမယ် နားလည်မှုရှိရင် တစ်သက်လုံး စိတ်ချမ်းသာတယ် မမကေရီလည်း နားလည်မှာပါ"

"တို့ တွေ့ဖူးတယ်။ ချစ်လွန်းလို့ ယူကြတယ်၊ အိမ်ထောင်သက်ရလာတော့ အဲဒီအချစ်တွေ ဘယ်ရောက်ကုန်မှန်း တောင်မသိဘူး၊ အထူးသဖြင့် ယောကျ်ားတွေက သိမ်း



ပါတယ်ဆိုတဲ့ မိန်းမတွေကို ကြည့်လို့မရတော့ဘဲ ကြည့်လို့ရတဲ့ Small လေးတွေနဲ့ပဲ အချိန်ကုန်တော့တယ်"

"အဲဒါကတော့ အချစ်ပဲရှိပြီး နားလည်မှု မရှိကြတဲ့ အိမ်ထောင်သည်တွေ နေမှာပါ။ အိမ်ထောင်တစ်ခုမှာ ယောကျ်ားကလည်း မိန်းမကို နားလည်ပေးရမယ်။ မိန်းမကလည်း ယောကျ်ားကို နားလည်ပေးမယ် ဆိုရင် ဒီလိုဖြစ်စရာ အကြောင်းမရှိဘူး။ အိမ်ထောင်သည်ဖြစ်လာရင် ကိုယ့်ရဲ့ မိသားစုဘဝကိုလည်း အချိန်ပေးနိုင်ရမှာပေါ့ဗျာ။ အဲလိုမဟုတ်ရင်တော့ မမကေရီ ပြောသလို ဖောက်ပြန်တာတွေ ဖြစ်နိုင်တာပေါ့။ ပိုက်ဆံချမ်းသာပေမယ့် နားလည်မှုမရှိရင် အဆင်ပြေမှာ မဟုတ်ဘူး။ ဒီလိုပဲ။ ပိုက်ဆံမချမ်းသာပေမယ့် နားလည်မှုလေးတွေနဲ့ အေးချမ်းသာယာပျော်ရွှင်နေတဲ့ မိသားစုတွေ တစ်ပုံကြီးပါ"

ကေရီသည် သူ့ကိုကြည့်ရင်း ကြည့်ရင်း သဘောကျလာသည်။ ဒီလို အသိတရားရှိတဲ့ ယောကျ်ားတစ်ယောက်နဲ့

www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်ပြုရမယ်ဆိုရင် ဘယ်လောက်များ အိမ်ထောင်ရေး အဆင်ပြေ သာယာလိုက်မလဲကွယ်။ တကယ်တော့ အချစ်ထက် နားလည်သိတတ်မှုက ပိုအရေးကြီးတယ်လေ။ စီးပွားတွေ ဘယ် လောက်အရှာကောင်းပါစေ။ ပညာတွေ ဘယ်လောက်ပဲ တတ် မြောက်ကျွမ်းကျင်ပါစေ။ အခြေခံအသိတရားမကောင်းရင် အလ ကားပဲလေ။ ခုတော့ ဘုန်းထွဋ်ခေါင်မြတ်က တကယ့်ကိုယောက်ျား ကောင်း တစ်ယောက်ပါပဲ။ သူမ ဘုန်းထွဋ်ခေါင်မြတ်ကို ရယူ ပိုင်ဆိုင်လိုစိတ်တွေ တဖွားဖွား ပေါ်လာသည်။ ဒုက္ခပဲ။ ဘုန်းထွဋ် ခေါင်မြတ်လို ယောက်ျားမျိုးဟာ သူချစ်တဲ့ နွယ့်အပေါ် ဘယ် တော့မှ သစ္စာဖောက်မည့်ယောက်ျား မဟုတ်။

မရနိုင်မှန်း သိကာမှ ပိုတန်ဖိုးကြီးနေသလို ခံစား နေရသည်။ ဒုက္ခ။ လောကမှာ ပိုက်ဆံတွေထားစရာမရှိအောင် ချမ်းသာတာတောင်မှ လိုတာမရပါလားကွယ်။

ဘုန်းထွဋ်ခေါင်မြတ်ကတော့ အေးအေးဆေးဆေး ညစာစားနေသည်။ မအေးဆေးဘဲ ရင်တွေပူနေရတာက သူမ





ဝိုင်တွေ နှစ်ခွက် သုံးခွက် ဆင့်သောက်ပေမယ့် ရင် မအေးဘဲ ရှိမြဲမြဲတောင် ဖြစ်လာသည်။ ဝိုင်ဆိုတာကလည်း Alcohol နဲ့ ကင်းတာမှ မဟုတ်တာ။ Alcohol ဆိုတာက သိတဲ့ အတိုင်းပဲ။ နည်းနည်းသောက်ရင် နည်းနည်းမူးတာပဲ။ သုံးခွက်က နေ လေးခွက်ဖြစ်လာတော့ ပိုပိုမူးတာပေါ့။

✧ ❤ ✧



www.burmeseclassic.com

www.burmeseclassic.com



များများသောက်တော့ အရက်။

မများတများသောက်တော့ ဘီယာ။

နည်းနည်းသောက်တော့ ဝိုင်။

Alcohol ဆိုရင်တော့ သူရာမေရိယစာရင်းဝင်တာပဲပေါ့။

ခုလည်း ကေရီစိန်ပွင့် တစ်ယောက် စကားပြောကောင်းရုံလေးတော့ ရီဝေလာခဲ့ပြီပေါ့။

"မင်း နွယ်နွယ်ထွန်းကို အရမ်းချစ်တာပဲလား"

"ချစ်တယ်"

"သူက မင်းကို သစ္စာရှိမယ်လို့ ထင်သလား"

"ကျွန်တော် နွယ့်ကို ယုံကြည်တယ်"





"အဟင်း ... မိန်းမတော်တော်များများက ငွေဒဏ်မခံနိုင်ကြဘူးကွ။ သိပ်ကို မာနကြီးပြီး အဖိုးတန်ပါတယ်ဆိုတဲ့ ထွန်းနှင်ဆီတောင် ငွေပမာဏတစ်ခု ပစ်ပေးလိုက်တာ နဲ့ ကောက်ခနဲ ပါလာတာ၊ မင်းနွယ်ကရော ငွေလောက် မင်းကို ချစ်ပါ့မလား"

"ဒါဆို မမကေရီကရော ငွေကို ချစ်လား"

"ငွေ ... ပိုက်ဆံ ... money ... အသပြာ ... ဒေါ်လာ၊ အင်း ... ငါ့မှာ သုံးမကုန်နိုင်အောင်ရှိတယ်။ ချစ်လားဆိုတော့ ချစ်စရာတော့ ကောင်းမယ်ထင်တယ်။ ငါ မသိဘူး။ သေချာတာတော့ ငါ့အတွက် ငွေက မက်စရာမလိုအောင် ပြည့်စုံနေပြီ၊ ငွေက မက်စရာ မကောင်းတော့ဘူး။ လူချင်းမှာ ငါတမ်းတ မက်မောမိတာက ငါ့မှာမရှိတဲ့အရာ။ ငါ မရနိုင်တဲ့ အရာပဲဖြစ်မှာပေါ့။ ကိုယ့်မှာရှိပြီးသားအရာတစ်ခုကိုတော့ ဘယ်သူက မက်မက်မောမော ရှိမှာလဲ။ မဟုတ်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းထွဋ်က ဇကရီစိန်ပွင့်ကို သေချာကြည့်နေမိသည်။ သူနဲ့ အချစ်အကြောင်း ဆွေးနွေးတဲ့ ဒီသူဌေးမ ဘာကိုဆိုလိုချင်တာလဲ။

ဇကရီစိန်ပွင့်ကလည်း သူ့ကို စိုက်ကြည့်နေသည်။ ပြီးမှ ...

"ဘုန်းထွဋ်ခေါင်မြတ် ... မင်းရော ငွေမမက်ဘူးလား"

သူမ ဘာကိုဆိုလိုနေတာလဲ။ သူမ ဘာကို ဦးတည်နေတာလဲ။

"ရှင်းရှင်းပြောရရင်ကွာ ငါ့အဖေနဲ့ အမေက သိပ်ချစ်လို့ယူခဲ့ကြတာ။ ဒါပေမဲ့ သူတို့ အခု အဆင်မပြေကြဘူး။ ဖေဖေက မေမေ့အပေါ် သစ္စာမရှိဘူး။ ဖေဖေကတော့ အပြင်မှာ စိတ်ချမ်းသာစရာတွေရှိတော့ အဆင်ပြေမှာပေါ့လေ။ မေမေကတော့ ဖေဖေ့ကြောင့် စိတ်ညစ်ရတယ်။ တို့မိဘတွေကိုကြည့်ပြီး အချစ်ဆိုတာကို အယုံအကြည်မရှိတော့ဘူး။ အိမ်ထောင်ရေးဆိုတာကို အရမ်းကြောက်ခဲ့တာ။





တို့နား ဝိုင်းနေတဲ့ ယောက်ျားတွေဟာလည်း တို့ရဲ့ချမ်းသာကြွယ်ဝမှုကို မမက်မောဘူးလို့ ဘယ်သူအာမခံပေးနိုင်မှာမို့လို့လဲ။ မယုံတော့ဘူး"

ဘုန်းထွဋ်ခေါင်မြတ် သူမပြောတာတွေကို နားလည်ပေးလို့ရပါသည်။ သူမလို အနေအထားမျိုးက မေတ္တာအတုတွေရော အစစ်တွေပါ ဝန်းရံနေတာလေ။ မတော်တဆ အရွေးမှားခဲ့ရင်ဒုက္ခ။ ဒီတော့ သူမ စိုးရိမ်မှာပေါ့။ ပြီးတော့ သူမမိဘတွေရဲ့ အိမ်ထောင်ရေးကလည်း အားကျစရာမှ မကောင်းတာလေ။

"မင်းရော ငါ့ရဲ့ကြွယ်ဝချမ်းသာမှုတွေကို သဘောမကျဘူးလား"

"ဟင့်အင်း ... ကျွန်တော် မိန်းမထဘီနား ခိုမစားချင်ဘူး။ ပြီးတော့ မိန်းမတစ်ယောက်ကို မချစ်ဘဲ သူမချမ်းသာတာတွေမက်ပြီး လက်ထပ်ဖို့ စိတ်ကူးလုံးဝမရှိဘူး"

"ပြတ်သားတယ်ကွာ။ မိုက်တယ်။ သဘောကျတယ်။ မင်းကို ငါ အဲဒါတွေကြောင့် သဘောကျတာကွ။ သိလား။



www.burmeseclassic.com

www.burmeseclassic.com



မင်းဟာလေ ရှာမှရှားတဲ့ တကယ့်ယောက်ျားကောင်းပဲ။ ဒါပေမဲ့ မင်းကောင်မလေး မင်းလောက် ကောင်းပါ့မလားဟမ်"

"မမကေရီ နည်းနည်းထွေနေပြီထင်တယ်၊ ကျွန်တော်တို့ ပြန်ကြစို့"

"မပြန်ချင်သေးဘူး။ သောက်ချင်သေးတယ်"

"သောက်ချင်ရင် အခန်းရောက်မှ သောက်တော့ဗျာ။ ကျွန်တော် ပြန်ချင်ပြီ"

"ဟား ... ငါက မင်းရဲ့ Boss ဆိုတာလည်း သတိရပါဦး"

"Boss နဲ့ ဝန်ထမ်းဆိုတာ အလုပ်ချိန်မှာပဲ အကျုံးဝင်တာပါ။ ဒါက ကျွန်တော့်ကိုယ်ပိုင်အချိန်ပါ၊ ပြန်ကြစို့ဗျာ"

"မင်းကိုတော့ မနိုင်ဘူး။ ခဏလေး တစ်ခွက်လောက်ပဲ သောက်တော့မယ်"

"မမကေရီ ဆက်သောက်ရင် မူးတော့မယ်"





"မူးသွားတော့လည်း ကောင်းတာပေါ့။ မူးသွားရင် ကိုရီးယားကားတွေထဲကလို မင်းကို ကုန်းပိုးခိုင်းမယ်၊ ဟင်းဟင်း ... Romantic ဆန်တာပေါ့ကွာ"

ဘုန်းထွဋ် သက်ပြင်းချလိုက်သည်။

✧ ❤ ✧



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းထွဋ်သည် ကေရီစိန်ပွင့်ရဲ့ သဘောထားအမှန်ကို ခန့်မှန်းရခက်နေသည်။ ခုနကပဲ အသောက်များပြီး ယိုင်နေတဲ့ ကေရီစိန်ပွင့်ကိုတွဲကာ အခန်းကို ပြန်ပို့ပေးခဲ့ရသည်။ မချို့တောင် မျက်လုံးပြူးသွားသည်။

"မမကေရီ ဘာဖြစ်လာတာလဲ"

"ဝိုင်သောက်တာများပြီး မူးသွားတာပါ"

သူ မချို့လက်ထဲ ထည့်ပြီးတာနဲ့ လှည့်ထွက်ခဲ့သည်။

ကေရီစိန်ပွင့် ကြည့်ရတာ သူ့အပေါ် မရိုးသားသလိုပဲ။ ထင်လည်း သိပ်မထင်ရဲပါဘူး။ သူမက မဟာ့မဟာသူဌေး မကြီးလေ။ သူ့လို ပမွှား အညတရကို ကြိုက်မတဲ့လား။ သူမနားမှာ သူမနဲ့တန်းတူ ဂုဏ်သရေရှိတွေ တန်းစီနေတာလေ။





သူ့ကို မတော်တဆကြီးများ ယောင်မှားပြီး သဘောကျနေတယ်ဆိုရင်တောင် သူကတော့ တစ်ပင်တည်း ရင်ထဲကနွယ်မှ နွယ်ပဲ။

သူမလို သူဌေးမကို သူ တကယ်မကြိုက်ဘူးလို့ ပြောရင် သူ့ကို ရူးတယ်လို့ ထင်ကြမည်။ တကယ်ပါ။ သူကတော့ နွယ့်ကို ဘယ်သူနဲ့မှ မလဲနိုင်ဘူး။

ဒါပေမဲ့ ကေရီစိန်ပွင့် ကြည့်ရတာ တစ်မျိုးပဲ။ တစ်မျိုးတော့ တကယ့်ကို တစ်မျိုးဖြစ်နေတယ်။ သူမ မိဘတွေရဲ့ အိမ်ထောင်ရေး အဆင်မပြေမှုကြောင့် အိမ်ထောင်မှုကို ကြောက်တာတော့ ကြောက်တာပေါ့လေ။ ဒါပေမဲ့ သူမစိတ်ဝင်စားမယ်ဆိုရင် သူမတို့အလွှာထဲကပဲ ဖြစ်သင့်တာပေါ့။

သူ့ကို အပျင်းပြေ ဆော့ကစားချင်နေသလားမသိ။ ကေရီစိန်ပွင့် ယောကျ်ားလေးကိစ္စ ကင်းရှင်းတာတော့ သိပါသည်။ ဒါပေမဲ့ ဒီညနေ သူ့ကိုပြောသော စကားတွေက အဓိပ္ပာယ်ကောက်ချင်စရာတွေ ဖြစ်နေသည်။

www.burmeseclassic.com



ဘာလဲကွာ။ နွယ့်ဆီတောင် ဖုန်းမဆက်လိုက်ရဘဲ ကေရီစိန်ပွင့်အကြောင်း အုံးစားနေရသည်။ မဖြစ်သင့်။

သူ သင်တန်းတောင် ဆက်မတက်ချင်တော့။ သူ့စိတ်ထဲ လေးနေသည်။ မကောင်းတာ တစ်ခုခု ဖြစ်လာတော့မလို ခံစားနေရသည်။

ကေရီစိန်ပွင့်သာ စင်ကာပူလာမယ်မှန်းသိရင် သူ ဒီသင်တန်းကို မတက်ပါ။ ခုတော့ သူမနဲ့ နေ့တိုင်း ဆုံနေရပြီ။ ရှောင်လို့လည်းမရဘူး။ သူမက သူမရဲ့ဖိနပ်စက်ရုံကိစ္စတွေ ခိုင်းနေတာဆိုတော့။ သူ ဖြစ်နိုင်ရင် ချက်ချင်းတောင် ရန်ကုန်ပြန်ချင်သည်။ ဒီသင်တန်းလာမတက်ဘဲ နွယ်နဲ့ မြန်မြန်လက်ထပ်လိုက်ရကောင်းသားဟုလည်း နောင်တရ။





ကေရီစိန်ပွင့်လည်း အပူလုံးကြွနေသည်။ ဘုန်းထွဋ်ခေါင်မြတ် ဆိုတာ တကယ့်ကို အဖိုးတန် အမျိုးမှန် အကောင်းစားကြီး။ လက်လွှတ်လိုက်ရမှာ တကယ်နမြောစရာ။

ဒီခေတ်မှာ ကွန်ပျူတာယောက်ျားတွေ များနေတဲ့ခေတ်။ မိန်းမကို ထဘီနားခိုစားရုံမက ရှိတဲ့အနား အကုန်ခိုစားချင်နေကြတဲ့ခေတ်။ မိန်းမတွေ ရှေ့ထွက်အလုပ်လုပ်ခိုင်းပြီး မီးဖိုချောင်ဝင် ထမင်းချက် ကလေးထိန်း လုပ်နေတဲ့ ယောက်ျားတွေ ပုံလို့။

ရှာနိုင်ဖွေနိုင်တဲ့ ယောကျ်ားတွေကြတော့လည်း မာန်တွေတက်၊ ကာရာအိုကေ၊ နိုက်ကလပ်နဲ့ မာဆတ် တက်လို့ရတာ အကုန်တက်။ အကြောင်းပြချက်ကတော့ ကောင်းပါ၊ အလုပ်မှာ အစည်းအဝေး၊ ဒင်နာတက်နေရလို့၊ ဘာဖြစ်လို့၊ ညာဖြစ်လို့။



www.burmeseclassic.com

www.burmeseclassic.com



လှပပျိုမျစ် နုနယ်တုန်းကတော့ ချစ်လွန်းလို့ ယူလိုက်တာ။ မလှပ မပျိုမျစ် မနုနယ်ဘဲ ခါးတုတ်ဗိုက်ပူ ရင့်ထော်လာချိန်ကြတော့ သူတို့အချစ်တွေလည်း အမြစ်ပါပြုန်းတဲ့အထိ မျိုးတုံးကုန်ကြသည်။

အိမ်က ပူတုတ်မတွေကိုပစ်ပြီး အပြင်မှာ သူတို့သဘောကျ ချစ်ခင်တတ်သော အပျိုအမျစ်ကလေးတွေနှားကပ်ကာ ငယ်မူပြန်. သာယာတတ်ကြသည်။

ဧကရီက အဲလိုမျိုး ယောကျ်ားမျိုးတွေကို ကြောက်တာ။

ဒါပေမဲ့ ...

ဘုန်းထွဋ်ခေါင်မြတ်ကတော့ ထိုသို့မဟုတ်။ ယောကျ်ားတွေထဲမှာ ရှာမှရှားသော သစ္စာရှင်ယောကျ်ား ဖြစ်နေခဲ့သည်။

နွယ်နွယ်ထွန်းတော့ အရမ်းကံကောင်းတာပဲ။ တစ်သက်လုံး စိတ်ချမ်းသာလိုက်မယ့်ဖြစ်ချင်း။ ထိုယောကျ်ားကို ဧကရီ ပိုင်ဆိုင်ချင်သည်။ ဒါပေမဲ့ လွယ်မှာမဟုတ်။





နွယ်နွယ်ထွန်း ရှိနေသရွေ့ သူမကို ဘုန်းထွဋ် စိတ်ဝင်စားမှာမဟုတ်။ ဒါဆို နွယ်နွယ်ထွန်း မရှိတော့ရင်ရော။ နွယ်နွယ်ထွန်း မရှိတော့အောင် ဘယ်လိုလုပ်ရမလဲ။

ဘုရား ... ဘုရား၊ တွေးမိရုံနဲ့ ကြက်သီးထ၏။ သူမ ဘာတွေတွေးနေမိပါလိမ့်။ သူမရင်ထဲမှာ မောဟအမှောင်တိုက်တွေ ဖုံးလွှမ်းနေပါလား။ သူ့မယားလိုချင် သူ့လင်လုံနဲ့ထိုး။ ခုဟာက သူ့ရည်းစား လိုချင်လို့ မကောင်းကြံတော့မလို ဖြစ်နေသည်။

ဧကရီ ကိုယ့်ကိုယ်ကိုယ်တောင် အံ့သြသွား၏။ သေချာစွာ၊ စေ့စပ်စွာ တွေ့ကြည့်တော့မှ သူမ ဘုန်းထွဋ်ခေါင်မြတ်ကို နက်ရှိုင်းစွာ ချစ်မိနေမှန်း သတိထားမိလိုက်သည်။

အမြဲလိုတရနေခဲ့တဲ့သူမို့ ဒီတစ်ခါ လိုတမရတာကို နေမထိထိုင်မသာနဲ့ ခံစားရခက်နေသည်။

ပြီးတော့ ပြိုင်ဘက်က ဘာမဟုတ်တဲ့ မိန်းမတစ်ယောက်။ မပြိုင်တောင် မပြိုင်နိုင်ဘဲ။ ပြိုင်ခွင့်မရဘဲနဲ့ကို ရှုံးလိုက်



www.burmeseclassic.com

www.burmeseclassic.com



တာက သာမန်အညာသူတစ်ယောက်။ ဥစ္စာရုပ်ရည် ဘာပိုင်ဆိုင်မှုမှမရှိတဲ့ မိန်းမတစ်ယောက်ဆီမှာ သူမ ရှုံးရတော့သည်။ လောကကြီးက ရယ်စရာတော့ ကောင်းသား။

"မချို"

"ရှင် ... မမကေရီ"

"ကေရီ ဘုန်းထွဋ်ခေါင်မြတ်ကို လိုချင်တယ်"

"ရှင်"

"ဟုတ်တယ်၊ ဒါပေမဲ့ ကေရီ့မှာ နည်းလမ်းမရှိဘူး ဖြစ်နေတယ်"

"မမလေးရယ်"

မချိုလေသံက ဘာကိုရည်ရွယ်သလဲ ဆိုတာ မချိုကိုယ်တိုင်ပဲသိမှာပါ။ စိတ်ပျက်တဲ့ အသံလား။ သနားတဲ့အသံလား။

ကေရီ မခွဲခြားချင်တော့ဘူး။

"ဘယ်လိုလုပ်ရမလဲ မချို"





"မမကေရီရယ်။ သူ့အကြောင်း သိထားတော့ မချိုလည်း အကြံပေးတတ်တော့ဘူး"

"ဟုတ်တယ်၊ သူ အဲလိုတည်တည်ကြည်ကြည်မို့လည်း ကေရီက လိုချင်တာ။ ပြီးတော့ ကေရီ သူ့ကိုချစ်မိသွားတယ်"

"မမကေရီ"

"ဟုတ်တယ် မချို၊ ကေရီ အချစ်ကို ခံစားလို့ရပြီ။ ဒါပေမဲ့ သူကတော့ ကေရီကို ယောင်လို့တောင် အသိအမှတ်ပြုမှာ မဟုတ်ဘူး"

"အိမ်ထောင်ရေးဆိုတာ ကံနဲ့လည်း ဆိုင်ပါသေးတယ် မမကေရီ။ ကောင်းတယ်ဆိုပြီး ယူလိုက်ပေမယ့် ကိုယ့်လက်ထဲကျမှ ဆိုးသွားတာတွေလည်း ရှိတာပဲ။ ဖူးစာမပါရင်လည်း ဘယ်လိုမှ ညားမှာမဟုတ်ဘူး။ စိတ်လျှော့လိုက်ပါ မမကေရီရယ်"



www.burmeseclassic.com

www.burmeseclassic.com



"မချို ... ကေရီ့ဘဝမှာ လိုချင်တာ ရခဲ့တာချည်းပဲ။ ဒါပေမဲ့ ကိုယ့်ဘဝရဲ့ နောက်ထပ်ကိုယ်ပွားတစ်ခုဖြစ်တဲ့ ကိုယ့်ဘဝရဲ့လက်တွဲဖော်ကိုကျမှ ကိုယ်ချစ်တဲ့သူ ကိုယ်လိုချင်တဲ့သူကို မရတော့ဘူး"

"မမကေရီရယ်"

✧❤✧





ကေရီစိန်ပွင့် ရန်ကုန်ကို ပြန်သွားသည်။ မသွားခင် သင်တန်းလာတက်တဲ့ ဝန်ထမ်းခြောက်ယောက်လုံးကို ...

"အိမ်ကို ဘာတွေမှာချင်လဲ၊ ဘာတွေ ဝယ်ခြမ်းပေးလိုက်ချင်လဲ။ ခြောက်ယောက်လုံးကို ဧကရီ ဒေါ်လာငါးရာစီ မုန့်ဖိုးပေးမယ်၊ ဘာတွေဝယ်ပေးလိုက်မလဲ၊ ယူသွားပြီး ပို့ပေးမယ်"

ခြောက်ယောက်ထဲမှာ ငါးယောက်ကတော့ ပျော်ရွှင်သွားတာပေါ့။

ဘုန်းထွဋ်ကတော့ မပျော်နိုင်ဘူး။ မုန့်ဖိုးလည်းမယူချင်ဘူး။ အိမ်ကိုလည်း ဘာမှမထည့်ပေးချင်ဘူး။ ရှုပ်ရှုပ်ယှက်ယှက်ဆွဲ ဖြစ်လာမှာ စိုးလို့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ အကုန်လုံးကို ပေးတာဆိုတော့၊ အကုန်လုံးကလည်း ယူကြမှာ၊ ပျော်ပျော်ရွှင်ရွှင်နဲ့ ဝယ်ကြခြမ်းကြမှာ။ လူကြုံတွေလည်း ထည့်ပေးကြမှာ။ မုန့်ဖိုးရတာကိုး။ မယူဘဲနေမလား။ ဒီတော့ သူတစ်ယောက်တည်း ကွက်ငြင်းပြန်ရင်လည်း ရုပ်ပျက်ဆင်းပျက် ဖြစ်ဦးမည်။ ယူလည်း လုံးဝမယူချင်။ သူ့စိတ်ထဲမှာ ကေရီစိန်ပွင့်နဲ့ ပတ်သက်ရတာ အဆင်ကိုမပြေပါ။ တတ်နိုင်သမျှ လွတ်လွတ်ကင်းကင်း နေချင်၏။

အိမ်ကိုလည်း လူကြုံထည့်မပေးချင်။ နွယ့်ဆီကိုလည်း ထည့်မပေးချင်ပါ။

ထို့ကြောင့် ...

"ကျွန်တော် အိမ်ကို အကြုံထည့်ပေးစရာမရှိလို့ မယူတော့ပါဘူး"ဟု ငြင်းလိုက်သည်။ ကျန်တဲ့သူတွေက သူ့ကို အံ့ဩနေကြသည်။

"ဘုန်းထွဋ် ဘာလို့မယူတာလဲ။ အားနာလို့လား။ နည်းလို့လား"





ကေရီစိန်ပွင့်က ခပ်တည်တည် ပြန်မေးသည်။

"Boss က ကိုယ့်ဝန်ထမ်းကို မုန့်ဖိုးပေးတာကို ငြင်းတဲ့သူဆိုလို့ ရှင်တစ်ယောက်ပဲ ရှိမယ်ထင်တယ်"

ကျန်တဲ့သူတွေက သူနဲ့ ကေရီစိန်ပွင့်ကို ဘာဆက်ဖြစ်ကြမလဲဟု စိုးရိမ်ပုံဖြင့် ကြည့်နေကြသည်။

"မုန့်ဖိုးက အကန့်အသတ်နဲ့ ဖြစ်နေလို့ပါ။ ဒီပိုက်ဆံကို ကျွန်တော် လွတ်လပ်စွာ သုံးစွဲခွင့်ရှိရင် ယူပါတယ်။ ခုက အိမ်ကို လူကြုံဝယ်ပေးဖို့ ပေးတာဆိုတော့ ကျွန်တော်က အိမ်ကို လူကြုံပေးစရာမရှိဘူးလေ။ အဲဒါကြောင့် မယူတာပါ"

"မင်းမိဘတွေအတွက် မဝယ်ပေးချင်ဘူးလား"

"ကျွန်တော်ပြန်မှ ဝယ်သွားလို့ ရပါတယ်၊ တကူးတက လူကြုံနဲ့ ထည့်ပေးဖို့တော့ မလိုပါဘူး။ အားနာလို့ပါ။ ကျွန်တော်တို့ထည့်ပေးတာတွေကို သယ်လည်းသယ်ပေးရဦးမယ်။ ပို့လည်း ပို့ပေးရဦးမယ်ဆိုတော့ အားနာလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ သယ်ရတာမှ မဟုတ်ဘဲ။ လေယာဉ်သယ်မှာလေ"

"ထားလိုက်ပါ မမကေရီ။ ကျွန်တော့်အတွက် အလုပ်ရှုပ်မခံပါနဲ့"

ကေရီက သူ့အိမ်နဲ့ ပတ်သက်ချင်လို့ လမ်းထွင်တာပါ။ ဒါပေမဲ့ သူကလည်း လိမ္မာပါးနပ်စွာ ရှောင်ထွက်နေသည်။ ကေရီ မခံချိမခံသာ ဖြစ်နေသည်။

တကယ်ဆို သူမအောက်က ဒီလောက်မြှောင်းဖော်ပေးထားအော။ ရေတွေ တရဟောစီးဆင်းလာဖို့ မကောင်းဘူးလားကွယ်။ ခုတော့ ရှောင်လင်သိုင်း လာကျင့်နေသည်။

ကျနိတဲ့လူတွေကတော့ ယူသည်။ ယူပြီး ဝယ်ခြမ်းရေးလုပ်ကာ အိမ်တွေကို ထည့်ပေးကြသည်။

ကေရီ ဒေါသထွက်နေသည်။ မချိုကတော့ သက်ပြင်းပဲ ချနေမိသည်။ ကေရီ မှားနေသည်။ ထိုအမှားကို ဘယ်လိုပြင်ဆင်ပေးရမလဲ။ မချိုလည်း စောင့်ကြည့်ရုံမှတစ်ပါး။

✧ ❤ ✧





ကေရီသည် နွယ်နွယ်ထွန်း ပုံစံကို သွားအကဲခတ်ကြည့်ပြီးပြီ။ မလွယ်ပါ။ နွယ်နွယ်ထွန်း အနေအထားက ဘုန်းထွဋ်ခေါင်မြတ်နဲ့ တစ်ချိုးတည်းပါ။

ငွေတွေပုံပေးလည်း နောက်ဆုတ်မည့်ပုံ မပေါ်ပါ။ ကပ်လို့ရမှာမဟုတ်။ စည်းရုံးလို့ရမှာမဟုတ်။

မချိုကတော့ ကေရီ အမှားတွေ ဆက်တိုက်ကျူးလွန်မိမှာ စိုးရိမ်နေသည်။ ကေရီ့စိတ်ကို သူမ အသိဆုံး။ သူမက ဘုန်းထွဋ်ခေါင်မြတ်ကို ချစ်တာထက် ရယူပိုင်ဆိုင်ချင်တာက ပိုနေသည်၊ မရနိုင်လေ ပိုလိုချင်လေ ဖြစ်နေတာပါ။ အမြဲလိုတရခဲ့တဲ့ မဟာသူဌေးသမီးတစ်ယောက်က စိတ်တိုင်းကျ အိမ်


www.burmeseclassic.com

www.burmeseclassic.com



ထောင်ဖက်ကို တွေ့ပါရက်နဲ့ မရနိုင်လို့ ဆွေ့ဆွေ့ခုန်နေတာပါ။ ကြာလာတော့ အချစ်တွေပျောက်ပြီး လောဘဒေါသတွေ မင်းမူ ကြီးစိုးလာတာပါ။"

ထို့ကြောင့်ပါ အမှားတွေ ကျူးလွန်မိတော့မည်။ နွယ်နွယ်ထွန်းကို ပုဂ်ထိလာပြီး အကဲခတ်နေတာလည်း မဟုတ် သေး။ နွယ်နွယ်ထွန်း ပုံစံက ငွေနဲ့ပေါက်လို့ရမည့်ပုံ မပေါ်။ နွယ်နွယ်ထွန်းနဲ့ ဘုန်းထွဋ်ခေါင်မြတ်တို့ စရိုက်ချင်း၊ ပုံစံချင်း တူကြပါသည်။

ကေရီစိန်ပွင့်က ငွေရှိသူပီပီ ပိုက်ဆံမရှိတဲ့သူတွေ အပေါ် အထင်သေးသည်။ သူမမှာရှိသောပိုက်ဆံကို လက်နက် သဖွယ် အမြဲအသုံးချချင်နေသည်။ လောကမှာ ပိုက်ဆံဖြင့်အရာရာ ကို ဖန်တီးလို့ရသည်ဟု ထင်နေပုံရသည်။

"မချိုရေ ... နွယ်နွယ်ထွန်းက တော်ရုံအကြောင်တော့ မဟုတ်ဘူး"





"မမကေရီ ... မချို မမကေရီကို ချစ်တာမှ ညီအစ်မအရင်း လိုချစ်လို့ အကြံပေးမှာနော်၊ မမကေရီ နွယ်နွယ်ထွန်းကို ပိုက်ဆံပေးပြီး နောက်ဆုတ်ခိုင်းဖို့ စဉ်းစားထားရင် လက် လျှော့လိုက်ပါ မမရယ်။ ရမှာမဟုတ်ဘူး"

"မချိုကလည်း နည်းနည်းနဲ့မရရင်သာ ရှိရမယ်၊ များများ ပေးရင်တော့ ရမှာပါ၊ ထွန်းနှင်းဆီလို မိန်းမမျိုးတောင် ရသေးတာပဲ"

"မမ လူချင်းတူပေမယ့် မှုချင်းတော့ မတူဘူးနော်။ ထွန်း နှင်းဆီကလေ အဲဒီလို အခွင့်အရေးကို စောင့်နေတဲ့မိန်းမ။ နွယ်နွယ်ထွန်းပုံစံက မမ ဘယ်လောက် ပုံပေးပေး ဘုန်း ထွဋ်ခေါင်မြတ်ကို လက်လျှော့မှာ မဟုတ်ဘူး။ မမအရှက် ကွဲမှာစိုးလို့ မချိုက ပြောတာပါ မမရယ်။ မလုပ်လိုက် ပါနဲ့နော်"

ကေရီလည်း ထက်မြက်ပါးနပ်သူတစ်ယောက်မို့ သိတော့ သိနေပါသည်။ ဒါပေမဲ့ လူဆိုတာကတော့ ဇွဲစိတ်ကလေး



www.burmeseclassic.com

www.burmeseclassic.com



ရှိနေ၏။ လိုရာကို မရ,ရအောင် ဆွဲယူချင်နေတာကိုး။ ဆန့်ကျင်ဘက်အားနှစ်ခု အပြိုင်လွန်ဆွဲနေသဖြင့် ပင်ပန်းလှပါသည်။ ထိုအရာကို ဇောဟု ခေါ်မလားမသိ။

မချို ဖျောင်းဖျလွန်းသဖြင့် နှယ်နှယ်ထွန်း ကိစ္စ အရှိန်သတ်နေသည်။ ပုဂံက ဝန်ထမ်းတွေကလည်း ကေရီ ပုဂံကို ဘာလာလုပ်နေမှန်းမသိ။ အလုပ်ကိစ္စမဟုတ်ဘဲ ရောက်နေတာဆိုတော့လေ။ ဒါပေမဲ့ မချိုက ကာဘာလုပ်ထားပေးသည်။ ကေရီ လာနားတာဟု။ နားတယ်ဆိုရင် ပင်လယ်ကမ်းခြေတွေတိုင်းမှာ ဟိုတယ်တွေရှိပြီး ထိုဟိုတယ်တွေမှာပဲ နားလေ့ရှိတဲ့ သူဌေးမအကြောင်းကို သိထားကြတာမို့ ထူးထူးခြားခြား ပုဂံမှာ လာနားတာကို တစ်မျိုးဖြစ်နေကြ၏။

ဒါပေမဲ့ အဖြစ်မှန်ကိုတော့ ဘယ်သူမှ မရိပ်မိပါ။ ဘုန်းထွဋ်ကို လိုချင်လို့ နှယ်နှယ်ထွန်းကို ငွေနဲ့ဖိအားပေးဖို့ လာခဲ့ မှန်းသာ သိကြရင် ...။

✧ ❤ ✧





ကေရီသည် မချိုကို ဘုန်းထွဋ်ခေါင်မြတ်ရဲ့မိဘတွေအကြောင်း စုံစမ်းခိုင်းပြန်သည်။ မချိုတောင် ကေရီ့ကို သဘောမကျချင်တော့။

မိန်းကလေးတန်မဲ့ ခုလိုလုပ်နေတာ မသင့်တော်။ သားလှုအနေနဲ့ မြင်ရတွေ့ရတာလည်း အဆင်မပြေ။

ဘုန်းထွဋ်ခေါင်မြတ် ဆိုတာ ကေရီနဲ့ယှဉ်ရင် ဘာမှမဟုတ်တဲ့ ပန်းပုဆရာတစ်ယောက်။ ကေရီ့အနေအထားနဲ့ ဘုန်းထွဋ်ခေါင်မြတ်ထက် အဆတစ်ရာသာနေတဲ့ ယောကျ်ားတွေထဲက စိတ်ကြိုက်အိမ်ထောင်ဖက်ရှာလို့ ရပါရက်။

ချစ်တယ်ပဲ ထားပါဦး။ အချစ်တက် ဂုဏ်သိက္ခာကို ငဲ့ဖို့ ကောင်းတာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးတန်မဲ့ ခုလောက်ကြီး ကြွေနွေပျက်ဖို့ မကောင်းဘူး။

ခုလိုနည်းလမ်းတွေသုံးပြီး ဘုန်းထွဋ်ခေါင်မြတ်ကို အရယူလို့ရော စိတ်ချမ်းသာရမှာမို့လို့လား။ ဘုန်းထွဋ်ခေါင်မြတ်ကမှ ဇေကရီကို မချစ်တာ။ ရန်သူမျိုးငါးပါးထဲမှာ မချစ်မနှစ်သက်သူရဲ့ဘေးဆိုးဆိုတာ ပါတယ်။ ဇေကရီစိန်ပွင့် တစ်ယောက် အဲဒါကို မေ့နေတယ် ထင်ပါရဲ့။ မချစ်မနှစ်သက်သူ။ ကိုယ့်ဘက်ကချစ်ပေမယ့် သူက မချစ်မနှစ်သက် ဖြစ်နေမှတော့ ဒီအိမ်ထောင်ရေးက ဘယ်လိုလုပ်ပြီး သာယာမှာလဲ။

ပိုဆိုးတာက ကိုယ်ရယူ ပိုင်ဆိုင်ချင်သော ယောကျ်ားဟာ တခြားမိန်းမတစ်ယောက်ကို မက်မက်မောမောကြီး ချစ်ခင်တွယ်တာ နေသေးသည်လေ။

ဒါပေမဲ့ မချိုက တားလို့မှမရတာ။ မချိုတို့က သူ့ဆန်စားပြီး ရဲရတဲ့ဘဝ။ အငြိုငြင်လည်း မခံနိုင်ဘူး။





ဇေကရီ့မိခင်ကို အသိပေးရင် ကောင်းမလား စဉ်းစားမိပေမယ့် မိမိထမင်းအိုးကို ထိခိုက်မှာစိုးလို့ မပြောဖြစ်ခဲ့။

ဇေကရီ စုံစမ်းခိုင်းတဲ့အတိုင်း ဘုန်းထွဋ် မိဘတွေအကြောင်း စုံစမ်းပေးလိုက်သည်။

ဇေကရီ သိချင်တယ်ဆိုလို့ စုံစမ်းပေးရပေမယ့် နောက်ဆက်တွဲတွေ မကောင်းမှာကိုတော့ ကြိုမြင်ယောင်နေမိသည်။

ဘုန်းထွဋ်မိဘနှစ်ပါးနဲ့ အစ်မတစ်ယောက်ရှိပြီး အစ်မက ဆရာဝန်မ။

အစ်မယောကျ်ားကလည်း ဆရာဝန်။ သူတို့က သားသမီး မရကြသေး။ အားလုံး အတူနေကြသည်။

မချို စုံစမ်းပေးသော အချက်အလက်တွေကိုကြည့်တော့ ဇေကရီ စဉ်းစားခန်း ဝင်နေသည်။

"မချို ဇေကရီ ဘယ်လိုလုပ်ရားရင် ကောင်းမလဲ အကြံပေးပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း ... မမကေရီ၊ မချိုကတော့ ဘာမှမလုပ်စေချင်ဘူး။ ဘုန်းထွဋ်ခေါင်မြတ် ဆိုတာ ဘာကောင်မှ မဟုတ်ဘူး။ မမကေရီနဲ့လည်း မလိုက်ဖက်ဘူး။ သူ့ထက်သာတဲ့ သူတစ်ယောက်ကိုပဲ ရွေးချယ်လိုက်ပါ"

"ကေရီက သူ့ကိုမှ ချစ်မိသွားတာ။ သူ့ကိုပဲ လိုချင်တယ်"

"ဒါပေမဲ့ သူကမှ မမကေရီဘက် မပါတာ"

"ကဲပါ မချိုရယ်၊ ကေရီ အဲဒါတွေ မကြားချင်ဘူး။ ကေရီအတွက် သူနဲ့ နီးစပ်ဖို့ အကြံပဲပေးစေချင်တယ်။ ကေရီ တစ်ခုစဉ်းစားမိတယ်၊ နွယ်နွယ်ထွန်းကို ဓာတ်ပုံရိုက်ပြီး ကွန်ပျူတာနဲ့ပြင်။ သူ့အိမ်ကို ပို့လိုက်ရင်ရော"

"မမကေရီ"

"ကေရီကတော့ သူ့ကိုရဖို့ဆို ဘယ်နည်းလမ်းမဆို သုံးမှာပဲ မချို။ ကေရီ့ကို မတားနဲ့"





"မမကေရီ ပြောတဲ့နည်းလမ်းက ထိရောက်မှာ မဟုတ်ဘူး၊ ဘုန်းထွဋ် အစ်မက ဆရာဝန်မ ခေတ်ပညာတတ်တွေ။ ဒီပုံကို ကွန်ပျူတာနဲ့ ပြင်ထားမှန်း သိကြမှာပဲ။ ယုံမှာမဟုတ်ဘူး"

"ဒါဆို ကေရီ ဘာလုပ်ရမလဲ။ သူ့အစ်မကနေတစ်ဆင့် သူ့အိမ်ကို ဝင်လုံးရမလား"

"ဘလိုင်းကြီး ဝင်ရမှာလေ မမကေရီ။ ဖြစ်ပါ့မလား"

ကေရီက ငိုပါပြီ။ ကေရီတစ်ယောက် ကြေကြေကွဲကွဲကို ငိုနေသည်။

"ကေရီ သူ့ကို တကယ်ချစ်တာ မချိုရဲ့။ ကေရီ သူ့ကို တကယ်ကြီးကို ချစ်တာ။ ကေရီ သူနဲ့လက်ထပ်ချင်တာ"

"မမကေရီရယ်"

"ကေရီမှာရှိတဲ့ ပိုက်ဆံတွေက ဘာမှသုံးလို့မရတော့ဘူးလား။ သူနဲ့ နွယ်နွယ်ထွန်း ငွေမမက်ဘူးထား။ သူ့မိသားစု



www.burmeseclassic.com

www.burmeseclassic.com



ကိုတော့ ငွေနဲ့ပေါက်လို့ ရလောက်ပါတယ်။ ကေရီလုံးဝ လက်မလျှော့ဘူး။ နောက်ဆုံး သူ့ကို ကေရီပဲ ရစေရမယ်"

"မမကေရီရယ် စိတ်လိုက်မာန်ပါ မလုပ်ပါနဲ့"

"မတားနဲ့ မချို၊ ကူညီဖို့ပဲ စဉ်းစား၊ အဲဒါ ကေရီအမိန့်ပဲ"

မချို ရင်ထဲ လေးလံသွားကာ အသက်ကို ခဲခဲယဉ်း ယဉ်း ရှူလိုက်ရသည်။

✧ ❤ ✧





"ဂျိမ်း"

"ဟာ ... တိုက်ပြီလော့။ သွားပြီ ... သွားပြီ၊ အလွတ်ကြီး ဝင်တိုက်တာဟာ"

"အေးလေ၊ ဟိုကားက သူ့ဘာသာထွက်ဖို့ လုပ်တာကို မာစီဒီးစ်က ဘလိုင်းကြီး ကစ်တာ"

"ပိုက်ဆံရှိလို့ ကားတက်မောင်းပြီး မမောင်းတတ်မောင်း တတ်နဲ့ တူပါတယ်ကွာ"

"ကြည့်ပြောကြဟေ့၊ တော်ကြာ အဘသားသမီးတွေဖြစ် နေလို့ ဆွဲစိခံနေရဦးမယ်"

"ဒီခေတ်မှာ ကြောက်စရာ မလိုတော့ပါဘူးကွာ"

"အမယ်လေး ... ဘယ်ခေတ်ဖြစ်ဖြစ် သူတို့က ဒီမိုကရေစီ ရတာ မဟုတ်ဘူးဟဲ့၊ ကြည့်ပြော ... ဟင်း"



www.burmeseclassic.com

www.burmeseclassic.com



ဒါက ဘေးစကားသံတွေပါ။ ဒေါက်တာဖြူစင် ခေါင်မြတ်ကတော့ ဒေါသထွက်လွန်းလို့ တဆတ်ဆတ်တောင် တုန်သည်။ ဒီကားလေးကို ရှိစုမဲ့စုနဲ့ ခြစ်ချုပ်ဝယ်ထားရတာ။ မနေ့ကမှ နံပါတ်ရတာ။ ဒီနေ့မှ စမောင်းတဲ့ အသစ်စက်စက် ကားလေးကို ဘေးကနေ အသားလွတ် ဝင်ကြုံးသွားတာပါ။ အရှိန်နဲ့ ဒေါက်တာဖြူစင့်လက်တစ်ဖက်လည်း တော်တော်နာသွား၏။ ဒါတောင် ခါးပတ်,ပတ်ထားလို့။ မဟုတ်ရင် ဒီ့ထက်ပိုပြီး ထိခိုက်ဖို့ပဲရှိသည်။ ရပ်ထားတဲ့ကားကို ပါခ်ထိုးတဲ့ကားက ဝင်တိုက်မိတာ ဒီလောက်တောင် အရှိန်ပြင်းရသလား။ ဒေါက်တာဖြူစင် အရမ်းစိတ်ဆိုးသည်။ ဒေါသတွေနဲ့ ကားထဲကအထွက် ကားတံခါးကို လာဆွဲဖွင့်တာ ခံလိုက်ရသည်။

“ဆောရီးပါပဲ အစ်မရယ်၊ အစ်မ ဘယ်ထိသွားသေးလဲ ဟင်။ ကေရီ ဆေးရုံပို့ပေးမယ်နော်။ အစ်မရယ် ... ကေရီ လေ ကိစ္စတစ်ခုနဲ့ အာရုံများပြီး ဖြစ်သွားတာ အစ်မရယ် တောင်းပန်ပါတယ်၊ ကားအတွက်လည်း မပူနဲ့နော် အစ်မ ကေရီ အသစ်တစ်စီး ပြန်ဝယ်ပေးပါ့မယ်”





ဒေါက်တာဖြူစင် ပါးစပ်ပိတ်သွားသည် မိမိကားကို ဝင်တိုက်သူ မိန်းမငယ်။ တစ်ကိုယ်လုံး စိန်တွေညွတ်နေအောင် ဝတ်ထားသည်။ ပွဲတက်ဝတ်စုံနဲ့မို့ ဘယ်လောက်ချမ်းသာသလဲ ဆိုတာ ခန့်မှန်းလို့ရသည်။

သူမကားကြီးလည်း တော်တော်ထိသွား၏။ မိမိကား က ဘာမှတန်ဖိုးမရှိ။ သူမကားကြီး ထိသွားတာက ပိုဆိုးသည်။

အခြေအနေကို လျှပ်တစ်ပြက် အကဲခတ်လိုက်ပြီး တကယ်မတော်တဆ ဖြစ်တာပဲဟု ဒေါက်တာဖြူစင် ယုံကြည်သွားသည်။

“အစ်မ ... အစ်မကို ဆေးရုံပို့ပေးမယ်နော်၊ ဝိတိုရီယသွား လိုက်မယ်နော် အစ်မ”

“နေပါစေ ရတယ်၊ တို့ သိပ်မထိပါဘူး”

“မဟုတ်တာ အစ်မရယ်။ အက်ဆီးဒန့်ဆိုတော့ ဆေးတော့ စစ်ကြည့်သင့်တာပေါ့။ လိုလိုမယ်မယ် သွားစစ်လိုက်ပါ အစ်မရယ်။ ကေရီကြောင့်ဖြစ်တာဆိုတော့ ကေရီလုပ်ပေး ချင်လို့ပါ”



www.burmeseclassic.com

www.burmeseclassic.com



"ရတယ် ... ရတယ်၊ တို့လည်း ဆရာဝန်တစ်ယောက်ပါ။ လက်နည်းနည်းနာတာလောက်ပဲ။ ဘာမှမဖြစ်ဘူး ရတယ်"

"လက်နာတယ်။ ဓာတ်မှန်ရိုက်ကြည့်ပါလား အစ်မ"

"ရတယ်၊ အဲလောက် မဟုတ်ဘူး"

"ဟုတ်ကဲ့ ... အစ်မက ဆရာဝန်ဆိုတော့ ကေရီ့ထက်ပိုသိမှာပေါ့။ အစ်မ ဒါဆို အစ်မကားကို ဒီမှာထားခဲ့တော့။ မောင်းလို့လည်း မရလောက်တော့ဘူး။ အစ်မ ကေရီနဲ့ လိုက်ခဲ့နော်။ အစ်မကို ကေရီ ကားအစားပြန်ထိုးပေးမယ်"

"တို့လည်း ဘာပြောရမှန်းတောင် မသိတော့ဘူး"

"လာပါ အစ်မရယ်၊ ကေရီ့မှာ တာဝန်ရှိလို့ပါ။ ဩော် ... အစ်မအားရဲ့လား မသိဘူး။ ကေရီ့ကြောင့် အလုပ်တွေ ပျက်သွားရင်တော့ ဆောရီးပါ အစ်မရယ် ... နော်"

ဒေါက်တာဖြူစင် ဘာမှမပြောနေတော့။ သူမခေါ်သွားတဲ့ ကားအရောင်းပြခန်းကို လိုက်သွားပြီး သူမခင်ပွန်းဖြစ်သူကိုပါ လှမ်းခေါ်လိုက်သည်။





ပြီးတော့ ကေရီက သူမတို့ကားနဲ့ အရောင်တူ အမျိုးအစားတူကို သူမတို့ကားထက် မော်ဒယ်လ်ပိုမြင့်တာနဲ့ လဲပေးလိုက်သည်။ ယူရမှာတွန့်ကာ ငြင်းပေမယ့် ကေရီက အတင်းပေးသဖြင့် ယူလာလိုက်ရသည်။

"အစ်မ ကျန်းမာရေး တစ်ခုခုဖြစ်ရင်လည်း ပြောပါနော်။ ဒီမှာ ကေရီ့ကတ်"

များစွာသော စီးပွားရေးလုပ်ငန်းတွေရဲ့ပိုင်ရှင် ကေရီ စိန်ပွင့်။

"ဩော် ... ညီမနာမည်ကို သိတာ ကြာပြီ။ ခုမှ လူကို မြင်ဖူးတာ"

"ဟုတ်လား အစ်မ"

"အစ်မမောင်လေးက ညီမလေးတို့ ကုမ္ပဏီမှာ အလုပ်လုပ်တယ်လေ"

"ဩော် ... ဟုတ်ကဲ့၊ အလုပ်တွေကများတော့ ဝန်ထမ်းတွေကတော့ အများကြီးပဲ အစ်မရယ်။ ဘယ်သူများလဲ အစ်မ"



www.burmeseclassic.com

www.burmeseclassic.com



"ဘုန်းထွဋ်ခေါင်မြတ်လေ ညီမ၊ အခု စင်ကာပူမှာ သင်တန်းသွားတက်နေတယ်"

"အော် ... ဟုတ်၊ သိတယ် ... သိတာပေါ့။ ကေရီ သူ့လုပ်ရည်ကိုင်ရည်ကို သဘောကျလို့ စင်ကာပူခရီးထည့်ပေးလိုက်တာ။ တော်တယ် ... တော်တယ်၊ အလုပ်ကြိုးစားတယ်။ အခွင့်အရေးလည်း မယူဘူး။ ဝန်ထမ်းကောင်းတစ်ယောက်ပါပဲ။ ကိုယ့်ဝန်ထမ်းရဲ့အစ်မဆိုတော့ ပိုတောင်အားနာသွားပြီ အစ်မရယ်"

"ရပါတယ်၊ အစ်မတို့လည်း ဂျူတီဝင်စရာတွေ ရှိသေးလို့ ခွင့်ပြုဦးနော်"

"ဟုတ်ကဲ့ အစ်မ၊ ကားတစ်ခုခု အဆင်မပြေရင်လည်း ပြောနော် အစ်မ"

"အေးပါကွယ်၊ ကျေးဇူးပဲနော် ညီမ"

ကားပေါ်တက်ကာ ကြော့ကြော့လေး မောင်းထွက်သွားသော လင်မယားနှစ်ယောက်ကိုကြည့်ကာ ကေရီ ပခုံးတွန့်လိုက်သည်။ ပထမဆုံး ပစ်လိုက်တဲ့ မြားကတော့ ထိသွားပြီ။





"ဒေါက်တာဖြူစင်ခေါင်မြတ်"တဲ့။

ပေးသွားတဲ့ ကတ်ကလေးနဲ့ ယပ်ခတ်လိုက်၏။

✧ ❤ ✧



www.burmeseclassic.com

www.burmeseclassic.com



ကားကို ဒေါက်တာဖြူစင့်နာမည်နဲ့ အမည်ပေါက် ပြောင်းပေးလိုက်သည်။ ဒေါက်တာဖြူစင့်လက်ကို သတင်းလာ မေးရင်း လာကြည့်သလိုလိုနဲ့ သစ်သီးခြင်းတွေ၊ စားစရာသောက် စရာတွေလည်း ခြင်းကြီးခြင်းငယ်နဲ့ ပို့ပေးသေး၏။

ဒေါက်တာဖြူစင်နဲ့ တစ်မိသားစုလုံး အားနာရတဲ့ အထိပင်။

ဒေါက်တာဖြူစင်ကိုသာမက သူမရဲ့မိဘတွေအပေါ် ပါ တရင်းတနှီး ခင်ခင်မင်မင်နဲ့ ခေါ်ပြောဆက်ဆံသလို ဘုန်းထွဋ် ရဲ့မိသားစုတွေကလည်း ဇေကရီ့ကို ဘုန်းထွဋ်ရဲ့အလုပ်ရှင်အဖြစ် တရင်းတနှီးနဲ့ လေးလေးစားစား ဆက်ဆံကြတာမို့ အိုခေနေကြ သည်။





မအိုခေတာက ဘုန်းထွဋ်။

ထိုသတင်း ဘုန်းထွဋ်ဆီကို ရောက်သွားတော့ ဘုန်းထွဋ် ခေါင်းနားပန်းကြီးသွားပြီ။ မကြီးလို့ မရဘူးလေ။ သင်တန်းက သုံးလတောင် တက်ရမှာ။ ခုမှ ရက်နှစ်ဆယ်ပဲ ရှိသေးတာ။ ကျန်တဲ့အချိန် နှစ်လနဲ့ ဆယ်ရက်အတွင်းမှာ ဇေကရီ ဘာတွေလုပ်ဦးမလဲဆိုတာ ဘယ်သူမှ မသိနိုင်ဘူး။

ဘုန်းထွဋ် သင်တန်းဆက်မတက်တော့ဘဲ မြန်မာ ပြည်ကို ပြန်လာလိုက်သည်။ မြန်မာပြည်ပြန်ရောက်တာနဲ့ မိဘ တွေကိုတောင် အသိမပေးဘဲ ပုဂံကိုတန်းသွားကာ နွယ့်ကိုခေါ် ပြီး ညောင်ဦးတရားရုံးမှာ လက်မှတ်ထိုး လက်ထပ်ပစ်သည်။

"ကိုဘုန်း ... ဘာဖြစ်လာတာလဲ"

နွယ့်ကို ရှင်းပြတော့ ...

"တိုက်ဆိုင်ကာ နေမှာပါ ကိုဘုန်းရယ်"

"ကိုယ် မထင်ဘူး။ စင်ကာပူမှာလည်း ကိုယ်နဲ့စကားတွေ လာပြောတယ်။ ကိုယ် သူ့ကို သံသယမဝင်ဘဲကို မနေ နိုင်ဘူး။ ပြီးတော့ စိတ်တွေလည်း ထင့်နေတယ်။ ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



စိုးရိမ်နေတယ်။ မယုံဘူး။ အခု နွယ်နဲ့ လက်မှတ်ထိုးပြီးမှပဲ စိတ်ထဲပေါ့သွားတယ်။ ရန်ကုန်ပြန်ပြီး မမတို့ကို အကျိုးအဲကြောင်း ပြောပြမယ်။ ပြီးတော့ ကိုယ်တို့မင်္ဂလာ ညှိခံပွဲကို အမြန်ဆုံး စီစဉ်လိုက်တော့မယ်။ နော် ... နွယ်လေး"

"ကိုဘုန်း သဘောပါကွယ်"

"ကျေးဇူးတင်ပါတယ်ကွာ"

လက်ထပ်စာချုပ်တွေကို နွယ့်ဆီမှာ ထားခဲ့ပြီး ဘုန်းထွဋ် ရန်ကုန်ပြန်သွား၏။ ရန်ကုန်ရောက်တော့ မိဘတွေကို အကျိုးအကြောင်း သေချာရှင်းပြသည်။

"မဟုတ်တာပါယ်၊ နင် သံသယဝင်တာ နေမှာပါ အငယ် ကောင်ရယ်။ သူ ငါ့ကားကို တမင်တိုက်တာ မဟုတ်ပါဘူးဟယ်။ နင်တော့ ဒုက္ခပဲ။ ဟိုက မဟာသူဌေးမကြီး ငါ့မောင်။ ငါတို့ နင်တို့ အဆင့်အတန်းလောက်ကို အိပ်မက် မက်မိရင်တောင် ခေါင်းလျှော်ချပစ်မယ့် အမြင့်ဆုံးက လူတွေပါဟယ်။ နင်ထင်တာ နေမှာပါ။ ဟိုက နင့်ကို





ချီးကျူးတာပဲရှိတာ။ အလုပ်လုပ်တာ တော်တယ်တဲ့၊ ဒီလောက်ပဲ"

"ဘာပဲဖြစ်ဖြစ်ဗျာ။ ကျွန်တော် သူနဲ့ ပတ်သက်ရတာ စိတ်လေးနေတယ်။ မမတို့လည်း မပတ်သက်နဲ့တော့၊ ကျွန်တော်နဲ့ နွယ် လက်မှတ်ထိုးပြီးပြီဆိုတော့ ကျွန်တော်တို့မင်္ဂလာပွဲကိုပဲ အမြန်စီစဉ်ပေးတော့"

"အေးပါဟယ်၊ အေးပါ ... အေးပါ၊ နင်လည်း ထထဖောက်တယ် သိလား"

"ကဲပါအေ။ ငါ့သား စိတ်ချမ်းသာအောင်ပဲ လုပ်ပေးလိုက်ကြပါ။ မင်္ဂလာပွဲအတွက် စီစဉ်ကြစို့။ သားတို့လည်း လက်မှတ်ထိုးပြီးပြီဆိုတော့ ငါ့သားလည်း စိတ်အေးတော့ ဟုတ်လား"

"သား အခုမှ တကယ် ရင်ထဲပေါ့သွားတာ မေမေ"

"အေးပါ ... အေးပါ၊ သား စိတ်ချမ်းသာဖို့ပဲလိုတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မမကေရီ ... ဘုန်းထွင့်ခေါင်မြတ် သင်တန်းမတက်တော့ဘဲ ပြန်သွားပြီတဲ့"

"ဘာ"

"ဟုတ်တယ် မမကေရီ"

"သေချာလား မချို"

မေးသာ မေးလိုက်ရသည်။ မချို တိကျတာကို သိပြီးသားပါ။

"သေချာတယ် မမကေရီ။ စင်ကာပူက ဖုန်းဆက်တာ။ မနေ့ကတည်းက ပြန်သွားတာတဲ့။ သူတို့က နောက်နေတယ်ထင်လို့ လှမ်းမပြောတာတဲ့"

ပြောနေရင်း မချို ဖုန်းမြည်လာသည်။





"မမကေရီ ရုံးချုပ်မှာ ဘုန်းထွင့်ခေါင်မြတ် နုတ်ထွက်စာလာတင်တယ်တဲ့။ ပုဂံမှာလည်း နွယ်နွယ်ထွန်းက နုတ်ထွက်စာတင်တယ်တဲ့"

"သင်းတို့ ဘာလုပ်ကြတာလဲ"

"သူတို့ ရိုပ်မိသွားတယ် ထင်တယ်"

"ရိုပ်မိရအောင် ကေရီက ဘာများလုပ်ရသေးလို့လဲ"

ကေရီ ဒေါသတွေ ထွက်နေသည်။ သူနဲ့ပတ်သက်ရင် ဘာလို့ တလွဲတွေချည်း ဖြစ်နေပါလိမ့်။ ကံတရားက ကေရီကို ကြိုးစားခွင့်လေးတောင် မပေးတော့ဘူးလား။

"ကေရီ ဘာလုပ်မယ်ဆိုတာကို မချို တစ်ယောက်ပဲ သိတယ်နော်"

"မချို မပြောပါဘူး။ မမကေရီရယ်။ မချိုက မမကေရီ့လူပါ။ သူတို့ဘက်ကို မပါပါမလား။ သူတို့ တစ်နည်းနည်းနဲ့ ရိပ်မိသွားတာနေမှာပါ"

"ဘုန်းထွင့်ခေါင်မြတ်ကို ဖုန်းဆက်လိုက်။ ကေရီ့ကိုလာတွေ့ပါလို့။ အခုချက်ချင်း ဆက်လိုက်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ မမကေရီ"

မချို့က ဘုန်းထွဋ်ခေါင်မြတ်ကို ဖုန်းဆက်တော့ ကေရီက Speaker ဖွင့်ခိုင်းသည်။

"ကျွန်တော် လာလည်း မလာချင်ဘူး။ တွေ့လည်းမတွေ့ချင်ဘူး။ မချို့ … ကျွန်တော် အခု အလုပ်ထွက်လာတာလည်း သူ့ကိုကြောက်လို့ပါ"

"သူက ရှင့်ကို ဘာလုပ်နေလို့လဲ ကိုဘုန်းထွဋ်ရယ်"

"သူ ကျွန်တော့်နားကို နှင်းဆီကို ဘာလို့ပို့တာလဲ"

"ရှင့် အထင်လွဲနေပြီ ထင်တယ်။ နှင်းဆီက ဘာလို့ပါလာရတာလဲ"

"သူ နှင်းဆီကို ပိုက်ဆံပေးပြီး ကျွန်တော့်ကို ကပ်ခိုင်းတာ ကျွန်တော် သိပြီးပြီ။ ကျွန်တော် နားမလည်တာက သူ ဘာဖြစ်လို့ ကျွန်တော့်ကို ဒုက္ခပေးချင်တာလဲ ဆိုတာပဲ။ ကျွန်တော် သူ့သူငယ်ချင်း မခင်သီရိကို ပြန်မကြိုက်လို့လား။ ကျွန်တော့်မှာ ချစ်သူရှိတယ်လေဗျာ။ ကျွန်တော့် ချစ်သူကိုပဲ ကျွန်တော် ချစ်တယ်လေဗျာ"





ကေရီက မချို့လက်ထဲကဖုန်းကို ဆွဲယူလိုက်ပြီး …

"ဘုန်းထွဋ်ခေါင်မြတ် … ကေရီ ဘုန်းထွဋ်ခေါင်မြတ်ကို ချစ်လို့ ခုလိုလုပ်မိတာဆိုရင်ရော"

"ဗျာ"

"ကျွန်မ ရှင့်ကို သိပ်ချစ်လို့ ဆိုရင်ရော"

"အချစ်ဆိုတာကို ကျွန်တော် လေးစားပါတယ် မမကေရီ။ ဒါပေမဲ့ မိန်းကလေးဘက်ကစပြီး ဖွင့်ပြောတာကိုတော့ ကျွန်တော် အထင်မကြီးဘူး။ မမကေရီ ဘယ်လောက်ပဲ ပိုက်ဆံချမ်းသာပါစေ။ မိန်းမတစ်ယောက် စောင့်စည်းသင့်တဲ့စည်းကို ချိုးဖောက်တဲ့အတွက် မက်လောက်စရာမရှိပါဘူး"

ပြောပြီးတာနဲ့ ဖုန်းချသွားသည်။ ကေရီ ပြုံးမိသလား။ ငိုမိသလား။ မသိတော့။

✧ ❤ ✧

www.burmeseclassic.com



"ရှင်က တော်ဝင်ယောက်ျား၊ သစ္စာရှိသောယောက်ျားကြီး ပေါ့ ဘုန်းထွဋ်ခေါင်မြတ်ရဲ့။ ရှေးတုန်းက တော်ဝင်မိန်းမ သားလေးယောက်က သူတို့လင်သားတွေအပေါ် အဆုံးမဲ့ သစ္စာရှိစွာနဲ့ မယားဝတ္တရား ကျေပွန်စွာ ပါရမီဖြည့်ကြလို့ တော်ဝင်မိန်းမ ဖြစ်ကြတာ။ အမယ်လေး … ရှင်ကတော့ တော်ဝင်ယောက်ျားကြီးပါလား ဘုန်းထွဋ်ခေါင်မြတ်ရဲ့"

"ဟဲ့ … ဟဲ့ … အေးစိန်မ၊ ဘာတွေ အော်နေတာလဲ။ နေ့ ခင်းကြီး အိပ်ပျော်ပြီး ယောင်နေတာ။ ဒီနေ့ ဈေးလည်း မထွက်ဘူး။ မနက်ဖြန်တော့ ဈေးထွက်ရမယ်။ တစ်နေ့ လုပ်မှ တစ်နေ့စားရတာကို နားချင်နေသေး။ ညည်း ညနေ ကုန်စိမ်းသွားယူဖို့ပြင်"





"ဟဲ့ … ဘာကြောင်ကြည့်နေတာလဲ။ ငါပြောတာရော ကြားရဲ့လား"

"အေးစိန်မ … ကျွန်မက အေးစိန်မလား"

"ဟဲ့ … ဘုရား … ဘုရား၊ ငါ့သမီး ဘာဖြစ်သွားပါလိမ့်။ အေးစိန်မ … နင် ယောင်နေတုန်းလား"

ကြည့်လိုက်တော့လည်း ဒီပုပုသေးသေး ပိန်ညှက် ညှက် ညိုညစ်ညစ် မိန်းမကြီးက သူ့အမေပါပဲ။ ဒါဆို ဖြူဖြူဝဝ ခန့်ချောလှတဲ့ သူ့မအမေ ဒေါ်ငွေငွေကြွယ်က ဘယ်ရောက်သွား ပြီလဲ။

"ကျွန်မ … ကျွန်မက ကေရီစိန်ပွင့် မဟုတ်ဘူးလား။ ဘုန်းထွဋ်ခေါင်မြတ်ရော"

"ဟဲ့ … ဘာတွေ ပြောနေတာလဲ။ နင် ဝတ္ထုစာအုပ်ဖတ် ရင်း အိပ်ပျော်သွားတာ။ ဟင်း … ဘာတွေစိတ်ကူးယဉ် အိပ်မက်,မက်ပြီး ယောင်နေတာတုန်း ငါ့သမီး"

"ကျွန်မ … ကျွန်မက ဖိနပ်စက်ရုံ ထော်င်မလို့လေ"



www.burmeseclassic.com

www.burmeseclassic.com



“ဟယ် ... ဒီသောက်ကလေးတော့ ဘာဖိနပ်စက်ရုံထောင်မှာလဲ။ ခုတောင် ညဘက် လက်ခစားနဲ့ ကတ္တီပါဖိနပ်တွေ ကော်ကပ်တဲ့အလုပ် လုပ်နေရတာ။ သွား ... သွား၊ မျက်နှာသွားသစ်။ ညနေကျရင် ကုန်စိမ်းသွားယူဦး။ ကားဂိတ်မှာ ကြွက်ကြီးဆိုက်ကားနဲ့ အမေ လာကြိုမယ်။ တစ်ရက်တလေပဲ နားအေး စိန်မရေ၊ ငါတို့မှာ လက်လှုပ်မှ ပါးစပ်လှုပ်လို့ ရတာ”

“ဟင် ... ကြွက်ကြီးဆိုက်ကား၊ ဟုတ်လား အမေ”

“အေးလေ ... ကြွက်ကြီးဆိုက်ကားနဲ့ပဲ သယ်နေကြကို”

ကြွက်ကြီးဆိုသည့် အသံကြားမှ အေးစိန်မ အိပ်မက်က လန့်နိုးသွားသည်။

ကြွက်ကြီး။

ဆိုက်ကားသမား ကြွက်ကြီး။

ဘဲဥသည် ကုလားမကိုရော အသုပ်ရောင်းတဲ့ မုရှိကိုပါ တစ်ပြိုင်နက်တည်းတွဲတဲ့ ကြွက်ကြီး။ အဲဒီ ကြွက်ကြီးကြောင့် အသည်းတွေကွဲပြီး ဈေးရောင်းမထွက်နိုင်တာ၊ ဈေးရောင်းထွက်ရင် ဘဲဥသည်နဲ့ အသုပ်သည်ကို မျက်နှာချင်းဆိုင်ရမှာရှက်လို့ မထွက်တာ။





အခုမှပဲ လက်ရှိပစ္စုပ္ပန်ဘဝကို ကောင်းကောင်းပြန်ရောက်လာသလို ခံစားရသည်။ အိပ်မက်ထဲက ကေရီစိန်ပွင့်လည်း မိမိလို အသည်းကွဲရတာပဲ။

နေပါဦး။ ဘုန်းထွဋ်ခေါင်မြတ်ရဲ့ ပုံစံက ကြွက်ကြီးနဲ့တောင် ဆင်သလိုလို။

“အမယ်လေးတော့ ... သစ္စာရှင် တော်ဝင်ယောကျ်ားဆိုတာ အိပ်မက်ထဲမှာပဲ ရှိတာတော့”

“တယ် ... ဒီကလေးမ ဘာတွေထအော်နေပြန်တာလဲ။ ငါ့နယ်နော်။ သွား ... သွား၊ မျက်နှာသွားသစ်၊ မအိပ်စဖူးအိပ်ပြီး ယောင်လို့မပြီးတော့ဘူး”

✧ ❤ ✧



www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ားတို့ တဆောင်မှာကား ယောကျ်ားကောင်းတော့ မောင်းမတစ်ထောင်တဲ့။

ယောကျ်ားဟူသည် တဘောင်မှာကိုက သစ္စာရှိရိုးထုံးစံမရှိ။

မိန်းမများများ ယူနိုင် ကျွေးနိုင် မွေးနိုင်ရင်ပဲ ယောကျ်ားကောင်းဟု တဘောင်က ဆိုချင်သေး၏။

မိန်းမတွေကျတော့ တော်ဝင်မိန်းမတဲ့။ မိန်းမဟူသည် မိန်းမကောင်းပန်းပန် တစ်ပွင့်တဲ့။ တစ်ပွင့်တည်းပန်မှ မိန်းမကောင်းတဲ့။

ယောကျ်ားတွေအတွက် ဆိုရိုးစကားနဲ့ မိန်းမတွေအတွက် ဆိုရိုးစကားတို့သည် အရှေ့နှင့်အနောက်ပမာ၊ ကောင်းကင်နဲ့ မြေပြင်ပမာ ခြားနားလွန်းလှပါသည်။





ခင်ပွန်းတစ်ယောက်တည်း အပေါ်မှာသစ္စာရှိရှိပြုစုလုပ်ကျွေး မယားဝတ္တရား ကျေပွန်စွာ ပါရမီဖြည့်သော မိန်းမကို တော်ဝင်မိန်းမဟူ၍ ခေါ်ဝေါ်သတ်မှတ်ကြသည်။ သို့သော် ...

ရာဇဝင်မှာကိုက ဘော်ဝင် ယောကျ်ားဟူသည်မရှိ။ မိမိဇနီးမယားမှလွဲရင် အခြားတစ်ပါးသော မိန်းမတို့အား စိတ်နှင့်တောင် မပစ်မှားဘူးသော ယောကျ်ားရယ်လို့ မရှိနိုင်။

ထိုသို့ ကိုယ်စိတ်နှလုံး သုံးပါးလုံးဖြင့် သစ္စာရှိသော ယောကျ်ားမျိုးကို တော်ဝင်ယောကျ်ားဟု သတ်မှတ်ရမည်ဆိုရင်လည်း ...

ထိုသို့သော တော်ဝင်ယောကျ်ားမျိုးကို အိပ်မက်ထဲမှာပဲ တွေ့နိုင်ပါကြောင်း ...။



www.burmeseclassic.com

www.burmeseclassic.com



မွေးမြလန်းဆန်း ဘဝပန်းကို

ထာဝရ ပန်ဆင်နိုင်ကြပါစေ

**ရွှန်းရမီမိုး**

24 th Nov' 13

Sudnay.

ဝေဖန်စာ၊ အကြံပေးစာနှင့် မိတ်ဆက်စာများပေးပို့ပါလျှင်
အမှတ်-၉/၁၁၊ ၈-လွှာ(ဂ)၊ ဧယျာဝတီလမ်း(ဗဟိုလမ်း)၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့သို့
ပေးပို့နိုင်ပါသည်။

www.burmeseclassic.com